# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

**Myanma Alinn Daily**


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသောမင်္ဂလာဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်္ဂ(ဓမ္မပဒ - ၁၇၂)


၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက် | ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၁၅ ရက်၊ စနေနေ့ | အတွဲ (၅၆)၊ အမှတ် (၀၁၅)


# နိုင်ငံတော်အတွင်း လက်ရှိဖြစ်ပေါ်နေသော အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့် အထူးအစည်းအဝေးကျင်းပ





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့အား အထူးအစည်းအဝေးအပြီး တွေ့ရစဉ် (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ပြည်ထောင်စုဝန်ကြီးများ နိုင်ငံတော်အတွင်း လက်ရှိဖြစ်ပေါ်နေသော အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့် အထူးအစည်းအဝေးကျင်းပစဉ် (သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း လက်ရှိဖြစ်ပေါ်နေသော အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့် အထူးအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီခွဲအထိ နိုင်ငံတော်သမ္မတအိမ်တော်ရှိ ဧည့်ခန်းမဆောင်၌ ကျင်းပသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆

# မောင်တောဒေသ အကြမ်းဖက်တိုက်ခိုက်မှုသာမက မည်သို့သော အကြမ်းဖက်တိုက်ခိုက်မှု၊ အကြမ်းဖက်တိုက်ခိုက်ရန် ကြိုးပမ်းမှုမှန်သမျှကို ထိထိရောက်ရောက် တုံ့ပြန်ချေမှုန်းမည်

## မောင်တောမြို့နယ်အတွင်းရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်းများအား အကြမ်းဖက်တိုက်ခိုက်မှုအခြေအနေဆိုင်ရာ သတင်းထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

သတင်းထုတ်ပြန်ချက်အမှတ် (၁/၂၀၁၆)

(၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်)

(၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်)

**မောင်တောမြို့နယ်အတွင်းရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်းများအား အကြမ်းဖက်တိုက်ခိုက်မှုအခြေအနေဆိုင်ရာ သတင်းထုတ်ပြန်ချက်**

၁။ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့ နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်၊ မောင်တော မြို့နယ်အတွင်းရှိ အမှတ် (၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနချုပ်(ကျီးကန်းပြင်)၊ ကိုးတန်ကောက် ရဲကင်းစခန်းနှင့် ငါးခူရနယ်မြေရုံးများသို့ အကြမ်းဖက်သမားများက အလစ်အငိုက်ရယူ၍ အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ပါသည်။ အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် စုစုပေါင်း (၉) ဦး ကျဆုံးခဲ့ပြီး လက်နက်မျိုးစုံ (၄၈) လက်၊ ကျည် မျိုးစုံ (၆၆၂၄) တောင့်၊ လုံစွပ် (၄၇) ချောင်း၊ ကျည်အိမ် (၁၆၄) ခု ဆုံးရှုံးခဲ့ရပါသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပြန်လည်ခုခံမှုကြောင့် အကြမ်းဖက်သမား (၈)ဦး၏အလောင်းများ ရရှိခဲ့ပြီး (၂)ဦးအား အရှင်ဖမ်းမိခဲ့ပါသည်။ ၎င်းတို့ထံမှ လုပ်သေနတ်ပစ္စတို (၁) လက်၊ ၄င်းကျည်(၂)တောင့်နှင့် ကျည်အိမ် (၁)ခု သိမ်းဆည်းရမိခဲ့ပါသည်။

၂။ ယူဆောင်သွားသော လက်နက်ခဲယမ်းများနှင့် အကြမ်းဖက်သမားများသည် မောင်တော ခရိုင်အတွင်း လှည့်လည်သွားလာ၍ အကြမ်းဖက်မှုများ ဆက်လက်လုပ်ဆောင်လာခဲ့ရာ တပ်မတော်တပ်ရင်းတပ်ဖွဲ့များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ပူးပေါင်း၍ အကြမ်းဖက်တိုက်ဖျက်ရေးလုပ်ငန်းများကိုလုပ်ဆောင်ခဲ့ပါသည်။ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပူးပေါင်းစစ်ကြောင်းများက အကြမ်းဖက်သမားများ

*စာမျက်နှာ ၃ ကော်လံ ၁* ✱




မြန်မာ့အလင်း

# ငယ်သော်အင်အားရှိ၏၊ ငယ်သော်လှ၏

'လာမည့်အနှစ် ၃၀ ကာလတွင် ဒီဂျစ်တယ်ခေတ်သည် အရေးပါဆုံးအဆင့်သို့ ရောက်လာမည်၊ အကြောင်းမှာ အွန်လိုင်းအသုံးပြုနှင့် အွန်လိုင်းအသုံးမပြုနှစ်မျိုးလုံးပါဝင်သည့် လက်လီအရောင်းပုံစံများ၊ အင်တာနက်နှင့် ချိတ်ဆက်ရသော ကိစ္စများ၊ အင်တာနက် အခြေပြုဘဏ္ဍာရေးဝန်ဆောင်မှုများနှင့် နည်းပညာအသစ်အဆန်းများ ပိုမိုများပြားလာမည်ဖြစ်သောကြောင့် ဖြစ်သည်'ဟု တရုတ်ပြည် ဒုတိယအချမ်းသာဆုံးပုဂ္ဂိုလ် အလီဘာဘာအုပ်စုထူထောင်သူ 'ဂျက်မာ'ကပြောသည်။

'ဂျက်မာ'အား အာရှပူးပေါင်းဆောင်ရွက်ရေးညီလာခံမှ အထူးဧည့်သည်အဖြစ်ဖိတ်ကြားပြီး 'အနာဂတ်နည်းပညာလမ်းကြောင်း' ခေါင်းစဉ်ဖြင့် ဟောပြောစေခဲ့သည်။ သူက ဂလိုဘယ်လိုက်ဇေးရှင်းခေါ် ကမ္ဘာ့ရွာပြုမှုဖြစ်စဉ်ကြောင့် ကမ္ဘာ့စီးပွားရေးနွေးထွေးလာရသည်ဆိုခြင်းကို လက်မခံဘဲ၊ အနာဂတ်စိန်ခေါ်မှုများအတွက် ပြင်ဆင်သည့်အနေဖြင့် နိုင်ငံများအနေဖြင့် ထိုဖြစ်စဉ်အတွင်း လူငယ်များနှင့် စီးပွားရေးလုပ်ငန်းငယ်များ ပိုမိုပါဝင်လာစေရန် ဆောင်ရွက်ရန် လိုသည်ဟုပြောသည်။ လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကာလ၊ ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်အတွင်း ကုမ္ပဏီကြီးပေါင်း ၆၀၀၀၀ လောက်ပေါ်ထွန်းလာခဲ့သည်။ ထိုအထဲတွင် ကုမ္ပဏီငယ်၊ စီးပွားရေးလုပ်ငန်းငယ်ပေါင်းများစွာ ပါဝင်လာသင့်သည်။ ထိုသို့ ပါဝင်လာနိုင်အောင် အီလက်ထရွန်နစ်စီးပွားရေး **(e-commerce)**နှင့် ကမ္ဘာ့ကုန်သွယ်ရေးကသာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် လာမည့် အနှစ် ၂၀ မှ ၃၀ အတွင်း ငယ်သော်လှ၏၊ ငယ်သော်အင်အားရှိ၏ဟူသော စကားအတိုင်းဖြစ်လာစေရန် လုပ်ငန်းငယ်များ၊ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် လူငယ်များအတွက် အခွင့်အလမ်းများပိုမိုရသင့်ပေသည်။

လူငယ်များအနေဖြင့် အကောင်းမြင်ရှိရန်နှင့် ပါတနာကောင်းရှာဖွေဖို့အရေးကြီးကြောင်း၊ ဘယ်အရာကိုမှ တစ်ဦးတစ်ယောက်တည်းလုပ်၍ မရကြောင်းနှင့် လွတ်လပ်စွာတွေးခေါ်စဉ်းစားဖို့လိုကြောင်း ဂျက်မာက ပြောသွားသည်။ သင်ငွေလိုအပ်လျှင် မည်သူ့ထံတွင်မှ သင့်အတွက်ငွေရှိမည်မဟုတ်၊ သင်အကူအညီလိုချိန်တွင် ကူညီမည့်သူမရှိခြင်းသည် ပုံမှန်သာဖြစ်ပြီး လူတိုင်းက သင့်ကို ကူညီနေပြီဆိုလျှင် ပုံမှန်မဟုတ်ဟုဆိုရမည်ဖြစ်ကြောင်း၊ ရာနှင့်ချီသောဖောက်သည်များ နောက်တစ်နေ့တွင် ရရှိလာမည်ဟုယူဆ၍မရကြောင်း၊ နှစ်ဦး၊ သုံးဦးဖြင့်သာစရမည်ဖြစ်ကြောင်း၊ ထိုသူများသည် နောင်အခါတွင် သင်၏အရောင်းကိုယ်စားလှယ်များ၊ ဈေးကွက်ရှာဖွေရေးပုဂ္ဂိုလ်များဖြစ်လာကြလိမ့်မည်။ ဝေဖန်ပြစ်တင်မှုများကြားတွင် အခွင့်အလမ်းသည် ပုန်းအောင်းနေတတ်သည်။ ပိုကြီးသောပြစ်တင်ဝေဖန်မှုတစ်ခုကို ဖြေရှင်းနိုင်လေ ပိုကြီးသောအခွင့်အလမ်းကို ရလေပင်ဖြစ်ကြောင်း စသဖြင့်ပြောကြားသွားသည်။

လက်ရှိ မြန်မာနိုင်ငံကို ပြန်လည်ထူထောင်ရာတွင် ဘက်ပေါင်းစုံမှ လူငယ်များ၏ ပါဝင်မှုအခန်းကဏ္ဍသည် အလွန်အရေးကြီးကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက အကြိမ်များစွာပြောကြားခဲ့ကြသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်အသီးသီးတွင်လည်း လူငယ်အများအပြား ပါဝင်လှုပ်ရှားနေကြသည်ကိုလည်း တွေ့မြင်နေကြရသည်။ ယနေ့ခေတ်လူငယ်များမှာ ဆက်သွယ်ရေး၊ သတင်းအချက်အလက်များအားကောင်းမှုကြောင့် ယခင်ခေတ်များကထက် ပိုမိုအသိအမြင်ကျယ်သည်ကိုလည်း တွေ့နေရသည်။

ပြည်ပရောက် မြန်မာပညာတတ်လူငယ်များတွင်လည်း အမိနိုင်ငံကိုပြန်လည်အလုပ်အကျွေးပြုလိုသူ အများအပြားရှိနေသည်ကိုလည်း ကြားသိနေရသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ အမေရိကန်ခရီးစဉ်နှင့် နိုင်ငံတကာခရီးစဉ်များတွင် မြန်မာနိုင်ငံသားများ မိမိနိုင်ငံသို့ ပြန်လည် ကူညီကြရန် ဖိတ်ကြားခဲ့ခြင်းများလည်း ရှိခဲ့ပါသည်။

နိုင်ငံတကာအတွေ့အကြုံများအရလည်း ပြည်ပမှသင်ယူတတ်မြောက်လာသောပညာ၊ အတွေ့အကြုံများကို အသုံးပြု၍ ကိုယ့်နိုင်ငံတိုးတက်အောင်လုပ်ဆောင်ခဲ့သော သာဓကများစွာရှိပေသည်။ တရုတ်၊ ဗီယက်နမ်၊ အိန္ဒိယစသည့်နိုင်ငံတို့တွင် ပညာရှင်များကို အထူးအခွင့်အရေးပေး၍ခေါ်ယူအသုံးပြုခြင်းများရှိခဲ့သည်။ ဗီယက်နမ်တွင် ဝန်ကြီးဌာနတစ်ခုဖွင့်၍ ပြည်ပရောက် ပုဂ္ဂိုလ်များကို လက်ခံစည်းရုံးခဲ့သည်ဟု ဆိုပါသည်။ အိန္ဒိယကမူ ဆီလီကွန်တောင်ကြားမှ IT ပညာရှင်အချို့ကို အမေရိကန်နှင့် အခွင့်အလမ်းတူ၊ ကလေးပညာရေးကအစ ဖြည့်ဆည်းပေးပြီး အိန္ဒိယ၏ IT မြို့တော် ဘန်ဂလိုရ်၌ ခေါ်ယူခန့်ထားခြင်းများပင်ရှိသည်။ ဆိုလိုသည်မှာ ထိုကိစ္စများအတွက် ခိုင်ခိုင်မာမာတာဝန်ယူဆောင်ရွက်သောဌာနများ၊ အဖွဲ့များ ရှိသင့်သည်ဟု ပြောလိုခြင်းဖြစ်သည်။ သို့မှသာ ခေတ်မီနည်းပညာများကို မိမိတို့အလွယ်တကူရရှိနိုင်မည်ဖြစ်ပါသည်။

ဂျက်မာ၏ စကားအရဆိုလျှင် 'အနာဂတ်ကာလတွင် နိုင်ငံမည်မျှငယ်ပါစေ၊ သင်၏လုပ်ငန်း မည်မျှသေးငယ်ပါစေ၊ သင့်တွင် ကြီးမားသောနှလုံးသား၊ ပွင့်လင်းသောအမြင်၊ ထက်မြက်သောနည်းပညာနှင့် ဂလိုဘယ်လိုက်ဇေးရှင်းတွင်ပါဝင်နိုင်မှုရှိလျှင် သင်သည်လည်း အင်အားကြီးတစ်ခုဖြစ်လာမည်'ဟုပင်ဆိုရပါမည်။ ။




## လျှပ်စစ်ဓာတ်အားလုပ်ငန်းဆောင်ရွက်

**ကျိန္တလီ အောက်တိုဘာ ၁၄**

ရခိုင်ပြည်နယ် ကျိန္တလီမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ်လျှပ်စစ်မှူးဦးစိုးမြင့်နှင့်ဝန်ထမ်းများက အောက်တိုဘာလ ဒုတိယပတ်က မြို့ပေါ်ရပ်ကွက်များသို့ သွားရောက်ပြီး လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခဲ့ကာ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့သည်။ ကျိန္တလီမြို့တွင် ရပ်ကွက် သုံးခု၊ အိမ်ခြေ ၁၁၆၄ လုံးရှိ၍ လျှပ်စစ်သုံးစွဲသူဦးရေ ၇၆၈ ဦးရှိသည်။ 300KVA နှင့် 200KVA ဒီဇယ်စက်ဖြင့် ဓာတ်အားတစ်နေ့လျှင် လေးနာရီ ဓာတ်အားပေးနေပြီး မြို့နယ်အတွင်းရှိ ကျေးရွာများသို့ ဓာတ်အားပေးနိုင်ရန် ဓာတ်အားခွဲစက်ရုံ တည်ဆောက်မြေနေရာအား မြို့၏ အမှတ်(၂) ရပ်ကွက်၌ ၁ ဒသမ ၉၉ ဧကအား ရွေးချယ်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

(၁၅၇)

### ထင်သာမြင်သာ

## စဉ့်ကူးမြို့ရှိ ဘောလုံးအားကစားကွင်းအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် လိုအပ်နေ

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်စဉ့်ကူးမြို့ရှိ ဘောလုံးအားကစားကွင်းကြီး၏ သက်တမ်းမှာ နှစ်ပေါင်း ၂၀ ကျော်ကြာမြင့်ခဲ့ပြီဖြစ်၍ လက်ရှိအခြေအနေတွင် ဘောလုံးကွင်းဟုပင် ပြောဆို၍မရဘဲ မြက်ပင်နှင့် ကိုင်းပင်၊ ချုံပင်များ ထူထပ်စွာရှိနေခြင်း၊ မိုးတွင်းကာလတွင် ရေများ ဝင်ရောက်တင်ကျန်မှုများရှိနေခြင်းတို့ကြောင့် ရာသီမရွေး အားကစားလုပ်ငန်းများ ကွင်းဆင်းလေ့ကျင့်ဆောင်ရွက်နိုင်ရေး အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် လိုအပ်နေကြောင်း သိရသည်။

လက်ရှိအခြေအနေတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တင်ဒါခေါ်ယူပြီး ငွေကျပ်သိန်း ၁၀၀၀ ကျော် အကုန်အကျခံကာ ဝင်းခြံကာရံခြင်းလုပ်ငန်း၊ အထူး ပွဲကြည့်စင်တည်ဆောက်ခြင်းနှင့် မြို့နယ်အား/ကာရုံးတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဆိုသော်လည်း မျိုးဆက်သစ်လူငယ်များအတွက် အားကစားလုပ်ငန်းများ ရာသီမရွေးဆောင်ရွက်နိုင်ရန်၊ အဆင်သင့်မဖြစ်သေးသည့် ဘောလုံးနှင့်ပြေးခုန်ပစ် အားကစားလုပ်ငန်းများ ဆောင်ရွက်ရန်တို့အတွက် သက်တမ်းကြာ စဉ့်ကူးမြို့အား/ကာဘောလုံးကွင်းကြီးအား အဆင့်မြှင့်တင်တည်ဆောက်ရန် အားကစားဝါသနာရှင်များနှင့် မိဘပြည်သူတို့က လိုလားလျက်ရှိကြောင်း သိရသည်။

**ဝင်းမောင်**

## ပျက်စီးသွားခဲ့သော မအူဒိုင်းသစ်သားတံတားအား ကွန်ကရစ်တံတားအဖြစ် တည်ဆောက်မည်

**အုတ်တွင်း အောက်တိုဘာ ၁၄**

တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ဘန့်ဘွေးကုန်းကျေးရွာအုပ်စုနှင့် ဇီးဖြူသောင်ကျေးရွာအုပ်စုနှစ်ခုကို ဆက်သွယ်ထားသော မအူဒိုင်းသစ်သားတံတားသည် မိုးရာသီကာလက ပျက်စီးသွားခဲ့၍ နေ့စဉ်ခရီးသွားလာလျက်ရှိသည့် ဒေသခံပြည်သူများအတွက် ယာယီအခင်းများခင်းကာဆောင်ရွက်ထားခဲ့ရသည်။ ဒေသတွင်းခရီးသွားလာမှုအဆင်ပြေစေရေးအတွက် အုတ်တွင်းမြို့နယ်ကျေးလက်ဦးစီးဌာနမှ ရေရှည်ခိုင်ခံ့၍ ရာသီမရွေးသွားလာနိုင်မည့် ကွန်ကရစ်တံတားတည်ဆောက်နိုင်ရေးဆောင်ရွက်မှုကို အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းက အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦးနှင့် မြို့နယ်ကျေးလက်ဦးစီးမှူး ဦးအောင်မြင့်ထွန်း၊ ဇီးဖြူသောင်၊ ဘန့်ဘွေးကုန်းကျေးရွာအုပ်ချုပ်ရေးမှူးတို့က ကွင်းဆင်းစစ်ဆေးခဲ့သည်။ ဘန့်ဘွေးကုန်းကျေးရွာအုပ်စု၌ ကျေးရွာရှစ်ရွာ၊ အိမ်ထောင်စု ၇၉၉ စု၊ လူဦးရေ ၃၅၀၀ ကျော်နေထိုင်ကြကာ ဇီးဖြူသောင်ကျေးရွာအုပ်စုတွင် ကျေးရွာရှစ်ရွာ၊ အိမ်ထောင်စု ၆၃၂ စု၊ လူဦးရေ ၆၃၆၀ နေထိုင်လျက်ရှိသည်။ အဆိုပါ တံတားလမ်းပိုင်းသည် ကျွဲပွဲမြို့နှင့် အုတ်တွင်းမြို့များသို့ နေ့စဉ် လူမှုရေး၊ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးကိစ္စများအတွက် အဓိကသွားလာနေကြရသော လမ်းပိုင်းလည်းဖြစ်ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၄-၁၀-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၀၆၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၆၅၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၆၀၀/၆၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၁၀/၆၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀/၆၇၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၂၀/၆၃၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၅၇ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၃၈၈ ・ ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၀၆ ・ ၇၆ |
| ထိုင်း | တစ်ဘတ် | ၃၅ ・ ၅၄၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၈ ・ ၈၁ |
| တရုတ် | တစ်ယွမ် | ၁၈၆ ・ ၈၅ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၈ ・ ၇၉ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

◆ *ရွှေဖုံးမှ*

အစည်းအဝေးတွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်းများအား အကြမ်းဖက်စီးနင်းတိုက်ခိုက်ခဲ့သည့် အခြေအနေ၊ အကြမ်းဖက်သမားများ၏ ဆောင်ရွက်ချက်နှင့် နောက်ခံအကြောင်းအရာများ၊ လက်ရှိ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးကြသည်။

ထို့အပြင် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပွားနေသော တိုက်ပွဲများအခြေအနေ၊ NCA လက်မှတ်ရေးထိုးထားပြီးဖြစ်သည့် RCSS အဖွဲ့၏ ဆောင်ရွက်ချက်များ၊ "ဝ" အထူးဒေသ(၁)နှင့် အထူးဒေသ(၄) မိုင်းလားတွင် ဖြစ်ပေါ်ခဲ့သည့် အခြေအနေများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အား တိုက်ပွဲဝင်အသင့် စွမ်းရည်မြှင့်တင်ရေးအတွက် ဆောင်ရွက်မည့် အစီအမံများကိုလည်း ဆွေးနွေးကြသည်။

အစည်းအဝေးသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းနှင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့အား တွေ့ရစဉ်**
(သတင်းစဉ်)

# 2600 MHz လှိုင်းနှုန်းစဉ်လေလံ နေပြည်တော်၌ ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၁၄**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနသည် 2600 MHz လှိုင်းနှုန်းစဉ်လေလံကို Auction Framework တွင် ဖော်ပြထားသည့်အတိုင်း အောက်တိုဘာ ၁၇ ရက်မှစတင်၍ The Hotel Royal ACE (နေပြည်တော်)၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် Auction Result များကို အောက်တိုဘာ ၂၀ ရက်တွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✱ *ရွှေဖုံးမှ*

ခိုအောင်းနေထိုင်ရာဒေသများတွင် နယ်မြေရှင်းလင်းမှုဆိုင်ရာ စစ်ဆင်ရေးများဆင်နွှဲခဲ့ရာ အကြမ်းဖက်သမားများနှင့် မကြာခဏ ထိတွေ့မှုများဖြစ်ပွားခဲ့ပြီး လက်ရှိအချိန်အထိ တပ်မတော်သား (၅)ဦး အသက်ပေးလှူခဲ့ရပါသည်။

၃။ ဖမ်းဆီးရမိသောအကြမ်းဖက်သမား(၂)ဦးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံက ပြန်လည်လွှဲပြောင်းပေးခဲ့သည့် အကြမ်းဖက်သမား(၂)ဦးတို့ကို ပဏာမစစ်ဆေးဖော်ထုတ်ချက်အရ မောင်တောမြို့နယ်အတွင်း ဖြစ်ပွားလျက်ရှိသော အကြမ်းဖက်တိုက်ခိုက်မှုများသည် ပြည်ပမှ ငွေကြေးထောက်ပံ့မှု၊ ပြည်ပအကြမ်းဖက်အဖွဲ့အစည်းဝင်များ၏ ပံ့ပိုးမှု၊ ကူညီမှုတို့ဖြင့် အချိန်ယူကာ စနစ်တကျ ကြိုတင်ဆောင်ရွက်ခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ကြောင်း တွေ့ရှိရပါသည်။

၄။ မောင်တောဒေသ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်သည် ၄င်းဒေသတွင် အများစုရောက်ရှိနေထိုင်လျက်ရှိသော အစ္စလာမ်ဘာသာဝင်များအတွင်း အစွန်းရောက်အကြမ်းဖက်ဝါဒ တိုးမြင့်လာစေရန် အချိန်ယူ၍ စည်းရုံးသိမ်းသွင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးဖော်ထုတ်ရရှိခဲ့ပါသည်။ မောင်တောဒေသကိုခြေကုပ်ယူ၍ ဘူးသီးတောင်၊ မောင်တောဒေသကို သိမ်းပိုက်နိုင်ရန် ကြိုးပမ်းအားထုတ်ခဲ့ခြင်းဖြစ်ပြီး အရှေ့အလယ်ပိုင်းနိုင်ငံအချို့ရှိ အစွန်းရောက်ပုဂ္ဂိုလ်များ၏ ငွေကြေးပံ့ပိုးမှု အလုံးအရင်းရယူခဲ့ခြင်း ဖြစ်ပါသည်။ ငွေကြေးများ ထောက်ပံ့မှုပြုရာတွင် အဖွဲ့အစည်းအလိုက်ဆောင်ရွက်ခြင်း မပြုဘဲ လူပုဂ္ဂိုလ်တစ်ဦးချင်း ဆက်သွယ်မှုဖြင့် လျှို့ဝှက်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်ရရှိခဲ့ပါသည်။

၅။ မောင်တောဒေသ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်သည် RSO အကြမ်းဖက်အဖွဲ့နှင့် ဆက်နွှယ်သော မောင်တောဒေသတွင် လှုပ်ရှားသည့် Aqa Mul Mujahidin (အကာလ် မူလ် မူဂျာဟီဒင်န်)အဖွဲ့၏ ဆောင်ရွက်ချက်ဖြစ်ကြောင်း စစ်ဆေးဖော်ထုတ်ရရှိခဲ့ပါသည်။ ၎င်းအဖွဲ့ကို ဦးဆောင်သူမှာ မောင်တောမြို့နယ်၊ ကျောက်ပြင်ဆိပ်ကျေးရွာနေ ဘာသာရေး၊ လူမျိုးရေး အစွန်းရောက်တစ်ဦးဖြစ်သည့် ဟာဗစ်တူဟာရ်ဖြစ်ကြောင်း၊ အသက် ၄၅ နှစ်ခန့်ရှိသည့် ဟာဗစ်တူဟာရ်သည် ပါကစ္စတန်နိုင်ငံရှိ တာလီဘန်များထံ (၆) လသင်တန်းတက်ရောက်ခဲ့သူဖြစ်ပြီး ၄င်း၏အစ်မ (၄)ဦးနှင့် အစ်ကို (၁)ဦးတို့ မှာ ဆော်ဒီအာရေးဗီးယားနိုင်ငံတွင် နေထိုင်လျက်ရှိကြောင်း၊ ဟာဗစ်တူဟာရ်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တက္ကနာ့ဖ်အနီးရှိ ကျေးရွာတစ်ရွာတွင်လည်း သွားရောက်နေထိုင်လေ့ရှိပြီး ဒုက္ခသည် အမည်ခံ၍ အရှေ့အလယ်ပိုင်းနိုင်ငံများရှိ အဖွဲ့အစည်းများထံမှ ငွေကြေးထောက်ပံ့မှုများ ရယူလျက်ရှိကြောင်း၊ ၄င်းနှင့်အတူ ပူးပေါင်းဆောင်ရွက်နေသူများမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံနေ ငါးခူရကျေးရွာတွင် ရောက်ရှိနေသော ပါကစ္စတန်နိုင်ငံသား ခါလစ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ကူတာပါလောင်ဒုက္ခသည်စခန်းတွင် နေထိုင်သော အီဗရာဟိမ်း၊ အဇာ၊ အာရပ်တူလာ၊ နီလာဒုက္ခသည်စခန်းတွင် နေထိုင်သော ဇူဘိုင်၊ အစ္စလာမ် ဆိုသူအပါအဝင် (၁၂) ဦးဖြစ်ကြောင်း၊ ခါလစ်သည် ပါကစ္စတန်နိုင်ငံတွင် အကြမ်းဖက်သင်တန်းတက်ရောက်ထားသူတစ်ဦးဖြစ်ပြီး မြန်မာ၊ ဘင်္ဂလီ၊ ရခိုင်၊ မလေး၊ ပါကစ္စတန်နှင့် အင်္ဂလိပ်ဘာသာစကားများ ကျွမ်းကျင်စွာပြောဆိုနိုင်ကြောင်း၊ ၎င်းတို့သည် လွန်ခဲ့သော (၅)လခန့်မှစ၍ ဟာဗစ်တူဟာရ်၏ အစီအစဉ်ဖြင့် မောင်တောဒေသသို့ ဝင်ရောက်လာပြီး ဟာဗစ်တူဟာရ် စည်းရုံးထားသော ဒေသနေအစွန်းရောက် လူငယ်များကို အကြမ်းဖက်သင်တန်းများပေးခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်ရရှိပါသည်။

၆။ ငါးခူရအလယ်ရွာတွင် အဓိက စည်းရုံးလှုပ်ရှားခဲ့သူများဖြစ်သော ငါးခူရကျေးရွာနေ အဒူရာမန်၊ မူနက်၊ ကာဖိုက်တူလာ၊ အာကစ်တို့ (၄)ဦးသည်လည်း RSO စစ်သင်တန်း တက်ရောက်ပြီးသူများဖြစ်ကြောင်း၊ ဟာဗစ်တူဟာရ်၊ ခါလစ်နှင့် ကျီးကန်းပြင်စခန်းအား တိုက်ခိုက်ရာတွင် ဦးဆောင်သူ မောင်နှမကျေးရွာနေ မာဘူယာတို့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဒုက္ခသည်စခန်းမှ ဝင်ရောက်လာသည့် အကြမ်းဖက်အဖွဲ့ဝင် (၁၂) ဦးနှင့်ပေါင်း၍ မောင်တောမြို့နယ်၊ ဖားဝပ်ချောင်းကျေးရွာ၊ အလယ်သံကျော်ကျေးရွာနှင့် ငန်းချောင်းကျေးရွာတို့တွင် ခါးပြတိုက်ခဲ့ဖူးကြောင်း စစ်ဆေးဖော်ထုတ်ရရှိခဲ့ပါသည်။

၇။ ဟာဗစ်တူဟာရ်နှင့်အဖွဲ့သည် မောင်တောဒေသအတွင်းရှိ အစွန်းရောက်လူငယ်များကို စည်းရုံးသိမ်းသွင်းကာ တောတွင်းနှင့် တောင်ပေါ်လူသူအရောက်အပေါက်နည်းသည့် နေရာများတွင်လည်းကောင်း၊ ငါးခူရအလယ်ကျေးရွာရှိ အဒူရာမန်၏ နေအိမ်ခြံဝင်းအတွင်းတွင် လည်းကောင်း၊ ကျောက်ပြင်ဆိပ်ကျေးရွာအနီး တောတွင်းတွင်လည်းကောင်း သေနတ်ပစ်သင်တန်းနှင့် ကိုယ်ခံပညာသင်တန်းများကို တိတ်တဆိတ် သင်ကြားပေးခဲ့ကြောင်း၊ ၄င်းနောက် အကြမ်းဖက်တိုက်ခိုက်မှုများဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးဖော်ထုတ်ရရှိခဲ့ပါသည်။

၈။ ဟာဗစ်တူဟာရ်သည် အမှတ်(၁) နယ်ခြားစောင့်ရဲ ကွပ်ကဲမှုဌာနချုပ်(ကျီးကန်းပြင်)ကို မာဘူယာဦးဆောင်၍ အကြမ်းဖက်သမားအင်အား (၁၀၀) ဦးခန့်ဖြင့်လည်းကောင်း၊ ငါးခူရနယ်မြေစခန်းကို ခါလစ်နှင့် အဒူရာမန်ဦးဆောင်၍ အကြမ်းဖက်သမားအင်အား (၁၀၀) ဦးခန့်ဖြင့်လည်းကောင်း၊ ကြိမ်ချောင်းနယ်မြေစခန်းကို ဝါကာဒ်စ် ဦးဆောင်၍ အကြမ်းဖက်သမား အင်အား (၅၀) ဦးခန့်ဖြင့် လည်းကောင်း၊ ကျောက်လှေကားနယ်မြေစခန်းကို အာဇာဦးဆောင်၍ အကြမ်းဖက်သမားအင်အား (၅၀) ဦးခန့်ဖြင့် လည်းကောင်း၊ ရွက်ညိုတောင်နယ်မြေစခန်းကို ဇော်ပိုင်ဦးဆောင်၍ အကြမ်းဖက်သမားအင်အား (၅၀) ဦးခန့်ဖြင့်လည်းကောင်း၊ ကိုးတန်ကောက်ရဲကင်းစခန်းကို အဘူကူးမား ဦးဆောင်၍ အကြမ်းဖက်သမားအင်အား (၁၂) ဦးခန့်ဖြင့်လည်းကောင်း၊ အကြမ်းဖက်သမားအင်အား (၄၀၀) နီးပါးဖြင့် နေရာ(၆)နေရာကို တစ်ချိန်တည်း တစ်ပြိုင်တည်း အကြမ်းဖက်တိုက်ခိုက်ရန် စီစဉ်ခဲ့သော်လည်း ကျီးကန်းပြင် ဌာနချုပ်၊ ငါးခူရနယ်မြေစခန်းနှင့် ကိုးတန်ကောက်ရဲကင်းစခန်း စုစုပေါင်း (၃) နေရာကိုသာ အောက်တိုဘာလ ၉ ရက်နေ့တွင် တိုက်ခိုက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ စခန်းများကို တိုက်ခိုက်ပြီးနောက် ရဲတပ်ဖွဲ့ဝင်များကို သတ်ဖြတ်ပြီး လက်နက်များနှင့် ပစ္စည်းများရယူရန်၊ ရရှိသည့် လက်နက်များဖြင့် အနီးပတ်ဝန်းကျင်ရှိ တပ်မတော်နှင့် ရဲတပ်ဖွဲ့စခန်းများအား ဆက်လက်တိုက်ခိုက်ရန် ဟာဗစ်တူဟာရ်က ညွှန်ကြားထားကြောင်း၊ ဝင်ရောက်တိုက်ခိုက်မှုမပြုလုပ်မီ အဖွဲ့ခေါင်းဆောင်များမှ အကြမ်းဖက်အဖွဲ့ဝင်များကို တိုက်ခိုက်မည့် အစီအမံအား စနစ်တကျရှင်းလင်းခဲ့ကြောင်း သိရှိရပါသည်။

၉။ Aqa Mul Mujahidin (အကာလ်မူလ် မူဂျာဟီဒင်န်) အဖွဲ့သည် ကမ္ဘာအနှံ့ရှိ အကြမ်းဖက်တိုက်ခိုက်မှုများတွင် ဆောင်ရွက်လေ့ရှိသည့် နည်းဗျူဟာများအတိုင်း ပြည်ပငွေကြေးထောက်ပံ့မှု (အရှေ့အလယ်ပိုင်းရှိမောင်တောဒေသအနွယ်)၊ အကြမ်းဖက်တိုက်ခိုက်မှုစစ်သင်တန်း (ပါကစ္စတန်-တာလီဘန်၊ ဘင်္ဂလားဒေ့ရှ် - RSO) စသည်တို့ဖြင့်စတင်၍ ပဋိပက္ခဖြစ်ပွားခဲ့သော မောင်တောဒေသအတွင်းရှိ အစွန်းရောက်လူငယ်များကို ဘာသာရေးအရ စည်းရုံးဆောင်ရွက်သော နည်းဗျူဟာကိုကျင့်သုံးဖော်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ အစ္စလာမ်ဘာသာဝင် အများစုနေထိုင်ရာ ဘူးသီးတောင်၊ မောင်တောဒေသကို သိမ်းပိုက်ရယူပြီးနောက် ပြည်ပထောက်ခံမှု၊ ငွေကြေးပံ့ပိုးမှုများ မြင့်တက်လာစေရန်၊ ပြည်တွင်း၊ ပြည်ပမှ ဘာသာရေးအစွန်းရောက်များ ပူးပေါင်းပါဝင်လာစေရန်အတွက် တာလီဘန်၊ အယ်လ်ကိုင်းဒါး၊ ISIS စသည့် အကြမ်းဖက် အဖွဲ့အစည်းများ၏ နည်းနာအတိုင်း အင်တာနက်နှင့် လူမှုကွန်ရက်များတွင် ဗီဒီယိုဖိုင်များလွှင့်တင်ကာ ဝါဒဖြန့်ချိလျက်ရှိကြောင်း စစ်ဆေးဖော်ထုတ်ရရှိခဲ့ပါသည်။

၁၀။ လက်ရှိအချိန်တွင် ဟာဗစ်တူဟာရ် ဦးဆောင်သော အကြမ်းဖက်အဖွဲ့ငယ်သည် အစွန်းရောက်အကြမ်းဖက်သမား (၄၀၀) နီးပါးခန့်ဖြင့် မောင်တောဒေသအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်လက်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းလျက်ရှိပါသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်၊ တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းရေးတာဝန်များကို အင်အားအပြည့်အဝဖြင့် ဆောင်ရွက်လျက်ရှိရာ မကြာခဏဆိုသလို ထိတွေ့မှုများ ဖြစ်ပွားလျက်ရှိပါသည်။ တစ်ချိန်တည်းမှာပင် ပြည်တွင်း၊ ပြည်ပရှိ အကြမ်းဖက်အဆက်အသွယ်များ၊ အကြမ်းဖက်အားပေးသူများကို ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိပြီး ထပ်မံရရှိသည့် သတင်းအချက်အလက်များကို ပြည်သူအများ သိရှိစေရန် ဆက်လက်ထုတ်ပြန်ပေးသွားမည် ဖြစ်ပါသည်။

၁၁။ မောင်တောဒေသ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်သည် ပြည်ပရှိ အကြမ်းဖက်အဖွဲ့အစည်းများ၊ အကြမ်းဖက်အားပေးလူပုဂ္ဂိုလ်များ၏ ပံ့ပိုးကူညီမှုများရယူကာ အချိန်ယူပြင်ဆင်ပြီး စနစ်တကျ စီစဉ်ဆောင်ရွက်ခဲ့သော အကြမ်းဖက်မှုဖြစ်ပါသည်။ ထိုအကြမ်းဖက်တိုက်ခိုက်မှုများသည် နိုင်ငံတော်၏ အမျိုးသားလုံခြုံရေး၊ နိုင်ငံသူနိုင်ငံသားများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်နှင့် လုံခြုံရေးတို့ကို ထိခိုက်ဖျက်ဆီးရန် ကြိုးပမ်းဆောင်ရွက်လာခြင်း ဖြစ်ပါသည်။ အကြမ်းဖက်တိုက်ခိုက်မှုများ၊ အကြမ်းဖက်တိုက်ခိုက်ရန် ကြိုးပမ်းဆောင်ရွက်မှုများ စသည်တို့ အားလုံးကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့် အခြားလုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ ထိထိရောက်ရောက် ကာကွယ်၊ တုံ့ပြန်ချေမှုန်း တိုက်ဖျက်သွားမည်ဖြစ်ပါသည်။ မောင်တောဒေသ အကြမ်းဖက်တိုက်ခိုက်မှုသာမက မည်သို့သော အကြမ်းဖက်တိုက်ခိုက်ခြင်း၊ အကြမ်းဖက်တိုက်ခိုက်ရန် ကြိုးပမ်းအားထုတ်ခြင်းမှန်သမျှကို ထိထိရောက်ရောက် တုံ့ပြန်ချေမှုန်းသွားမည်ဖြစ်ပါသည်။ အကြမ်းဖက်သမားများ၏ နောက်ကွယ်မှကြိုးကိုင်စီစဉ်သူများ၊ တိတ်တဆိတ် ပံ့ပိုးကူညီသူများ၊ အကြမ်းဖက်အားပေးသော အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များအားလုံးကိုလည်း ဆက်လက်စုံစမ်းဖော်ထုတ်၍ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ၄င်းအပြင် ဖြစ်ပွားနေသော အကြမ်းဖက်တိုက်ခိုက်မှုများကို အခွင့်ကောင်းယူ၍ ပြည်သူများအကြား ဘာသာရေး၊ လူမျိုးရေးပဋိပက္ခနှင့် မတည်မငြိမ်မှုများ ဖြစ်ပေါ်လာစေရန် သွေးထိုးလှုံ့ဆော်သူများ၊ သွေးထိုးလှုံ့ဆော်ရန် ကြိုးပမ်းသူများကိုလည်း ဥပဒေနှင့်အညီ ပြင်းပြင်းထန်ထန် အရေးယူသွားမည် ဖြစ်ပါသည်။

၁၂။ သို့ပါ၍ နိုင်ငံသူနိုင်ငံသားများအနေဖြင့် လက်ရှိနိုင်ငံတော်အစိုးရက ဆောင်ရွက်နေသည့် အခြေအနေများကို သိရှိနားလည်ပြီး အကြမ်းဖက်အန္တရာယ်ကို သတိဖြင့် ဂရုပြုကြရန်၊ မိမိတို့ လူ့အဖွဲ့အစည်းအတွင်း ဘာသာရေး၊ လူမျိုးရေး သွေးထိုးလှုံ့ဆော်မှုများ ပြုလုပ်ခြင်း မပြုကြရန်၊ အခြားဒေသများသို့ ပဋိပက္ခများ ကူးစက်ဖြစ်ပွားခြင်း မရှိစေရေး တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ပေးကြရန်၊ ဘာသာရေး၊ လူမှုရေးခေါင်းဆောင်များအနေဖြင့်လည်း ပဋိပက္ခများ မဖြစ်ပေါ်စေရေး တတ်နိုင်သမျှ ဝိုင်းဝန်းထိန်းသိမ်းကူညီကြရန်၊ အမျိုးသားလုံခြုံရေးနှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် နိုင်ငံတော်အစိုးရ နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံလျက် သတင်းထုတ်ပြန်အပ်ပါသည်။



**နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်းများအား ဝင်ရောက်တိုက်ခိုက်ခဲ့သည့် Aqa Mul Mujahidin (အကာလ် မူလ် မူဂျာဟီဒင်န်) အဖွဲ့၏ အဖွဲ့ခေါင်းဆောင် ဟာဗစ်တူဟာရ်**
Photo-MPF

# နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၄**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး မစ္စတာဆော့ချီအား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး မစ္စတာဆော့ချီအား လက်ခံတွေ့ဆုံစဉ်

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး မစ္စတာဆော့ချီအား လက်ခံတွေ့ဆုံစဉ်

**နေပြည်တော် အောက်တိုဘာ ၁၄**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး မစ္စတာဆော့ချီအား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# အာဆီယံပေါင်းစည်းရေး ဦးစားပေးကဏ္ဍတို့တွင် အီးယူမှ ကူညီပေးရန် တိုက်တွန်း

**နေပြည်တော် အောက်တိုဘာ ၁၄**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ အောက်တိုဘာ ၁၃ ရက်မှ ၁၄ ရက်အထိ ကျင်းပသည့် (၂၁) ကြိမ်မြောက် အာဆီယံ-အီးယူဝန်ကြီးအဆင့် အစည်းအဝေးသို့တက်ရောက်ခဲ့သည်။

အဆိုပါ အစည်းအဝေးကို ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး His Excellency Don Pramudwinai နှင့် ဆလိုဗက်သမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီး H.E .Miroslav Lajcak တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ အစည်းအဝေးတွင် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ၊ ဥရောပယူနီယံအဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြပြီး အာဆီယံ-အီးယူတို့တွင် လက်ရှိဖြစ်ပေါ် တိုးတက်မှုများအား အမြင်ချင်းဖလှယ်ခြင်း၊ အာဆီယံ-အီးယူမိတ်ဖက် ပူးပေါင်းဆောင်ရွက်ရေးကို ပြန်လည်သုံးသပ်ခြင်း၊ အာဆီယံ-အီးယူ ဘန်ဒါဆရီဘီဂါဝန်လုပ်ငန်းစီမံချက် (၂၀၁၃-၂၀၁၇) အကောင်အထည်ဖော်မှုအား ပြန်လည်သုံးသပ်ခြင်းနှင့် အာဆီယံ-အီးယူပူးပေါင်းဆောင်ရွက်မှုနှင့် အနာဂတ်မျှော်မှန်းချက်များအပေါ် ဆွေးနွေးခြင်းများပြုလုပ်ခဲ့ကြသည်။

ထို့အပြင် ပင်လယ်ရေကြောင်း လုံခြုံရေးဆိုင်ရာ အာဆီယံ-အီးယူ ပူးပေါင်းဆောင်ရွက်ရေးနှင့် အရှေ့အာရှဒေသလုံခြုံရေး စိန်ခေါ်မှုများဖြစ်သည့် အကြမ်းဖက်မှု၊ ရွှေ့ပြောင်းသွားလာမှု၊ လူကုန်ကူးမှု၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုများတွင် အာဆီယံ-အီးယူပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအပေါ် အလွတ်သဘောဆွေးနွေးခဲ့ကြသည်။

ဒုတိယဝန်ကြီးသည် မြန်မာနိုင်ငံမှ ဥက္ကဋ္ဌအဖြစ် ဦးဆောင်ရေးဆွဲခဲ့သည့် အာဆီယံပေါင်းစည်းရေး ကနဦးအစီအမံလုပ်ငန်းစီမံချက် (၃) (Initiative for ASEAN Integration - IAI Work Plan III) နှင့် ပတ်သက်၍ ဦးဆောင်ဆွေးနွေးခဲ့သည်။ ယင်းလုပ်ငန်းစီမံချက်(၃)၏ ဦးစားပေးကဏ္ဍများဖြစ်သည့် စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေး၊ ကုန်သွယ်ရေး၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဖူလုံရေးတို့တွင် အီးယူမှကူညီပံ့ပိုးမှုများ ပေးအပ်ရန် တိုက်တွန်းဆွေးနွေးခဲ့သည်။

အစည်းအဝေးအပြီးတွင် နိုင်ငံခြားရေးဝန်ကြီးများမှ မဟာဗျူဟာကျသည့် ရည်မှန်းချက်များအတွက် အာဆီယံ-အီးယူမိတ်ဖက်ဆက်ဆံရေး မြှင့်တင်ရေးဆိုင်ရာ ဗန်ကောက်ကြေညာစာတမ်း (Bangkok Declaration on Promoting an ASEAN-EU Global Partnership for Shared Strategic Goals) ကို ထုတ်ပြန်နိုင်ခဲ့သည်။

ဒုတိယဝန်ကြီးသည် ဗန်ကောက်မြို့၌ (၂၁)ကြိမ်မြောက် အာဆီယံ-အီးယူဝန်ကြီးအဆင့် အစည်းအဝေးတက်ရောက်စဉ်ကာလအတွင်း ရိုမေးနီးယားနိုင်ငံ၊ ဟန်ဂေရီနိုင်ငံ၊ အက်စ်တိုးနီးယားနိုင်ငံနှင့် ဖင်လန်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ၊ ပြင်သစ်နိုင်ငံ နိုင်ငံခြားရေးနှင့် နိုင်ငံတကာကုန်သွယ်ရေးဝန်ကြီး၊ လစ်သူယေးနီးယားနိုင်ငံ၊ ဂျာမနီနိုင်ငံ၊ ဂရိနိုင်ငံ၊ ဘူဂေးရီးယားနိုင်ငံနှင့် စပိန်နိုင်ငံတို့မှ ဒုတိယနိုင်ငံခြားရေးဝန်ကြီးများနှင့် သီးခြားစီတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံအကြား အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားနိုင်ရေးအတွက် ဆွေးနွေးခဲ့သည်။

ဒုတိယဝန်ကြီးသည် အောက်တိုဘာ ၁၄ ရက် မွန်းလွဲပိုင်းတွင် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ဖွင့်လှစ်ထားသည့် ထိုင်းနိုင်ငံ ဘုရင်မင်းမြတ် ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်းအထိမ်းအမှတ် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးခဲ့သည်။

**(သတင်းစဉ်)**




# ငွေကြေးမူဝါဒထိရောက်စွာ အကောင်အထည်ဖော်ရေးတို့အတွက် ကျွမ်းကျင်မှုအကူအညီ ဆက်လက်ရယူရေးဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၄**

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီတွင် အောက်တိုဘာ ၆ ရက်မှ ၉ ရက်အထိ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်အုပ်စုတို့၏ ၂၀၁၆ ခုနှစ် နှစ်ပတ်လည်အစည်းအဝေး ကျင်းပခဲ့ရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နှစ်ပတ်လည်အစည်းအဝေးနှင့်အတူ ဆက်စပ်ကျင်းပသည့် အရှေ့တောင်အာရှမဲပေးအုပ်စုဝင်နိုင်ငံများမှ ကမ္ဘာ့ဘဏ်ဂါဗာနာများနှင့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ဂါဗာနာများ ပူးတွဲအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။




ထို့အပြင် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ ဦးဆောင်ညွှန်ကြားရေးမှူး Madame Christine Lagarde နှင့် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဂါဗာနာများ သီးသန့်အစည်းအဝေးသို့လည်း ပါဝင်တက်ရောက်ခဲ့ပြီး အာဆီယံစီးပွားရေး အသိုက်အဝန်းဆိုင်ရာကိစ္စရပ်များ၊ ဒေသတွင်းနိုင်ငံများ၏ စီးပွားရေးတိုးတက်မှု အခြေအနေ၊ အခက်အခဲနှင့်စိန်ခေါ်မှုတို့ကို ဆွေးနွေးခဲ့ကြသည်။ အောက်တိုဘာ ၈ ရက်တွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေးကော်မတီ အစည်းအဝေးသို့လည်း ပါဝင်တက်ရောက်သည်။

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ အာရှနှင့်ပစိဖိတ်ဌာန၊ စာရင်းအင်းဌာန၊ ငွေကြေးနှင့် ဈေးကွက်ဌာနတို့နှင့်လည်း တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ငွေကြေးနှင့် နိုင်ငံခြားငွေလုပ်ငန်းနှင့် ငွေရေးကြေးရေးဈေးကွက်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ငွေရေးကြေးရေးစာရင်းအင်းများဖွံ့ဖြိုးတိုးတက်ရေး၊ မက်ခရိုစီးပွားရေးတည်ငြိမ်ရေးနှင့် ငွေကြေးမူဝါဒထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေးတို့အတွက် ကျွမ်းကျင်မှုအကူအညီ ဆက်လက်ရယူရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ငွေရေးကြေးရေးကဏ္ဍတွင် အားလုံးပါဝင်မှု (Financial Inclusion) ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အထူးကိုယ်စားလှယ်ဖြစ်သည့် နယ်သာလန်နိုင်ငံ ဘုရင့်မိဖုရား Queen Maxima နှင့် တွေ့ဆုံ၍ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်း၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် Financial Inclusion တိုးမြှင့်အကောင်အထည်ဖော်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

✻ *ကျောဖုံးမှ*

ကောလာဟလသတင်းများကို အမှန်မယူဘဲ နိုင်ငံတော်က ထုတ်ပြန်သောသတင်းများကိုသာ ယုံကြည်စေလိုပါကြောင်း၊ နိုင်ငံရေးပါတီများနှင့် လူမှုကွန်ရက် အဖွဲ့အစည်းများကလည်း ပြည်သူများ၏ စိုးရိမ်ထိတ်လန့်မှုများကို ဖြေလျှော့ပေးစေလိုပါကြောင်း၊ မိမိတို့နှင့် ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ပြည်နယ်ဥက္ကဋ္ဌ ဦးစောရွှေနှင့် ရဲဘော်စံလှမောင် တို့က မောင်တောကမ်းခြေတစ်လျှောက် လုံခြုံရေးကို ပိုက်စိပ်တိုက် ဆောင်ရွက်ရေး၊ လက်ရှိအချိန်ထိ နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်မှုများကို ထောက်ခံကြောင်း၊ မိမိတို့ပါတီက ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ တစ်စည်းတစ်လုံးတည်း ပူးပေါင်းဆောင်ရွက်လျှင် အောင်မြင်မည်ဟု ယုံကြည်ကြောင်း ဆွေးနွေးသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ပြည်နယ်ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေက မိမိတို့ပါတီက မောင်တောဒေသရှိ တိုင်းရင်းသားများအား စားနပ်ရိက္ခာ ကူညီထောက်ပံ့ပေးရန် စီစဉ်ဆောင်ရွက်နေမှု၊ ကျန်းမာရေးစောင့်ရှောက်မှုတွင်လည်း လိုက်ပါဆောင်ရွက်လိုမှု၊ အမျိုးသားရေးအသွင်ဖြစ်၍ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ နောင်တွင် အမျိုးသားရေး သတိ၊ လုံခြုံရေးသတိဖြင့် ဆောင်ရွက်သွားရန် အကြံပြုလိုကြောင်း ဆွေးနွေးသည်။

ရခိုင်မျိုးချစ်ပါတီ အထွေထွေအတွင်းရေးမှူး ဦးခင်မောင်ထွန်းက နိုင်ငံသားဖြစ်မှုသည် အလွန်အရေးကြီးကြောင်း၊ ၂၀၁၂ ဖြစ်စဉ်နှင့် ပတ်သက်ပြီး ဖွဲ့စည်းသည့်ကော်မရှင်က အကြံပြုချက် ၁၂၀ ကျော် ရှိခဲ့သော်လည်း အကောင်အထည်ဖော်မှု အားနည်းနေကြောင်း၊ ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်စေလိုကြောင်း ဆွေးနွေးသည်။

ရခိုင်အမျိုးသားပါတီ အထွေထွေအတွင်းရေးမှူး ဦးထွန်းအောင်ကျော်က ဤကိစ္စသည် ပြည်ထောင်စု၏ အရေး၊ အမျိုးသားရေး လုံခြုံမှု၊ ရခိုင်ပြည်နယ်၏ တည်ငြိမ်မှုအတွက် အရေးကြီးသဖြင့် အတူလက်တွဲ ဆောင်ရွက်ကြရန်လိုကြောင်း၊ ၁၉၈၂ ခုနှစ် ဥပဒေအတိုင်း အမြန်စိစစ်ဆောင်ရွက်ပြီး ၎င်းတို့အား မိမိတို့ ပြည်နယ်တစ်ခုတည်းတွင်သာ ပိတ်မိမနေစေဘဲ နိုင်ငံတစ်ဝန်း လွတ်လပ်စွာ သွားလာခွင့်ပြုစေလိုကြောင်း ဆွေးနွေးသည်။

စစ်တွေမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသန်းကျော်က ကျူးလွန်သူများအား နိုင်ငံတော်ကို နှောင့်ယှက် ဖျက်ဆီးသူများဘေးမှ ကာကွယ်ရေးဥပဒေဖြင့် အရေးယူသင့်ကြောင်း၊ ကောလာဟလကို ထိန်းချုပ်ဆောင်ရွက်ရန်နှင့် လုပ်ဆောင်သူများကို ပြင်းပြင်းထန်ထန် အရေးယူသင့်ကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ စစ်တွေမြို့ လူမှုအဖွဲ့အစည်းများ ကိုယ်စားပြုကော်မတီနာယက အဖွဲ့ဝင်များဖြစ်သော ဦးသာပွင့်၊ ဦးသန်းထွန်း၊ ဦးခင်မောင်ကြီး၊ ဦးပြည်သိမ်းတို့က ၎င်းတို့ကို ဥပဒေနှင့်အညီ အရေးယူမှု ပြုထိုက်မထိုက်၊ ယခုထက်ပိုမိုပြီး ပြတ်ပြတ်သားသား ဆောင်ရွက်စေလိုမှု၊ မောင်တောဒေသ၌ နေထိုင်သည့် တိုင်းရင်းသားများ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ် (သတင်းစဉ်)

နေပျော်ရေးအတွက် စီမံဆောင်ရွက်ပေးစေလိုမှု၊ လတ်တလောဖြေရှင်းရုံဖြင့် မလုံလောက်မှု၊ မဟာဗျူဟာမြောက် ဖြေရှင်းစေလိုမှု၊ ရခိုင် တိုင်းရင်းသားများ၏ အရေးကိစ္စများ ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရတို့နှင့်အတူ မိမိတို့ဒေသအဖွဲ့အစည်းများကို ပါဝင်ခွင့်ပေးစေလိုမှုနှင့် နယ်စပ်လုံခြုံရေးလုံအောင် ကာရံပေးရန် တိုက်တွန်းကြောင်း ဆွေးနွေးသည်။

စစ်တွေမြို့ လူမှုအဖွဲ့အစည်းများ ကိုယ်စားပြုကော်မတီဝင် ဦးစိုးနိုင်က မောင်တောခရိုင်အတွင်းရှိ တိုင်းရင်းသားလူနည်းစုများ၏ လုံခြုံရေး၊ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးရေး၊ လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

ရခိုင် အမျိုးသမီးကွန်ရက်မှ ဒေါ်ညိုအေးက ရခိုင်ပြည်သူလူထုကို အစိုးရအဖွဲ့၊ တပ်မတော်တို့က သေချာစောင့်ရှောက် ပေးစေလိုမှုကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် ဒေါက်တာဖေမြင့်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဦးသိန်းဆွေတို့က ပြန်လည်ဖြေကြားခဲ့ကြသည်။ **(သတင်းစဉ်)**



ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်



ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး



ဦးသန်းကျော်
စစ်တွေမြို့နယ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ဥက္ကဋ္ဌ



ရဲဘော်စံလှမောင်
တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ ပြည်နယ်ဥက္ကဋ္ဌ



ဦးခင်မောင်ထွန်း
ရခိုင်မျိုးချစ်ပါတီ
အထွေထွေအတွင်းရေးမှူး



ဦးသန်းထွန်း
စစ်တွေမြို့ လူမှုအဖွဲ့အစည်းများ
ကိုယ်စားပြုကော်မတီနာယက အဖွဲ့ဝင်



ဦးပြည်သိမ်း
စစ်တွေမြို့ လူမှုအဖွဲ့အစည်းများ
ကိုယ်စားပြုကော်မတီနာယက အဖွဲ့ဝင်



ဒေါ်ညိုအေး
ရခိုင် အမျိုးသမီးကွန်ရက်

■ *ကျောဖုံးမှ*

ရတနာတောင်တန်းကုမ္ပဏီက ရှာဖွေတွေ့ရှိခဲ့တာပါ။ ကနဦး စတင်တွေ့ရှိတာကတော့ အောက်တိုဘာ ၁၀ ရက်က တွေ့တယ်။ ကျွန်တော်တို့ဆီ သတင်းပို့တာကတော့ ကျောက်စိမ်းတုံးတစ်တုံးလုံး တူးဖော်ရရှိပြီးတဲ့ အောက်တိုဘာ ၁၁ ရက်မှ တရားဝင်သတင်းရရှိခဲ့တာဖြစ်ပါတယ်။ ကျောက်စိမ်းတုံးကြီးရဲ့ အခွံအရောင်က အမည်းရောင်ဖြစ်ပါတယ်။ ကျောက်ကြောလွှာရဲ့ အောက်ဆုံးနေရာကနေ တူးဖော်တွေ့ရှိခဲ့တာဖြစ်ပါတယ်။ တွေ့ဖူးတဲ့ ဒုတိယအဆင့် ကျောက်စိမ်းကျောက်လွှာ (Secondary deposits) ထဲမှာတော့ ဒီကျောက်စိမ်းတုံးက အကြီးဆုံးပါ။ အနည်းငယ်ပဲ့ထွက်တာလောက်ပဲရှိတယ်။ တွေ့ရှိတဲ့ အသားကျောက်အမျိုးအစားထဲမှာ အလယ်အလတ်အဆင့်ရှိတာကို တွေ့ရတယ်" ဟု မြန်မာ့ကျောက်မျက်ရတနာ လုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသူက ပြောကြားသည်။

ကျောက်စိမ်းတုံးကြီး တစ်ခုလုံး၏ အလေးချိန်မှာ တန်ချိန် ၂၁၀ ရှိကြောင်း၊ ကျောက်သားဖွဲ့စည်းပုံထဲတွင် အသင့်အတင့်ကောင်းမွန်သည့် အနေအထား ရှိကြောင်း၊ လောလောဆယ်တွင် ကျောက်စိမ်းတုံးကြီးကို လုပ်ကွက်အတွင်း၌ ထားရှိပြီး မည်မျှတန်ဖိုးရှိသည်ကို မသတ်မှတ်ရသေးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

## ပြင်ဆင်ဖတ်ရှုပါရန်

မြန်မာ့အလင်းသတင်းစာ၏ အောက်တိုဘာ ၁၂ ရက်ထုတ် စာမျက်နှာ ၆၊ ကော်လံ(၄)ပါ ရခိုင်မျိုးချစ်ပါတီ ပြည်နယ်အထွေထွေအတွင်းရေးမှူး ဦးမောင်သန်း (အစား) ရခိုင်မျိုးချစ်ပါတီ အထွေထွေအတွင်းရေးမှူး ဦးခင်မောင်ထွန်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

**စာတည်းအဖွဲ့(သတင်းစဉ်)**

# ဘူးသီးတောင်၊ မောင်တောမြို့တို့၌ နယ်မြေလုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားများ၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များအတွက် အလှူငွေနှင့်စားသောက်ကုန်များ လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၄**

ရခိုင်ပြည်နယ် ဘူးသီးတောင် မောင်တောမြို့တို့၌ နယ်မြေလုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားများ၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များအတွက် ပြည်နယ် ပြည်တွင်းအခွန်ဦးစီးဌာနက အလှူငွေနှင့် စားသောက်ကုန်များလှူဒါန်းပွဲကို အောက်တိုဘာ ၁၃ ရက် ညနေ ၆ နာရီက ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(စစ်တွေ)၌ ပြုလုပ်သည်။

အခမ်းအနားတွင် ပြည်နယ် ပြည်တွင်းအခွန်ဦးစီးဌာနမှူး ဦးသင်းထွဋ်ဟန်က ရဲမှူးချုပ် သူရစန်းလွင်နှင့် ယာယီဒုတိယဒေသကွပ်ကဲရေးမှူး ဒုတိယဗိုလ်မှူးကြီးစိုးရွှေတို့ထံ လှူဒါန်းပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**



အဆိုပါ လှူဒါန်းပစ္စည်းများနှင့် အလှူငွေများမှာ ပြည်နယ်ပြည်တွင်းအခွန်ဦးစီးဌာနမှူးနှင့် ဝန်ထမ်းမိသားစုများ စုပေါင်းပြီး တန်ဖိုးငွေကျပ် ရှစ်သိန်းခန့်ရှိ စားသောက်ကုန် အာလူး၊ ငါးခြောက်၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်ထုပ်၊ မုန့်ခြောက်ထုပ်၊ ကော်ဖီမစ်ထုပ်များ၊ ခါတ်ဆားထုပ်များနှင့် ငွေကျပ် နှစ်သိန်းတို့ ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# နှစ်ဖက်လူ့အဖွဲ့အစည်းကိုလည်း အစွန်းမလွတ်အောင် အစိုးရအနေနဲ့ ကိုင်တွယ်ရမယ်

ဦးအောင်ပန်းသာ
(ပြည်နယ်အလုပ်အမှုဆောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)

**တွေ့ဆုံမေးမြန်း-မင်းသစ်(သတင်းစဉ်)၊ ဓာတ်ပုံ-နေလင်း(ပြန်/ဆက်)**

**ရခိုင်ပြည်နယ် မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များအတွင်း ဖြစ်ပွားခဲ့သည့်ဖြစ်စဉ်များနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အောက်တိုဘာလ ၁၁ ရက်မှ ၁၄ ရက်နေ့အထိ ရခိုင်ပြည်နယ်သို့ သွားရောက်ခဲ့ပြီး စစ်တွေ၊ မောင်တော၊ ဘူးသီးတောင်မြို့တို့မှ ဆရာတော်ကြီးများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ အစ္စလာမ်ဘာသာဝင်များ၊ စစ်တွေမြို့နယ်ရှိ နိုင်ငံရေးပါတီများနှင့် လူမှုကွန်ရက်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံခဲ့သည်။**

**အဆိုပါခရီးစဉ်အတွင်း ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်ပြီး တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်တင်ပြလိုက်ပါသည်-**

**ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပု**

ပြီးခဲ့တဲ့ ဖြစ်သွားတဲ့ညမှာတော့ လုံခြုံရေးဆောင်ရွက်တဲ့ တာဝန်ယူတဲ့သူတွေအနေနဲ့ လုံခြုံရေးဆောင်ရွက်တဲ့အပေါ်မှာ အားနည်းချက်ရှိကောင်း ရှိနိုင်တယ်။ ဒီအပေါ်မှာ တစ်ဖက်က အခွင့်ကောင်းယူပြီးတော့ လုံခြုံရေးကို ချိုးဖောက်လိုက်တဲ့အနေအထားမျိုးဖြစ်သွားတယ်။ လက်ရှိအနေအထားမှာတော့ လုံခြုံရေးကို တတ်နိုင်သလောက် ပြည့်ပြည့်စုံစုံလုပ်ထားနိုင်တဲ့ အနေအထားရှိပါတယ်။ နယ်ခြားဒေသဖြစ်တဲ့အတွက် လုံခြုံရေးကို ပြည့်ပြည့်ဝဝလုပ်



ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု

ထားပြီးဖြစ်တဲ့အတွက် ချက်ချင်းတုံ့ပြန်မှုတွေလုပ်ပြီး လုံခြုံရေးကိုပြန်လည်တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ ဒီလိုဖြစ်ပျက်သွားတဲ့အပေါ်မှာ ပြည်သူတွေအနေနဲ့ စိုးရိမ်ကြောင့်ကြမှု တော်တော်များများ ဖြစ်သွားတယ်။ အဲဒီနေရာတင်မဟုတ်ဘူး၊ ပြည်နယ်အနေအထားနဲ့ပါ စိုးရိမ်မှုတွေ ဖြစ်လာတယ်ဆိုပေမယ့် ကျွန်တော်တို့အနေနဲ့ဖြစ်ပွားပြီးနောက်ပိုင်းမှာ လုံခြုံရေးကို နယ်စပ်မှာရော၊ အခြားမြို့နယ်တွေမှာပါ ဦးစားပေးဆောင်ရွက်နေတာဖြစ်တယ်။ ပြည်နယ်အစိုးရတင်မကဘူး။ ပြည်ထောင်စုအစိုးရကပါ ဆောင်ရွက်ထားတယ်။ လုံခြုံရေးဆောင်ရွက်တဲ့အခါမှာလည်း တပ်မတော်၊ ရဲတပ်ဖွဲ့၊ အုပ်ချုပ်ရေး၊ ဌာနဆိုင်ရာတွေပေါင်းစပ်ပြီး ဆောင်ရွက်နေတယ်။ လိုအပ်တဲ့နေရာတွေမှာလည်း လိုအပ်သလို ဖြည့်ဆည်းဆောင်ရွက်ပေးနေတာတွေရှိတယ်။ ပြည်သူတွေ ငြိမ်းချမ်းစွာနေထိုင်နိုင်ဖို့ ဝန်ထမ်းတွေ စိတ်ချလက်ချ အလုပ်လုပ်နိုင်ဖို့ အရေးပါတဲ့နေရာတွေမှာ ပြည့်ပြည့်ဝဝဆောင်ရွက်နေတယ်။ ပြည်နယ်ဖွံ့ဖြိုးရေးကိုလည်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

**ဦးသန်းရွှေ**
**(မြို့မိမြို့ဖ၊ စစ်တွေမြို့)**

မောင်တောဘက်မှာ ရခိုင်တိုင်းရင်းသားဒေသခံ လူဦးရေက တော်တော်နည်းတယ်။ အကြမ်းဖက်မှုတွေကြောင့် တောင်ယာလုပ်တဲ့ ဒေသခံတွေလည်း မလုပ်နိုင်တဲ့အခြေအနေရောက်နေတယ်။ အခု အကြမ်းဖက်မှုကြောင့် ဒေသခံတွေအနေနဲ့ မလုံခြုံတော့ဘူးလို့ခံစားလာရတယ်။ အခု အကြမ်းဖက်မှုမှာ အစိုးရကတော့ ဥပဒေနဲ့အညီ ဆုံးဖြတ်မယ်လို့သိရတယ်။ ဒါလည်း သဘာဝကျပါတယ်။ ရခိုင်မှာ ယုံကြည်မှုက အဓိကလိုအပ်နေတယ်။ ယုံကြည်မှုမရှိရင်တော့ ဘာမှမဖြစ်နိုင်ဘူး။ အခုဖြစ်စဉ်က မောင်တောဘက်မှာနေတဲ့ ကိုယ့်တိုင်းရင်းသားညီအစ်ကို မောင်နှမတွေအတွက်တော့စိုးရိမ်တယ်။ နိုင်ငံအတွက် တာဝန်ထမ်းဆောင်ရင်း ကျဆုံး၊ ဒဏ်ရာရသွားတဲ့ သူတွေအတွက်လည်း ထိုက်ထိုက်တန်တန်လေး လုပ်ပေးစေချင်တယ်။ ဒါမှ မောင်တောလို နေရာမျိုးတွေ



ဦးသာထွန်းလှ

မှာ တာဝန်ထမ်းဆောင်ချင်တဲ့ ဝန်ထမ်းကောင်းတွေပေါ်လာမှာပေ့ါ။ အကြမ်းဖက်သူတွေနဲ့ပတ်သက်ပြီး တရားစီရင်တဲ့အခါမှာ ပြည်သူကို ပွင့်ပွင့်လင်းလင်း ချပြစေချင်တယ်။

**ဦးသာထွန်းလှ**
**(ဗဟိုအလုပ်အမှုဆောင်၊**
**ရခိုင်အမျိုးသားပါတီ)**

မောင်တောခရိုင်မှာ အကြမ်းဖက်မှုက ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာကို ထိပါးစော်ကားတယ်လို့မြင်တယ်။ ပြည်ထောင်စုအစိုးရက အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်ကြောင်းရှင်းပြပေမယ့် ကိုယ်တိုင်မမြင်ရတဲ့အတွက် ကျေနပ်မှုရှိတယ်၊ မရှိဘူးဆိုတာ ပြောလို့မရသေးဘူး။

**ဦးအောင်ပန်းသာ (ပြည်နယ်အလုပ်အမှုဆောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)**

အခုဖြစ်သွားတဲ့ အကြမ်းဖက်မှုအပေါ်နှစ်ပိုင်းမြင်တယ်။ တစ်ဖက်က လုံခြုံရေးလျော့ရဲတာတစ်မျိုး၊ နောက်တစ်ခုက အကြမ်းဖက်တဲ့သူတွေမှာ အကြံအစည်တွေရှိတယ်။ အခုဖြစ်တာက ရိုးရိုးတန်းတန်းမဟုတ်ဘူး။ အစီအစဉ်ရှိရှိလုပ်သွားတာ။ ဆုံးရှုံးသွားတဲ့ လက်နက်တွေပြန်ရအောင် လုပ်ရမယ်။ လုံခြုံရေးကို စနစ်တကျလုပ်မှသာ ပြည်သူတွေ ကြောက်လန့်မှု၊ စိုးရိမ်ထိတ်လန့်မှုကနေ ပြေပျောက်နိုင်မှာဖြစ်တယ်။ ပထမဆုံးလုံခြုံရေးကို လုပ်ရမယ်။ နှစ်ဖက်လူ့အဖွဲ့အစည်းကိုလည်း အစွန်းမလွတ်အောင် အစိုးရအနေနဲ့ ကိုင်တွယ်ရမယ်။

**ဦးရွှေလှ**
**(အောင်မင်္ဂလာရပ်ကွက်၊ စစ်တွေမြို့)**

အခုအကြမ်းဖက်မှုဖြစ်စဉ်အပေါ်မှာ လုံးဝလက်မခံနိုင်ပါဘူး။ ရဲတပ်ဖွဲ့ဆိုတာ ကျွန်တော်တို့ကို စောင့်ရှောက်နေတဲ့ အဖွဲ့အစည်းဖြစ်တယ်။ အခုလုပ်ရပ်ကို ကန့်ကွက်တယ်။ အကြမ်းဖက်တဲ့သူတွေကို ထိရောက်စွာအရေးယူပေးစေချင်တယ်။ မောင်တောက ကျွန်တော်တို့နဲ့ ဝေးတော့ အကြမ်းဖက်တဲ့သူတွေက အခြား အကြမ်းဖက်အဖွဲ့အစည်းတွေနဲ့ ဆက်သွယ်မှုရှိ မရှိမသိနိုင်ဘူး။ အောင်မင်္ဂလာရပ်ကွက်မှာတော့ လူစိမ်းအဝင်



ဦးရွှေလှ

အထွက် လုံးဝမရှိဘူး။ လူစိမ်းလည်း လက်မခံဘူး။ သက်ဆိုင်ရာကိုလည်း ကတိပေးထားတယ်။

**ဦးတင်မောင်**
**(ဥဒေါင်းကျေးရွာ၊ မောင်တော)**

ဒီဖြစ်စဉ်ကြောင့် မိသားစုတွေ အပြင်မထွက်ရဲဘူး။ အလုပ်အကိုင်တွေပျက်ရတယ်။ စားဖို့လည်း အခက်အခဲရှိတယ်။ အခြေအနေတွေက ပေါက်ကွဲနိုင်တဲ့သဘောမှာရှိတယ်။ မောင်တောမြို့နယ်မှာက တိုင်းရင်းသားလူဦးရေက ဘာမှမရှိဘူး။ လုံခြုံရေးကို အပြည့်အဝပေးစေချင်တယ်။ ဒါမှ အေးချမ်းစွာနေလို့ရမှာပါ။

**ကိုမင်းမင်း(မောင်တောမြို့ဒေသခံ)**

အကြမ်းဖက်မှုဖြစ်ပြီး မောင်တောမြို့ရဲ့အခြေအနေက စိုးရိမ်ရတဲ့အခြေအနေရောက်နေတယ်။ ကြားရမြင်ရတာတွေက စိုးရိမ်နေရတယ်။ မောင်တော



ကိုမင်းမင်း

မြို့မှာက အခုရက်ပိုင်းမှာ တိုင်းရင်းသားဈေးဆိုင်ခန်းတွေပဲ မနက်ပိုင်းဖွင့်ကြတယ်။ စာသင်ကျောင်းတွေက ပြဿနာဖြစ်တဲ့နေ့ကစပြီး ပိတ်ထားတယ်။ ဆရာ ဆရာမတွေကတော့ သူတို့ဒေသကို ပြန်ရောက်သွားတဲ့ သူတွေလည်းရှိတယ်။

> **နိုင်ငံအတွက် တာဝန်ထမ်းဆောင်ရင်း ကျဆုံး၊ ဒဏ်ရာရသွားတဲ့သူတွေအတွက်လည်း ထိုက်ထိုက်တန်တန်လေး လုပ်ပေးစေချင်တယ်။ ဒါမှ မောင်တောလို နေရာမျိုးတွေမှာ တာဝန်ထမ်းဆောင်ချင်တဲ့ ဝန်ထမ်းကောင်းတွေ ပေါ်လာမှာပေ့ါ။ အကြမ်းဖက်သူတွေနဲ့ပတ်သက်ပြီး တရားစီရင်တဲ့အခါမှာ ပြည်သူကို ပွင့်ပွင့်လင်းလင်း ချပြစေချင်တယ်**

ကျန်နေသေးတဲ့ ဆရာ ဆရာမတွေလည်း ရှိနေသေးတယ်လို့ သိရတယ်။ အစိုးရကတော့ အကြမ်းဖက်မှုဖြစ်ဖြစ်ချင်း လုံခြုံရေးအစီအမံတွေ ချက်ချင်းဆောင်ရွက်နေတာကို တွေ့ရတယ်။

**ကိုကျော်ကျော်ဦး**
**(မြို့မအနောက်ရပ်ကွက်၊ မောင်တောမြို့)**

အခုအကြမ်းဖက်မှုမှာ မောင်တောမြို့သူမြို့သားတွေအားလုံးက စိုးရိမ်ထိတ်လန့်မှုတွေရှိနေတယ်။ အခု မထင်မှတ်ဘဲဖြစ်လာတဲ့ကိစ္စက အရင်ပြီးသွားတဲ့ကိစ္စထက် ဆိုးဆိုးရွားရွားဖြစ်တယ်ဆိုတော့ အားလုံးက စိုးရိမ်ထိတ်လန့်တဲ့



ဦးအိစ်မိုလ်

အနေအထားမှာရှိနေတယ်။ အခု ပြဿနာဖြစ်ပြီး သုံးရက်အတွင်းမှာကို မြို့နယ်လူထုရဲ့စိုးရိမ်ပူပန်မှုက ပိုများလာပြီး စိတ်ချရတဲ့နေရာတွေကို ပြောင်းရွှေ့နေကြရတယ်။ ပြည်သူတွေရဲ့ စိုးရိမ်ထိတ်လန့်မှုကို လျော့ပါးအောင် ပြည်ထောင်စုဝန်ကြီးတွေကတော့ လုပ်နိုင်တဲ့အပိုင်းတွေကို ပြောကြားသွားကြတယ်။ နောက်ထပ်ပြဿနာတွေက ဘယ်လိုပုံစံမျိုးနဲ့ ထပ်ဖြစ်လာမလဲဆိုတာကိုတော့ ဒေသခံတွေ စိုးရိမ်နေတယ်။ ပြီးခဲ့တဲ့ပြဿနာက လက်နက်မပါဘူး။ အခု လက်နက်ပါလာတယ်။ ဒါကြောင့် လုံခြုံရေးကို တိုးမြှင့်ချထားပေးစေချင်တယ်။ ဖြစ်ရတဲ့ပြဿနာတွေက အများကြီးပဲ။ ဘာသာရေးအစွန်းရောက်တာတွေနဲ့လည်းဆိုင်တယ်။ ပြီးခဲ့တဲ့ ဖြစ်ခဲ့တဲ့ပြဿနာတွေနဲ့လည်း သက်ဆိုင်နေတယ်။ အဓိကပြောချင်တာက လုံခြုံရေးပါ။ နောက်ဝန်ထမ်းတွေက ဝေးလံသီခေါင်တဲ့နေရာတွေမှာ တာဝန်ထမ်းဆောင်နေရတယ်။ အဓိကက ဆရာ ဆရာမတွေပေ့ါ။ အရင်တုန်းကတော့ ဆရာ ဆရာမတွေ လုံခြုံရေးကို နယ်ခြားစောင့်ရဲတပ်ဖွဲ့က လိုက်ပေးတယ်။ ဆရာ ဆရာမတွေ သူတို့တွေရဲ့ နေရပ်ပြန်ပို့ပေးနိုင်ဖို့က အရေးကြီးနေတယ်။

**ဦးအိစ်မိုလ် (မြို့သူကြီးရွာ၊ မောင်တော)**

အခု အကြမ်းဖက်မှုဖြစ်စဉ်အပေါ် စိတ်မကောင်းဘူး။ ဝမ်းလည်းနည်းတယ်။ ဒီကိစ္စက မလုပ်သင့်ပါဘူး။ ဒါနိုင်ငံတော်ကိုပုန်ကန်တာပါ။ ဥပဒေအရ ထိထိရောက်ရောက် အရေးယူပေးစေချင်တယ်။

လက်ရှိ မောင်တောမြို့ရဲ့အနေအထားက သွားရေးလာရေး အခက်အခဲရှိတယ်။ ဈေးဆိုင်တွေကျောင်းတွေလည်း ပိတ်ထားတယ်။ ကျွန်တော်တို့အနေနဲ့ ကောင်းကောင်းမွန်မွန်နဲ့ နေထိုင်စားသောက်ချင်ပါတယ်။

**ဦးဇော်ဝင်း (ဘူးသီးတောင်ဒေသခံ)**

အကြမ်းဖက်လုပ်ရပ်၊ ဒါ့အပြင် အချုပ်အခြာအာဏာ အမျိုးသားလုံခြုံရေးကိုထိပါးပြီး နယ်မြေလုကျူးကျော်တဲ့စစ်ပွဲလို့မြင်တယ်။ ဒါကို တာဝန်ရှိသူတွေအနေနဲ့ ဘယ်လိုကာကွယ်မလဲ။ ဒါက အရေးကြီးပါတယ်။ လုံခြုံရေးအင်အား



ဒေါက်တာဘော့ရှေရ်

ကို တိုးမြှင့်ပေးစေချင်ပါတယ်။ ဒီမှာရှိတဲ့ လူဦးရေနဲ့ လုံခြုံရေးတာဝန်ထမ်းဆောင်နေတဲ့သူတွေရဲ့လူဦးရေက မမျှမတဖြစ်နေတယ်။ လုံခြုံရေးရဲတပ်ဖွဲ့ဝင်တွေ ကိုင်ဆောင်တဲ့ သေနတ်တွေကလည်း ခေတ်မမီဘူး။ သေနတ်တွေက ကိုယ်စီကိုယ်ငတောင် မကိုင်နိုင်ဘူး။ ခေတ်မီလက်နက်တွေတပ်ဆင်ပြီး လုံခြုံရေးအင်အားကို တိုးမြှင့်ရပါလိမ့်မယ်။ အဲဒါက ဒီဒေသရဲ့ လုံခြုံရေးအတွက် အရေးကြီးပါတယ်။ မောင်တောနဲ့ ဘူးသီးတောင်ဆိုတာ တစ်ဆက်တည်းဖြစ်နေတယ်။ မောင်တောဖြစ်တာနဲ့ ဘူးသီးတောင်လည်း ရိုက်ခတ်မှုရှိတာပဲ။ ဒီပြဿနာတွေကို တည်တည်ငြိမ်ငြိမ်နဲ့ ဖြေရှင်းဖို့တော့လိုတယ်။

**ဒေါက်တာဘော့ရှေရ်**
**(ဘူးသီးတောင်မြို့နယ်)**

ဘေးစကားတွေ၊ ကောလာဟလတွေ၊ သွေးထိုးလှုံ့ဆော်မှုတွေ၊ မဟုတ်မမှန်ရေးသားချက်တွေကို မယုံဖို့၊ နားမယောင်ဖို့ပြောထားတယ်။ တစ်ခုခုဖြစ်တယ်ဆိုရင် အားလုံးညှိနှိုင်းပြီး သေချာလေ့လာစုံစမ်းစိစစ်ပြီး လုပ်မယ်ဆိုရင် ဘာပြဿနာမှ မဖြစ်နိုင်ဘူး။ နိုင်ငံတော်ရဲ့ လုံခြုံရေးတာဝန် ထမ်းဆောင်သူတွေ ပြည်သူကို စောင့်ရှောက်နေတဲ့သူတွေကို တိုက်ခိုက်သွားတယ်ဆိုတာ မဖြစ်သင့်တဲ့ကိစ္စပါ။ ဒါဟာ နိုင်ငံတော်အချုပ်အခြာအာဏာကို ထိပါးတဲ့ကိစ္စလည်းဖြစ်တယ်။ မဆိုင်တဲ့သူတွေမပါဘဲ ပြစ်မှုကျူးလွန်သူတွေကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်သင့်တယ်လို့ ပြောချင်ပါတယ်။

# အာဆီယံဒေသအတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့များ အသိအမြင်ချင်းဖလှယ်၍ မိမိနိုင်ငံအကျိုးအတွက် ဆောင်ရွက်ရန်တိုက်တွန်း




မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့နာယက တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ(၂၀၁၆)သို့ တက်ရောက်လာသည့် ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ် (မြဝတီ)

**နေပြည်တော် အောက်တိုဘာ ၁၄**

နိုင်ငံတော်ကာကွယ်ရေးနှင့် အမျိုးသားနိုင်ငံရေးကဏ္ဍတွင် အင်အားတောင့်တင်းပြီး ကျစ်လျစ်ခိုင်မာသည့် အဖွဲ့အစည်းကြီးဖြစ်သည်နှင့်အညီ နိုင်ငံတော်၏ မူဝါဒများအတိုင်း ပြည်သူလူထုအကျိုးစီးပွားများကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက် နိုင်ငံ၏ တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောကြားသည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့နာယက တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ် ညီလာခံခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ(၂၀၁၆) ဒုတိယနေ့အစည်းအဝေးသို့ တက်ရောက်မိန့်ခွန်းပြောကြားစဉ် ထိုကဲ့သို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့သည် တိုင်းပြည်ချစ်စိတ်၊ မျိုးချစ်စိတ်၊ နိုင်ငံအတွက် စွန့်လွှတ်စွန့်စားလိုစိတ် အပြည့်နှင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်း ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်သားစစ်သည်တော်ကောင်းများဖြင့် စနစ်တကျစုဖွဲ့ထားခြင်းဖြစ်၍ နိုင်ငံတော်နှင့် တပ်မတော်အတွက် အင်အားတောင့်တင်းခိုင်မာသည့် အဖွဲ့အစည်းကြီးတစ်ရပ်ဖြစ်ကြောင်း၊ နိုင်ငံတကာ စစ်မှုထမ်းဟောင်းအဖွဲ့ (World Veterans Federation-WVF) ကို ၁၉၅၀ ပြည့်နှစ်တွင် ဖွဲ့စည်းခဲ့ပြီး လက်ရှိအဖွဲ့ဝင်နိုင်ငံပေါင်း ၁၂၀ နိုင်ငံနှင့် အဖွဲ့ဝင်ပေါင်း ၄၅ သန်းကျော်ရှိကြောင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့အနေဖြင့် ၂၀၁၂ ခုနှစ် စက်တင်ဘာလတွင် အာဆီယံနိုင်ငံများ စစ်မှုထမ်းဟောင်းအဖွဲ့သို့ ဝင်ရောက်ခဲ့ပြီး အာဆီယံဒေသအတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့များနှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ စစ်မှုထမ်းဟောင်းရေးရာများအား အသိအမြင်ချင်းဖလှယ်ခြင်းဖြင့် မိမိနိုင်ငံနှင့် ကိုက်ညီသည့် လုပ်ဆောင်မှုများကို အကျိုးရှိစွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် တိုက်တွန်းလိုကြောင်း။

တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရင်း တိုင်းပြည်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအား တပ်မတော်၏ ကောင်းမြတ်သည့် အစဉ်အလာဖြစ်သည့် အမျိုးသားနိုင်ငံရေး တာဝန်ထမ်းဆောင်မှုအဖြစ် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့အနေဖြင့်လည်း အမျိုးသားနိုင်ငံရေးတာဝန်များကို ကျရာအခန်းကဏ္ဍမှ ပါဝင်လုပ်ဆောင်သွားရမည် ဖြစ်ကြောင်း၊ အမျိုးသားနိုင်ငံရေးခံယူချက်၊ ယုံကြည်ချက်ပြည့်ဝပြီး ကျစ်လျစ်ခိုင်မာစွာ ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့အနေဖြင့် တပ်မတော်နှင့် ပြည်သူ၏ ဆက်စပ်မှုကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ပြည်သူနှင့် တပ်မတော်အကြား ခိုင်မာသည့် ဆက်စပ်မှုရရှိအောင် ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ကြောင်း။

စစ်မှုထမ်းဟောင်းများနှင့် ပတ်သက်သည့် တပ်မတော်၏ လုပ်ဆောင်မှုများအနေဖြင့် အငြိမ်းစားတပ်မတော်သားမိသားစုဝင်များ အဆင်ပြေချောမွေ့စွာ နေထိုင်နိုင်ရေးအတွက် စစ်မှုထမ်းဟောင်းအဆင့်မြင့်အိမ်ရာများအား နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ လားရှိုး၊ ဟုမ္မလင်းတို့တွင် အဆောက်အအုံ ၁၀၁ လုံး ဆောက်လုပ်ပြီးစီး၍ ရန်ကုန်၊ မကွေး၊ ဖာပွန်၊ ထားဝယ်၊ မြိတ်၊ ခိုလမ်တို့တွင် အဆောက်အအုံ အလုံး ၇၀ ဆက်လက်ဆောက်လုပ်နေကြောင်း၊ အငြိမ်းစား အသက် ၆၀ ကျော် စစ်သည်တော်ကြီးများနှင့်ဇနီးများ အေးချမ်းလုံခြုံစွာ နေထိုင်နိုင်ရန် ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာအား နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၌ စေတနာရှင် အလှူရှင်များနှင့် တပ်မတော်တို့ ပူးပေါင်းတည်ဆောက်ခဲ့ကြောင်း၊ ယင်းဘိုးဘွားရိပ်သာ၌ အဘိုး ၁၈၀ ၊ အဘွား ၁၂၀ ၊ အဘိုးအဘွား စုံတွဲ ၅၆ စုံ နေထိုင်နိုင်သည့်အပြင် မသန်စွမ်းစစ်သည် မိသားစု ၇၂ စု ထားရှိနိုင်ကြောင်း၊ တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ကိုယ်လက်အင်္ဂါစွန့်လွှတ်ခဲ့ရသည့် စစ်သည်များအတွက်လည်း ဘဝအာမခံချက်ရှိစေရန် တပ်မတော် အသက်မွေးမှု အတတ်ပညာသင်စခန်းများတွင် အသက်မွေးမှုအတတ်ပညာများ သင်ကြားပေးလျက်ရှိကြောင်း။

လက်ရှိ လျှောက်လှမ်းနေသည့် ဒီမိုကရေစီစနစ် ပိုမိုခိုင်မာစေရန်အတွက် အစိုးရနှင့် ပူးပေါင်းပြီး လက်တွေ့လုပ်ဆောင်ကြမည့် နိုင်ငံရေးပါတီ မဟုတ်သော လူမှုရေးအသင်းအဖွဲ့များ၊ အမျိုးသားနိုင်ငံရေးကို ဆောင်ရွက်ကြမည့် လွတ်လပ်သော အဖွဲ့အစည်းများ လိုအပ်ကြောင်း၊ ယင်းအဖွဲ့များ၏ မောင်းနှင်အားဖြင့် ဒီမိုကရေစီစနစ်ကို ပိုမိုခိုင်မာစေနိုင်သကဲ့သို့ အစိုးရ၏ ယန္တရားများကိုလည်း ပိုမိုအားကောင်းစေမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့အနေဖြင့် ကိုယ်ပိုင်စွမ်းရည်၊ ကိုယ်ပိုင်ဂုဏ်ဒြပ်များဖြင့် ခိုင်ခိုင်မာမာရပ်တည်နိုင်သည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ ယခု ညီလာခံမှစတင်ပြီး မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့အား ပိုမိုလွတ်လပ်သော အဖွဲ့အစည်းအဖြစ် ပြုပြင်ပြောင်းလဲ ဆောင်ရွက်သွားမည်ဖြစ်၍ ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ မိမိအဖွဲ့အစည်း၏ စွမ်းရည်တိုးတက်မြင့်မားရေး ကြိုးစားလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးလုပ်ငန်းများတွင် တပ်မတော်၏ အရန်အင်အားအဖြစ် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြပြီး တပ်မတော်နှင့် ပြည်သူအကြား ပိုမိုခိုင်မြဲသည့် ဆက်စပ်မှုရှိစေရေး ဖြည့်ဆည်းဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးလှမင်း (အငြိမ်းစား) က အသက် ၇၅ နှစ်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် ချီးမြှင့်ထောက်ပံ့ငွေကျပ် သိန်းပေါင်း ၈၁၀၊ မသန်စွမ်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် မသန်စွမ်းအမျိုးအစားအလိုက် ချီးမြှင့်ထောက်ပံ့ငွေကျပ် သိန်းပေါင်း ၁၈၁၅ သိန်းနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သား/သမီးများဖြစ်ကြသည့် တပ်မတော်ဆိုင်ရာ တက္ကသိုလ်များ၌ တက်ရောက်ပညာသင်ကြားလျက် ရှိသူများအတွက် ချီးမြှင့်ထောက်ပံ့ငွေကျပ် ၄၁၄၀၀၀၀ တို့ကို ပေးအပ်ရာ ညီလာခံကိုယ်စားလှယ်များက လက်ခံရယူသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ နာယကအဖွဲ့ဝင်များ၊ ညီလာခံသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် ညီလာခံကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြပြီး စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြသည်။

ညပိုင်းတွင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့နာယက တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ (၂၀၁၆) သို့ တက်ရောက်လာကြသူများအား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ရေခဲတောင်ခန်းမ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ညစာ သုံးဆောင်နေစဉ်အတွင်း မြဝတီတေးဂီတအဖွဲ့က ဂုဏ်ပြုတေးသီချင်းများ၊ အဆို၊ အကများဖြင့် သီဆိုကပြ ဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ ကိုယ်စားလှယ်များ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ (နေပြည်တော်)သို့ အလှူငွေများပေးအပ်

**နေပြည်တော် အောက်တိုဘာ ၁၄**

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၁၆)သို့ တက်ရောက်ကြသည့် ကိုယ်စားလှယ်များသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရွှေကြာပင်လမ်းနှင့် မြတ်မင်္ဂလာလမ်းထောင့်ရှိ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ (နေပြည်တော်)သို့ သွားရောက်လေ့လာကြသည်။

ရှေးဦးစွာ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ(နေပြည်တော်)ဗဟိုအလုပ်အမှုဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်သိန်းထွန်း(အငြိမ်းစား)က ရိပ်သာနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စစ်မှုထမ်းဟောင်းအဖွဲ့များက လှူဒါန်းသည့် အလှူငွေများကို ကိုယ်စားလှယ်များက ပေးအပ်လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်သိန်းထွန်း(အငြိမ်းစား)က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ (၂၀၁၆)သို့ တက်ရောက်ကြသည့် ကိုယ်စားလှယ်များသည် ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ (နေပြည်တော်)ရှိ အဘိုး၊ အဘွား အဆောင်များကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း Industrial Park တစ်ခုတည်ထောင်ရေး ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၄**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yin Qiao Group ၏ Chairman ဖြစ်သူ Mr. Zhao Yin Chun ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲက ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဆေးဝါးထုတ်လုပ်မှုကဏ္ဍ၊ ချည်မျှင်နှင့် အထည်အလိပ်ကဏ္ဍတို့တွင် စက်မှုဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း Industrial Park တစ်ခု တည်ထောင်ရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြားနယ်ပယ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

## ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့်ပတ်သက်၍ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၄**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး Ms. Tone Tinnes အား အောက်တိုဘာ ၁၂ရက် မွန်းတည့် ၁၂ နာရီက ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ရခိုင်ပြည်နယ်မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်တို့အတွင်း ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ အမြဲတမ်းအတွင်းဝန် ဗိုလ်မှူးချုပ်စန်းဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၁၄**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ **(မိုး/ဇလ)**

## (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်

(က) တစ်မျိုးသားလုံး၏ အမျိုးသားရေးစိတ်ဓာတ် ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး၊

(ခ) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များ၊ အမျိုးသားရေးစရိုက် လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

(ဂ) ပြည်ထောင်စုစိတ်ဓာတ် ထာဝရရှင်သန်ထက်မြက်ရေး၊

(ဃ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(င) ဒီမိုကရေစီ နိုင်ငံတော်သစ်တည်ဆောက်ရာတွင် အနုသုခုမပညာဖြင့် ပါဝင်ဆောင်ရွက်ရေး။



## နေပြည်တော် တပ်မတော်စစ်သမိုင်းပြတိုက်သို့ ကရင်အမျိုးသားအစည်းအရုံး(ကေအင်န်ယူ)ဥက္ကဋ္ဌ စောမူတူးစေးဖိုး ဦးဆောင်သောအဖွဲ့လာရောက်လေ့လာ

**နေပြည်တော် အောက်တိုဘာ ၁၄**

ကရင်အမျိုးသားအစည်းအရုံး(ကေအင်န်ယူ)ဥက္ကဋ္ဌ စောမူတူးစေးဖိုးနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တပ်မတော်စစ်သမိုင်းပြတိုက်သို့ လာရောက်လေ့လာကြသည်။ **(အပေါ်ပုံ)**

ကရင်အမျိုးသားအစည်းအရုံး(ကေအင်န်ယူ)ဥက္ကဋ္ဌ စောမူတူးစေးဖိုးနှင့်အဖွဲ့အား မော်ကွန်းတိုက်မှူးက ရုပ်ရှင်ပြခန်း၌ မြန်မာ့တပ်မတော်သမိုင်းကြောင်း မှတ်တမ်းရုပ်ရှင်ကို ဦးစွာရှင်းလင်းပြသသည်။

ဆက်လက်၍ ကရင်အမျိုးသားအစည်းအရုံး(ကေအင်န်ယူ)ဥက္ကဋ္ဌနှင့် အဖွဲ့သည် တပ်မတော်စစ်သမိုင်းပြတိုက်နှင့် မော်ကွန်းတိုက်မှူးရုံးအတွင်း ပြသထားသည့် ပြကွက်များအား ကြည့်ရှုလေ့လာကြရာ မော်ကွန်းတိုက်မှူးက လိုက်လံရှင်းလင်းပြသပြီးနောက် ကရင်အမျိုးသားအစည်းအရုံး(ကေအင်န်ယူ)ဥက္ကဋ္ဌ စောမူတူးစေးဖိုးအား လက်ဆောင်ပစ္စည်း ပေးအပ်သည်။ (မြဝတီ)

## ကျိုက်ထီးရိုးစေတီတော် ဘုရားဖူးများ အခမဲ့ဓမ္မာရုံနှင့် အဆောင်များတွင် တည်းခိုနိုင်

**ကျိုက်ထို အောက်တိုဘာ ၁၄**



မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြသည့် ရဟန်းရှင်လူပြည်သူများ အဆင်ပြေချောမွေ့စွာ နားနေတည်းခိုနိုင်ရန်အတွက် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် ဂေါပကအဖွဲ့က စနစ်တကျစီမံဆောင်ရွက်လျက်ရှိပါသည်။ ဘုရားဖူး ရဟန်းရှင်လူပြည်သူ မည်သူမဆို စေတီတော်ရင်ပြင်တော်ရှိ အောက်ဖော်ပြပါ အခမဲ့ဓမ္မာရုံနှင့် အဆောင်များတွင် စိတ်ချမ်းမြေ့စွာ အခမဲ့တည်းခိုနိုင်ကြောင်း သိရသည်။

| စဉ် | ဓမ္မာရုံ | အထပ် | အခန်း | တည်းခိုနိုင်သော ဦးရေ | ကြီးကြပ်သူ/ ဆက်သွယ်ရန်ဖုန်းနံပါတ် |
|---|---|---|---|---|---|
| ၁ | တိဿဓမ္မာရုံ (ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ) | ပ- ထပ် | ၆ | ၂၀ | ပြည်နယ်အစိုးရအဖွဲ့ရုံး၊ မော်လမြိုင်မြို့ ၀၅၇-၂၃၉၃၇ |
| ၂ | ဆီမီး(၉၀၀၀) ဓမ္မာရုံ | ပ-ဒု-တ ထပ် | - | ၆၀၀ | ဂေါပကအဖွဲ့ရုံး ၀၉-၈၇၂၃၁၉၆၊ ၀၉-၈၇၂၃၁၉၈ |
| ၃ | ပြည့်စုံ(ရင်ပြင်တော်) | ပ-ဒု-တ ထပ် | ၁၈ | ၃၆ | ပြည်နယ်အစိုးရအဖွဲ့ရုံး မော်လမြိုင်မြို့ ၀၅၇-၂၃၉၃၇ |
| ၄ | ပြည့်စုံ(မုဆိုးတောင်) | ပ-ဒု-တ ထပ် | - | ၆၀၀ | ဂေါပကအဖွဲ့ရုံး ၀၉-၈၇၂၃၁၉၆၊ ၀၉-၈၇၂၃၁၉၈ |
| ၅ | သုံးထပ်ဓမ္မာရုံ | ပ- ထပ် | ၅ | ၁၀ | ဂေါပကအဖွဲ့ရုံး ၀၉-၈၇၂၃၁၉၆၊ ၀၉-၈၇၂၃၁၉၈ |
| | **စုစုပေါင်း** | | ၂၉ | ၁၂၆၇ | |

ထို့အပြင် ဘုရားဖူးရဟန်းရှင်လူပြည်သူများတည်းခိုနိုင်သည့် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ရင်ပြင်တော်ရှိ အောက်ဖော်ပြပါ ဓမ္မာရုံများနှင့် တည်းခိုဆောင်များကို ထိန်းသိမ်းစောင့်ရှောက်ပေးနိုင်ရန်အတွက် တည်းခိုလိုသည့် ဘုရားဖူး ခရီးသွားပြည်သူများက သတ်မှတ်နှုန်းထားများအတိုင်း ကုသိုလ်ယူ လှူဒါန်းငွေထည့်ဝင်၍ တည်းခိုနိုင်မည်ဖြစ်သည်-

| စဉ် | ဓမ္မာရုံ | အထပ် | အခန်း | တည်းခိုနိုင်သောဦးရေ | ဝန်ဆောင်ခ (၁)ဦးအတွက် ကောက်ခံနှုန်း | လုပ်ကိုင်ခွင့်ရရှိသူ/ ဆက်သွယ်ရန် ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | တိဿဓမ္မာရုံ | ဒု-တ-စ ထပ် | ၃၉ | ၇၈ | ၁၀၀၀၀ | ဦးခင်တိုး၊ ၀၉-၄၅၃၉၀၄၄၅၈ |
| ၂ | ပေ(၄၀)ဓမ္မာရုံ | ပ-ဒု-တ ထပ် | ၈၀ | ၄၀၈ | ၅၀၀၀ | ဦးသန့်ဟန်၊ ၀၉-၈၆၁၇၅၃၄ |
| ၃ | သုံးထပ်ဓမ္မာရုံ | ဒု-တ-စ ထပ် | ၆၈ | ၃၀၃ | ၅၀၀၀ | ဦးမောင်နိုင်၊ ၀၉-၄၅၄၁၉၂၈၅၉ |
| ၄ | ဂေါပကအဖွဲ့ဓမ္မာရုံ | ပ-ဒု-တ-စ- ပဉ္စမထပ် | ၂၇ ၅၀ | ၅၄ ၁၀၄ | ၁၀၀၀၀ ၁၅၀၀၀ | ဦးနေထက်သိန်းနိုင် ၀၉-၈၆၁၀၉၉၉ |
| ၅ | တည်းခိုဆောင်(၁) ကြူကြူဝင်း | - | ၂၄ | ၁၁၆ | ၅၀၀၀ | ဦးအောင်မြင့်ကို၊ ၀၉-၉၇၃၇၈၂၁၃၃ |
| ၆ | တည်းခိုဆောင် (၂) ဝင်း | - | ၃၉ | ၁၆၅ | ၅၀၀၀ | ဦးဝင်းမြင့်၊ ၀၉-၉၇၂၀၇၉၄၂၉ |
| ၇ | တည်းခိုဆောင် (၃)(၄) ပွင့်ထူး | - | ၄၆ | ၂၁၂ | ၅၀၀၀ | ဦးတင်အောင်၊ ၀၉-၈၇၂၃၁၂၇ |
| | **စုစုပေါင်း** | | ၃၇၃ | ၁၄၄၀ | | |

အထက်ဖော်ပြပါ ဓမ္မာရုံများနှင့် တည်းခိုဆောင်များအား မူလပုံစံမပျက် အရှည်တည်တံ့စေရန်လည်းကောင်း၊ လက်ရှိခန့်အပ်ထားသော ဝန်ထမ်းများ အလုပ်အကိုင်ဆက်လက်ရရှိစေရန်လည်းကောင်း၊ ဓမ္မာရုံများ ပြင်ဆင်ထိန်းသိမ်းရေးစရိတ်၊ ရေ၊ မီး၊ မိလ္လာနှင့် အခြားအသုံးစရိတ်များကို ကျခံသုံးစွဲနိုင်ရန် ရည်ရွယ်၍လည်းကောင်း တည်းခိုလိုသည့် ဘုရားဖူးခရီးသွားပြည်သူများ၏ စိတ်ချမ်းမြေ့စွာ တည်းခိုနိုင်ရေးကို ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဂေါပကအဖွဲ့က ရှေးရှုဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသည့် ထောက်ပံ့ပစ္စည်းများ၊ မောင်တောဒေသရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေး

**နေပြည်တော် အောက်တိုဘာ ၁၄**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း ဖြစ်ပွားခဲ့သည့် အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုများကြောင့် တောင်ပြိုဝဲကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား ယနေ့တွင် တပ်မတော်မှ ရဟတ်ယာဉ်များဖြင့် တောင်ပြိုဝဲကျေးရွာမှ တည်ငြိမ်အေးချမ်းသည့်နေရာများသို့ ထပ်မံပို့ဆောင်ပေးခဲ့သည်။

ထိုသို့ ပို့ဆောင်ရာတွင် ပညာရေးဝန်ထမ်းများနှင့် မိသားစုဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြေစာရင်းဝန်ထမ်းများ၊ သစ်တောဝန်ထမ်းများ၊ INGO ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၁၁၅ ဦးကို စစ်တွေမြို့နှင့် ဘူးသီးတောင်မြို့များသို့ တပ်မတော်ရဟတ်ယာဉ်နှစ်စင်းဖြင့် လေးခေါက်ပို့ဆောင်ပေးခဲ့သည်။

ထို့ပြင် ဒေသခံတိုင်းရင်းသားပြည်သူများအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသည့် ဘီစကစ် ၉၅ ဖာ၊ စည်သွပ်ဘူး ၅၄ ဖာ၊ အချိုရည်ကတ် ၃၀၀ နှင့် မာမီးခေါက်ဆွဲ ၅၀၄ ဖာအား ယမန်နေ့ နံနက် ၉ နာရီ ၂၅ မိနစ်တွင် တပ်မတော်(လေ) လေယာဉ်ဖြင့် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ စစ်တွေမြို့သို့ ပို့ဆောင်ပေးရာ နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် စစ်တွေမြို့သို့ ရောက်ရှိပြီး မွန်းလွဲပိုင်းတွင် မောင်တောမြို့နယ် ကျီးကန်းပြင်ကျေးရွာသို့ တပ်မတော်ရဟတ်ယာဉ်နှစ်စင်းဖြင့် နှစ်ခေါက်ပို့ဆောင်ပေးခဲ့သည်။ အဆိုပါစားသောက်ဖွယ်ရာများအား တပ်မတော်စစ်ကြောင်းများမှ တာဝန်ရှိသူများက ဒေသခံပြည်သူများထံ ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



## အချိန်ပိုင်း ဓာတ်အား ပြတ်တောက်မည်

**နေပြည်တော် အောက်တိုဘာ ၁၄**

(၁၅-၁၀-၂၀၁၆)ရက်(စနေနေ့)တွင် ဒဂုံအရှေ့၊ ဒဂုံတောင်၊ ဒဂုံမြောက်၊ ဒဂုံဆိပ်ကမ်း၊ မြောက်ဥက္ကလာပ၊ သာကေတ၊ ဒေါပုံ၊ မင်္ဂလာတောင်ညွန့်၊ တာမွေ၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ သဃ်န်းကျွန်း၊ ရန်ကင်း၊ လမ်းမတော်၊ လသာ၊ ဒဂုံ၊ အလုံ၊ စမ်းချောင်း၊ ကြည့်မြင်တိုင်၊ ကမာရွတ်၊ လှိုင်၊ ဗဟန်း၊ မရမ်းကုန်း၊ သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ၊ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ အင်းစိန်၊ မင်္ဂလာဒုံ၊ ထောက်ကြန့်၊ မှော်ဘီ၊ လှည်းကူး၊ တိုက်ကြီး၊ မြောင်းတကာ၊ ထန်းတပင်၊ ဥက္ကံ၊ ဖောင်ကြီး၊ အင်းတိုင်၊ အဖျောက်မြို့နယ်များ၏ ရပ်ကွက်အချို့ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တို့တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်ကြောင်း သိရသည်။
(မြန်မာ့အလင်း)

# မိုင်းဖြတ်မြို့ စိတ္တသုခကျောင်းတိုက်တွင် နှစ်ကျိပ်ရှစ်ဆူ ဝက်ပါမီးထွန်းပွဲတော် စည်ကားစွာကျင်းပ



**မိုင်းဖြတ် အောက်တိုဘာ ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဖြတ်မြို့တွင် တတိယအကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဝက်ပါဘုရား မီးထွန်းပွဲတော်ကြီးကို (သီတင်းကျွတ်လဆန်း ၁၁ ရက်)အောက်တိုဘာ ၁၂ ရက် ညနေ ၅ နာရီက ကွက်သစ်ရပ်ကွက် စိတ္တသုခကျောင်းတိုက်တွင် စည်ကားစွာ ကျင်းပပြုလုပ်ပူဇော်ခဲ့သည်။

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ပြီး စိတ္တသုခကျောင်းထိုင်ဆရာတော် ဦးဓမ္မဝံသက ပွဲတော်ကြီးဖြစ်မြောက်အောင် ပါဝင်ကူညီလှူဒါန်းခဲ့ကြသော အလှူရှင်များနှင့် လုပ်အားဒါနအလှူရှင်များအား ကျေးဇူးတင်စကား မိန့်ကြားခဲ့သည်။ ထို့နောက် တစ်ဦးချင်းဘုရား အလှူရှင်များက ကကုသန်၊ ကောဏဂုံ၊ ကဿပ၊ ဂေါတမ အစရှိသော ဘုရားဆင်းတုတော်များနှင့် ၂၄ ဆူသော ဘုရားဆင်းတုတော်တို့အား ဝက်ပါအတွင်းသို့ လှည့်လည်ပူဇော်ခဲ့ကြသည်။

ဆက်လက်၍ နှစ်ကျိပ်ရှစ်ဆူဝက်ပါမီးထွန်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ စိတ္တသုခကျောင်းတိုက်ဆရာတော် ဦးဓမ္မဝံသ၊ အမှတ်(၁၈) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်၊ စစ်ဆင်ရေးကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်မျိုးတင့်အောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလင်းဇော်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလှိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

အဆိုပါမီးထွန်းပွဲတော်ကို အောက်တိုဘာ ၁၂ရက်မှ ၁၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ယခုလိုနှစ်ကျိပ်ရှစ်ဆူ ဝက်ပါမီးထွန်းပွဲတော်ကျင်းပရခြင်းမှာ ပွင့်တော်မူကြကုန် သောဘုရားရှင်ကိုယ်တော်မြတ်တို့၏ ဂုဏ်တော်အနန္တကို မှန်းဆ၍ဆီမီးထွန်းညှိပူဇော်ရခြင်းနှင့် ဂေါတမမြတ်စွာဘုရားဖြစ်တော်မူပြီး မယ်တော်အား ကျေးဇူးဆပ်သောအားဖြင့် တာဝတိံသာနတ်ပြည်သို့ ကြွရန် ဝါတွင်းသုံးလကာလပတ်လုံး တရားတော်များဟောကြားပြီး လူ့ပြည်သို့ ပြန်လည်ကြွချီတော်မူလာခြင်းအထိမ်းအမှတ်အနေဖြင့် နှစ်ကျိပ်ရှစ်ဆူဝက်ပါမီးထွန်းပွဲတော်ကို ပြုလုပ်ပူဇော်ရခြင်းဖြစ်ကြောင်း ဆရာတော် ဦးဓမ္မဝံသထံမှ သိရသည်။

**သန်းထွန်းအေး (ပြန်/ဆက်)**

# အာဆီယံရွှေ့ပြောင်းအလုပ်သမားရေးရာဖိုရမ်တွင် ပြည်ပရောက်မြန်မာများအတွက် အခွင့်အလမ်းပိုရရန် ဆောင်ရွက်မည်

**သတင်း - ခင်ရတနာ၊ ဓာတ်ပုံ - မေဦးမိုး၊ အလည**




မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် အာဆီယံ ရွှေ့ပြောင်း အလုပ်သမား ဖိုရမ် ကျင်းပခဲ့စဉ်

**နေပြည်တော် အောက်တိုဘာ ၁၄**

မကြာမီကျင်းပတော့မည့် အာဆီယံရွှေ့ပြောင်းအလုပ်သမားရေးရာဖိုရမ်တွင် ပြည်ပရောက် မြန်မာအလုပ်သမားများအတွက် အခွင့်အလမ်းများနှင့် ရပိုင်ခွင့်များကို ပိုမိုရရှိနိုင်ရန်အတွက် ပြည်တွင်းပညာရှင်များနှင့် အလုပ်သမားများစုပေါင်းကာ နိုင်ငံအဆင့် ဖိုရမ်တစ်ခုကိုကျင်းပသွားမည်ဖြစ်ပြီး ယင်းဖိုရမ်မှ တစ်ဆင့်ထွက်ပေါ်လာမည့် မြန်မာအလုပ်သမားများ၏ အခွင့်အရေးကို အာဆီယံဖိုရမ်တွင် တင်ပြဆွေးနွေးသွားမည်ဖြစ်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရှိရသည်။

အဆိုပါ နိုင်ငံအဆင့် ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ အာဆီယံဖိုရမ်ကို အောက်တိုဘာ ၂၀ ရက်တွင် Hilton ဟိုတယ် နေပြည်တော်၌ ကျင်းပမည်ဖြစ်ပြီး ဝန်ကြီးဌာနဦးဆောင်မှုဖြင့် ပြည်ပအလုပ်အကိုင် ကြီးကြပ်ရေးကော်မတီဝင် ဝန်ကြီးဌာနများ၊ အလုပ်ရှင်အဖွဲ့အစည်းများ၊ အလုပ်သမားအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ILO ၊ IOM ၊ UN Women ၊ TFAMW ၊ World Vision (Myanmar) တို့မှ ကိုယ်စားလှယ်များဖြင့် စုစုပေါင်း ၇၀ ခန့်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



ဦးမျိုးအောင် (အမြဲတမ်းအတွင်းဝန်)

နဝမအကြိမ်မြောက် ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ အာဆီယံဖိုရမ်၏ ရည်မှန်းချက်များမှာ သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးမှ အဋ္ဌမအကြိမ်မြောက် ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ အာဆီယံဖိုရမ်နှင့် ကျင်းပခဲ့ပြီးသည့် ရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာ အာဆီယံဖိုရမ်များမှ အကြံပြုချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ အတွေ့အကြုံများ၊ စိန်ခေါ်မှုများနှင့် ကောင်းမွန်သည့် ဆောင်ရွက်ချက်များကို ဝေမျှရန်၊ အာဆီယံအတွင်း ရွှေ့ပြောင်းအလုပ်သမားများအတွက် လူမှုရေးကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ လက်ရှိအခြေအနေများကို နားလည်လာစေပြီး ယင်းတို့အတွက် လူမှုရေးကာကွယ်စောင့်ရှောက်မှုများ တိုးတက်ကောင်းမွန်လာစေရန်အတွက် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရှာဖွေရန်နှင့် အာဆီယံအတွင်း ရွှေ့ပြောင်းအလုပ်သမားများအတွက် လူမှုဖူလုံမှုများကို လွှဲပြောင်းရယူနိုင်မည့် နည်းလမ်းများကို လေ့လာရန်၊ ဆွေးနွေးမည့် အကြောင်းအရာများအတွက် အကြံပြုချက်များ လုပ်ဆောင်ခြင်း နှင့် ယင်းတို့အား အတည်ပြုပေးရန်ဖြစ်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ရှင်းပြသည်။

အာဆီယံအသိုက်အဝန်းတွင် ASEAN Economic Community –AEC ၏ တစ်ခုတည်းသောဈေးကွက်နှင့် ထုတ်လုပ်မှုအခြေခံဒေသမျှော်မှန်းချက် Single Market and Production Base တွင် ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာ သွားလာနိုင်ရေးသည်လည်းကောင်း၊ ASEAN Social Cultural Community- ASCC တွင် ရွှေ့ပြောင်းအလုပ်သမားများ အထူးသဖြင့် အမျိုးသမီး၊ ကလေး၊ သက်ကြီးရွယ်အို၊ မသန်စွမ်းသူများကို အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ပေးခြင်းနှင့် မြှင့်တင်ခြင်းဆိုင်ရာလုပ်ငန်းစဉ်တွင်လည်းကောင်း၊ ASEAN Political Security Community- APSC တွင် ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးခြင်းနှင့် မြှင့်တင်ပေးခြင်းအတွက် ကဏ္ဍအလိုက် Sectoral Body များ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းစဉ်တွင်လည်းကောင်း ရွှေ့ပြောင်းအလုပ်သမားများသွားလာခြင်းအတွက် ဆောင်ရွက်ရန်ပါဝင်ရာ မြန်မာနိုင်ငံအနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အာဆီယံနိုင်ငံများတွင် အလုပ်သမားများ ရွှေ့ပြောင်းသွားလာခြင်းတွင် ပါဝင်သည့် Key Stakeholders ဖြစ်သည့် အစိုးရ၊ အလုပ်ရှင်အဖွဲ့အစည်း၊ အလုပ်သမားအဖွဲ့အစည်းများ ပါဝင်သည့် သုံးပွင့်ဆိုင်အဖွဲ့၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများပါဝင်တက်ရောက် ဆွေးနွေးကြရမည်ဖြစ်သည်။

ASEAN Forum on Migrant Labour(AFML) ရည်ရွယ်ချက်များမှာ ယခင်ကျင်းပခဲ့သော ASEAN Forum on Migrant Labour (AFML) အစည်းအဝေး၏ ထောက်ခံချက်များကို အကောင်အထည်ဖော်နိုင်ရေးအတွက် Stakeholders များ၏ အတွေ့အကြုံ ၊ စိန်ခေါ်မှု၊ ကောင်းမွန်သော လုပ်ထုံးလုပ်နည်းများကိုဖလှယ်ရန် ASEAN Forum on Migrant Labour(AFML) အစည်းအဝေးများတွင် ASEAN Declaration on the Protection and Promotion of the Rights of Migrant Workers တွင် ပါဝင်သော မူရင်းနိုင်ငံ၊ လက်ခံသော နိုင်ငံတို့၏လိုက်နာရမည့် အချက်စစ်ဆေးရန် ဆွေးနွေးမှုများ ရရှိလာသော ထောက်ခံချက်များကို သဘောတူညီမှု မူကြမ်းပြုစုရန်ဖြစ်ကြောင်း သိရသည်။

ယခင် ASEAN Forum on Migrant Labour (AFML) ဆွေးနွေးပွဲများတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် Social Partiers များအတွက် သတင်းအချက်အလက် ဝန်ဆောင်မှုပေးခြင်း၊ မိခင်နိုင်ငံပြန်လာခြင်းနှင့် မိသားစုပြန်လည်ပေါင်းစည်းခြင်း၊ ရွှေ့ပြောင်းအလုပ်သမားများ၏ ကောင်းမွန်သောပုံရိပ်မြှင့်တင်ခြင်း၊ လူစုဆောင်းခြင်းဆိုင်ရာ စည်းကမ်းချက်များ၊ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ သတင်းအချက်အလက်များ ကောက်ယူခြင်း၊ မျှဝေခြင်း၊ တိုင်ကြားမှုယန္တရားစနစ် တည်ထောင်ခြင်းတို့ကို ဖိုရမ်မှတစ်ဆင့် ဆောင်ရွက်ပေးနိုင်ခဲ့ပြီ ဖြစ်သည်။

"ရွှေ့ပြောင်းအလုပ်သမားတွေက ရောက်ရှိနိုင်ငံနဲ့ မူရင်းနိုင်ငံတွေရဲ့ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေတဲ့သူတွေဖြစ်ပါတယ်။ ရွှေ့ပြောင်းအလုပ်သမားများအရေးကို အာဆီယံအဖွဲ့ဝင်နိုင်ငံ အသီးသီးရဲ့ဥပဒေတွေ၊ စည်းမျဉ်းစည်းကမ်းတွေ၊ မူဝါဒတွေနဲ့အညီ လွတ်လပ်မျှတပြီး တည်ငြိမ်တဲ့ အခြေအနေကိုဖန်တီးပြီး ရွှေ့ပြောင်းအလုပ်သမားတွေရဲ့ စွမ်းရည်နဲ့ဂုဏ်သိက္ခာကို အပြည့်အဝမြှင့်တင်ပေးဖို့ လိုအပ်တယ်"ဟု ဦးမျိုးအောင်က ပြောပြသည်။

နိုင်ငံအသီးသီးမှ နိုင်ငံအဆင့် ဆွေးနွေးပွဲများ၏ ထောက်ခံအကြံပြုချက်များကို နိုဝင်ဘာ ၉ ရက်နှင့် ၁၀ ရက် တို့တွင် လာအို နိုင်ငံ၊ ဗီယင်ကျန်းမြို့၌ကျင်းပမည့် နဝမအကြိမ်မြောက် ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာဖိုရမ်တွင် ဆွေးနွေးမည်ဖြစ်သည်။ နဝမအကြိမ်မြောက် ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ အာဆီယံဖိုရမ်ကို "အာဆီယံရွှေ့ပြောင်းအလုပ်သမားများအတွက် လူမှုရေးကာကွယ်စောင့်ရှောက်မှုများကို မြှင့်တင်ခြင်းအားဖြင့် ပိုမိုကောင်းမွန်သည့်ဘဝများဆီသို့" ဆောင်ပုဒ်ဖြင့် ဆွေးနွေးမည်ဖြစ်ရာ "အာဆီယံအတွင်းရွှေ့ပြောင်းအလုပ်သမားများအား လူမှုရေးကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ လက်ရှိအခြေအနေ" နှင့် "အာဆီယံအတွင်း ရွှေ့ပြောင်းအလုပ်သမားများ၏ လူမှုဖူလုံရေးကို လွှဲပြောင်းရယူနိုင်စေရန် ရှေးရှုဆောင်ရွက်ခြင်း" ခေါင်းစဉ်များဖြင့် ဆွေးနွေးသွားမည်ဖြစ်သဖြင့် မြန်မာအလုပ်သမားများအခွင့်အရေးနှင့် ကာကွယ်စောင့်ရှောက်ခြင်းများအတွက် တစ်တပ်တစ်အားပင်ဖြစ်ကြောင်း အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ပြောကြားသည်။

**(မြန်မာ့အလင်း)**

# အမေရိကန်စီးပွားရေးပိတ်ဆို့မှုဖယ်ရှားလိုက်ပြီးနောက် ခရီးဆောင်အိတ်ချုပ်လုပ်ရေးလုပ်ငန်းများ အလားအလာကောင်းမည်

**ရန်ကုန် အောက်တိုဘာ ၁၄**

အမေရိကန်က မြန်မာနိုင်ငံအပေါ်ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများ လုံးဝရုပ်သိမ်းလိုက်ပြီးနောက် စီးပွားရေးအထူးအခွင့်အရေး GSP ပေးရာတွင် အထည်ချုပ်ကဏ္ဍ (garment sector) မပါဝင်သေးသော်လည်း ခရီးဆောင်အိတ်ချုပ်လုပ်တင်ပို့ရေးလုပ်ငန်းများ ပါဝင်သဖြင့် စီးပွားရေးအလားအလာကောင်းများရရှိမည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောသည်။

"အခုမြန်မာနိုင်ငံကို GSP ပေးမယ့်အထဲမှာ garment sector မပါဝင်သေးပါဘူး။ ဒါပေမယ့် မြန်မာနိုင်ငံအတွက် ဘယ်ကဏ္ဍကအလားအလာအကောင်းဆုံးဖြစ်လာမလဲဆိုရင် ခရီးဆောင်အိတ်ချုပ်လုပ်ငန်းတင်ပို့ရေးကဏ္ဍက အားအကောင်းဆုံးဖြစ်ပါတယ်။ GSP ပေးမယ့်အထဲမှာ ဒီကဏ္ဍကပါဝင်မှာဖြစ်ပါတယ်။။ နှစ်စဉ် အမေရိကန်မှာ ခရီးဆောင်အိတ်တင်သွင်းမှုက အမေရိကန်ဒေါ်လာသန်းပေါင်း တစ်သောင်းကျော် တင်သွင်းနေပါတယ်။ ဒီအတွက် မြန်မာနိုင်ငံ အိတ်ချုပ်လုပ်ငန်း လုပ်ကိုင်သူတွေအနေနဲ့ စီးပွားရေးအခွင့်အလမ်းကောင်းတစ်ခုကို ရရှိမှာဖြစ်ပါတယ်"ဟု ၎င်းကဆက်လက်ပြောသည်။

အမေရိကန်အရေးယူပိတ်ဆို့မှု ရုပ်သိမ်းခြင်းမှာ ဖြေလျှော့ခြင်းမဟုတ်ဘဲ လုံးဝရုပ်သိမ်းပေးခြင်းဖြစ်၍ အမေရိကန်ဒေါ်လာနှင့် လုပ်ကိုင်ရသည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ ရောင်းရေးဝယ်ရေးလုပ်ငန်းများ မြန်မာနိုင်ငံသားများအတွက် တိုက်ရိုက်အကျိုးစီးပွားဖြစ်ထွန်းလာတော့မည်ဖြစ်ကြောင်း၊ ယခင်က အခြားနိုင်ငံများနှင့် သွယ်ဝိုက်၍ ကုန်သွယ်မှုပြုလုပ်ရသောလုပ်ငန်းများ တိုက်ရိုက်ချိတ်ဆက်လုပ်ကိုင်လာနိုင်ပြီဖြစ်ကြောင်းသိရသည်။ အလားတူ အမေရိကန်စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း မြန်မာနိုင်ငံအတွင်းသို့ ရင်းနှီးမြှုပ်နှံရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် လွတ်လပ်စွာလုပ်ကိုင်နိုင်တော့မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့အကြား စီးပွားရေးဆက်ဆံမှုများ အရှိန်အဟုန်မြင့်တတ်လာမည်ဖြစ်ကြောင်း၊ မကြာမီနှစ်များအတွင်း မြန်မာနိုင်ငံအတွက် စီးပွားရေးအလားအလာကောင်းများမှ တစ်ဆင့် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်လိမ့်မည်ဟု ယုံကြည်မိကြောင်း ၎င်းက ရှင်းပြသည်။

**မြင့်မောင်စိုး**

# မုန်တိုင်းသင့်ပြည်သူများ၏ ပြန်လည်ထူထောင်ရေးအတွက် ဗင်နီဇွဲလားအကူအညီပေးသင်္ဘောရောက်ရှိ

**ဟာဗားနား အောက်တိုဘာ ၁၄**

ကျူးဘားအာဏာပိုင်များသည် ကြာသပတေးနေ့က မုန်တိုင်းသင့်ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များတင်ဆောင်လာသည့် ဗင်နီဇွဲလားရေတပ်သင်္ဘောအား လှိုက်လှဲဝမ်းသာစွာလက်ခံခဲ့ရာ ထိုသင်္ဘောမှာ ဟာဗားနားအရှေ့ဘက် ကီလိုမီတာ ၈၀၀ အကွာရှိ ကျူးဘားဆိပ်ကမ်း ဆန်တီယာဂိုသို့ ဝင်ရောက်ခဲ့သည်။ သင်္ဘောပေါ်တွင် တန်ချိန် ၃၀၀ ကျော်ရှိသည့် စက်ပစ္စည်းနှင့် မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးခဲ့သည့်နေရာများတွင် ပြန်လည်ထူထောင်ရေးလုပ်ဆောင်ရန်အတွက် ဆောက်လုပ်ရေးပစ္စည်းများပါလာကြောင်း အာဏာပိုင်များက ပြောကြားသည်။

ရုပ်မြင်သံကြား၌ ကြိုဆိုသည့် အခမ်းအနားကို ထုတ်လွှင့်နေစဉ်အတွင်း ကျူးဘားရှိ ဗင်နီဇွဲလားသံရုံးမှ အကြံပေးပုဂ္ဂိုလ်က ကုန်စည်များတင်ဆောင်လျက် အကူအညီပေးသင်္ဘောဝင်ရောက်လာမှုသည် ချစ်ကြည်ရင်းနှီးမှုနှင့် စုစည်းညီညွတ်မှုကို ဖော်ကျူးလိုက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဟာရီကိန်းမက်သရူးမုန်တိုင်းသည် အောက်တိုဘာ ၄ ရက်က ဂွမ်တာနာမိုအရှေ့ပိုင်းပြည်နယ်တွင် ဝင်ရောက်မွှေနှောက်ဖျက်ဆီးခဲ့ရာ စီးပွားရေးအရ အကြီးအကျယ် ထိခိုက်ဆုံးရှုံးခဲ့ရသည်။ ကာရစ်ဘီယံကျွန်းပေါ်၌ ကျူးဘားပြည်တွင်း ကာကွယ်ရေးအဖွဲ့က အချိန်မီကယ်ဆယ်ရွှေ့ပြောင်းခဲ့မှုကြောင့် သေကျေပျက်စီးမှုမရှိခဲ့ကြောင်း သိရသည်။

**(ဘီဘီစီ )**

# ကလင်တန်နှင့်မီဒီယာများက ဒေါ်နယ်ထရန့်အား အိမ်ဖြူတော်နှင့်ဝေးသထက်ဝေးအောင် လုပ်ဇာတ်ခင်းနေကြောင်း ထရန့်ပြော

**ဝါရှင်တန် အောက်တိုဘာ ၁၄**

အမျိုးသမီးအချို့က ဒေါ်နယ်ထရန့်သည် ၎င်းတို့အားမဖွယ်မရာပြုမူပြောဆိုခဲ့သည်ဆိုသော စွပ်စွဲချက်မှာ လုံးဝမမှန်ကန်ကြောင်း ရီပတ်ဘလစ်ကန်သမ္မတလောင်း ဒေါ်နယ်ထရန့်က ငြင်းဆန်လိုက်ပြီး ၎င်း၏ယှဉ်ပြိုင်ဘက် ဟီလာရီကလင်တန်နှင့် မီဒီယာများသည် ၎င်းအား အိမ်ဖြူတော်၌ အနိုင်မရရှိစေရေး အကြီးအကျယ်အားထုတ်လုပ်ဆောင်နေကြကြောင်း ဒေါ်နယ်ထရန့်က စွပ်စွဲခဲ့သည်။

နိုဝင်ဘာ ၈ ရက် ရွေးကောက်ပွဲမတိုင်မီအကြိုကာလတွင် ထောက်ခံမဲများ ကျဆင်းလာမှုနှင့်အတူ ရီပတ်ဘလစ်ကန် သမ္မတလောင်းအဖြစ် အမည်စာရင်း တင်သွင်းခြင်းခံရသူ ဒေါ်နယ်ထရန့်သည် ဖလော်ရီဒါရှိ လူထုစုဝေးပွဲ၌ နိုင်ငံ၏အသက်ရှင်သန်ခွင့်အတွက် ကြိုးပမ်းအားထုတ်မှုတစ်ရပ်ကို ၎င်းက ဆင်နွှဲနေခြင်းဖြစ်ကြောင်း ၎င်းကို ထောက်ခံသူများအား ပြောကြားခဲ့သည်။

၁၉၈၀ ပြည့်နှစ်များ အတွင်း အမျိုးသမီးများနှင့် ပတ်သက်၍ မဖွယ်မရာ ပြောဆိုခဲ့သည်ဟူသော စွပ်စွဲမှုများသည်လည်း ၎င်းကို အိမ်ဖြူတော်နား မကပ်နိုင်အောင် ပူးပေါင်းကြံစည်နေမှုများထဲမှ တစ်ခုသာဖြစ်ကြောင်း ထရန့်က ဆိုသည်။

“ဒါတွေကို ကလင်တန်လည်း သိပါတယ်။ ဒီလူတွေကို ကျွန်တော်ဆုံလည်း မဆုံဖူးဘူး။ ဘယ်သူတွေလဲဆိုတာကိုတောင် ကျွန်တော် မသိခဲ့ပါဘူး” ဟု ထရန့်က ကြာသပတေးနေ့နှောင်းပိုင်းတွင် အိုဟိုင်းယိုး၌ ပြောကြားခဲ့သည်။

**(ရိုက်တာ )**




# ငြိမ်းချမ်းရေးဆက်လက်ထိန်းရန် အပစ်ရပ်စာချုပ်ကို ကိုလံဘီယာအချိန်ထပ်ဆွဲ



**ဘိုဂိုတာ အောက်တိုဘာ ၁၄**

ကိုလံဘီယာသမ္မတ ဂျူအန်မန်နျူရယ် ဆန်တို့စ်သည် နှစ်မကုန်ဆုံးမီ ငြိမ်းချမ်းရေးကို ကြာရှည်ထိန်းသိမ်းထားနိုင်မည့် FARC သူပုန်များနှင့် လက်မှတ်ရေးထိုးထားသည့် အပစ်အခတ်ရပ်စဲရေးစာချုပ်ကို အချိန်ထပ်တိုးခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်လက လက်ဝဲယိမ်း FARC သူပုန်များနှင့် လက်မှတ်ရေးထိုးခဲ့သည့် ငြိမ်းချမ်းရေးစာချုပ်သည် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲအတွင်း ကန့်ကွက်ငြင်းပယ်ခံခဲ့ရသည်။

မစ္စတာဆန်တို့စ်သည် ကျူးဘားမြို့တော် ဟာဗားနားတွင် FARC ခေါင်းဆောင်များနှင့် တွေ့ဆုံမှု၌ ကမ်းလှမ်းမှုအသစ်များ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ မူလအပစ်အခတ်ရပ်စဲရေးစာချုပ်သည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် သက်တမ်းကုန်ဆုံးခဲ့ပြီဖြစ်ပြီး အောက်တိုဘာ ၃၁ ရက်သို့ ထပ်မံအချိန် တိုးချဲ့ခဲ့သည်။

ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ခဲ့သည့် မိန့်ခွန်း၌ မစ္စတာဆန်တို့စ်က ငြိမ်းချမ်းရေးစာချုပ်ကို ထောက်ခံသည့်အနေဖြင့် ဘိုဂိုတာ၌ စုဝေးခဲ့သည့် ကျောင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် အပစ်အခတ်ရပ်စဲရေးစာချုပ်ကို နောက်ထပ် အချိန်ကြာမြင့်အောင် ချဲ့ထွင်ရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

**(ဘီဘီစီ)**

# ထိုင်းဘုရင်နတ်ရွာစံပြီးနောက် အိမ်ရှေ့မင်းသားအား ထီးနန်းတင်ရန် ထိုင်းပါလီမန်ဆိုင်းငံ့

**ဗန်ကောက် အောက်တိုဘာ ၁၄**

ထိုင်းဘုရင်ဘူမိဘော နတ်ရွာစံသွားပြီးနောက် အသက် ၆၃ နှစ်ရှိ သရဖူဆောင်းမင်းသား မဟာဗာဂျီရာ လောင်ကွန်မ်အား ထီးနန်းတင်ရန် လုပ်ငန်းစဉ်များအား ထိုင်းပါလီမန်က ဆိုင်းငံ့ထားကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ထိုင်းနိုင်ငံ ကြားဖြတ်ဝန်ကြီးချုပ် ပရာယုချန်အိုချာက ၎င်းအနေဖြင့် ထိုင်းဘုရင်ကြီးကွယ်လွန်သွားပြီးနောက် အိမ်ရှေ့မင်းသား မဟာဗာဂျီရာလောင်ကွန်မ်နှင့်တွေ့ဆုံခဲ့ကြောင်း၊ ၎င်းမှာ ထိုင်းဘုရင်ကြီး၏တစ်ဦးတည်းသော သားဖြစ်ကြောင်း အောက်တိုဘာ ၁၃ ရက်က သတင်းထောက်များအား ပြောကြားသည်။

အိမ်ရှေ့မင်းသားသည် ထီးနန်းစိုးစံရန် ၎င်း၏တောင်းဆိုမှုကိုလက်ခံခဲ့သော်လည်း ဘုရင်အဖြစ်တင်မြှောက်ခြင်းလုပ်ငန်းစဉ်များအား သင့်တော်သောကာလအထိ ရွှေ့ဆိုင်းထားကြောင်း ပြောခဲ့သည်။

၎င်းအနေဖြင့်ထိုင်းနိုင်ငံသားများနှင့်အတူ အချိန်တစ်ခုအထိ ဝမ်းနည်းကြေကွဲပြီးမှ ထီးနန်းအမွေကိုဆက်ခံမည်ဖြစ်ကြောင်း ပရာယုက ပြောခဲ့သည်။

ပရာယုက ထိုင်းနိုင်ငံသားများအား ရက် ၃၀ အထိပျော်ပွဲရွှင်ပွဲများကို မလုပ်ရန် တိုက်တွန်းထားသော်လည်း စီးပွားရေးကို ပုံမှန်အတိုင်းဆက်လက်လုပ်ဆောင်ရန် ပြောကြားခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

# ဖိလစ်ပိုင်တွင် ဇီကာဗိုင်းရပ်စ်ကူးစက်မှုနှစ်ခု ထပ်မံတွေ့ရှိ

**မနီလာ အောက်တိုဘာ ၁၄**

ဇီကာဗိုင်းရပ်စ်ကူးစက်မှုနှစ်ခု ထပ်မံတွေ့ရှိကြောင်း၊ စုစုပေါင်း ဇီကာဗိုင်းရပ်စ်ကူးစက်မှုခံစားရသူ ၁၇ နှစ်ဦးထိရှိပြီဖြစ်ကြောင်း ဖိလစ်ပိုင်အစိုးရက အောက်တိုဘာ ၁၄ ရက်က သတင်းဖော်ပြခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ မာကာတီနှင့် ကွီဇုန်မြို့များတွင် ဇီကာဗိုင်းရပ်စ်ကူးစက်မှုနှစ်ခုကို ထပ်မံတွေ့ရှိခဲ့ရကြောင်း ကျန်းမာရေးဝန်ကြီး ပေါလ်လန် ယူရီယယ်က သတင်းထောက်များကို ပြောကြားခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာနက ဇီကာဗိုင်းရပ်စ်ကူးစက်ခံနေရသည်ဟု သံသယရှိနေသည့် ဖိလစ်ပိုင်နိုင်ငံသားများအား ဆရာဝန်နှင့် ချက်ခြင်းတိုင်ပင်ပြီး ဇီကာဗိုင်းရပ်စ်အန္တရာယ်မှ ကင်းဝေးအောင် လုပ်ဆောင်သင့်ကြောင်း အကြံပြုထားသည်။

၎က်ဖျားရောဂါသယ်ဆောင်နိုင်သည့် အေးဒိစ်ခြင်မျိုးစိတ်ကိုက်ခြင်းခံရလျှင် ဇီကာဗိုင်းရပ်စ်ရောဂါပိုးကူးစက်ခြင်းခံရနိုင်ကြောင်းသိရသည်။ တွေ့ရများသည့် ရောဂါလက္ခဏာများမှာ ဖျားနာခြင်း၊ အရေပြားအဖုအပိန့်ထွက်ခြင်း၊ အရိုးအဆစ်နာကျင်ခြင်းနှင့် မျက်လုံးချွဲမြေးပါးရောင်ရမ်းခြင်းတို့ဖြစ်ကြောင်း သိရှိရသည်။

ဇီကာဗိုင်းရပ်စ်သည် စင်ကာပူနိုင်ငံတွင် ပျံ့နှံ့နေပြီး ဇီကာဗိုင်းရပ်စ်ရောဂါဖြစ်ပွားမှုများမှာ ဆက်လက်မြင့်တက်လာနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဒဗလျူအိတ်ချ်အိုက ပြောသည်။

**(ဆင်ဟွာ)**

# လန်ဒန်တိရစ္ဆာန်ရုံမှ မျောက်ဝံတစ်ကောင်လွတ်မြောက်ခဲ့သော်လည်း ပြန်လည်ဖမ်းဆီးနိုင်ခဲ့

**လန်ဒန် အောက်တိုဘာ ၁၄**

ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော်ရှိ တိရစ္ဆာန်ရုံတစ်ရုံမှ မျောက်ဝံတစ်ကောင် လှောင်အိမ်ထဲမှ လွတ်မြောက်သွားခဲ့သော်လည်း တစ်ဦးတစ်ယောက်မျှဒဏ်ရာရရှိခဲ့ခြင်းမရှိဘဲ ပြန်လည်ဖမ်းဆီးနိုင်ခဲ့ကြောင်း သည်အင်ဒီပင်းဒင့်န်သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အောက်တိုဘာ ၁၃ ရက် ညနေ ၅ နာရီလောက်က မျောက်ဝံကြီး လွတ်မြောက်သွားပြီးနောက်



တိရစ္ဆာန်ရုံသို့လာရောက်သည့် ဧည့်သည်များနှင့် ဝန်ထမ်းများအား အလုံပိတ်အခန်းတစ်ခန်းတွင်ထားကာ ယင်းအားအသည်းအသန် လိုက်လံရှာဖွေခဲ့ကြသည်။

လွတ်မြောက်သွားသည့် မျောက်ဝံကြီး ကွမ်ဘူကာအား ပြန်လည်ဖမ်းမိစေရေးအတွက် မေ့ဆေးသေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ကြောင်းသိရသည်။ ယင်းဂေါ်ရီလာကြီးအား ညနေ ၆ နာရီခွဲဝန်းကျင်တွင် ပြန်လည်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

မျောက်ဝံကြီးအနေဖြင့် ပိုင်ဂ်တန် တိရစ္ဆာန်ဥယျာဉ်လှောင်အိမ်ထဲမှ လွတ်မြောက်ရန်ကြိုးစားခြင်းသည် ပထမဆုံးအကြိမ်မဟုတ်ကြောင်း၊ မှန်ဖြင့် ပြုလုပ်ထားသည့်လှောင်အိမ်အား အကြိမ်ကြိမ်လွတ်မြောက်ရန် ကြိုးစားအားထုတ်ခဲ့ကြောင်း တိရစ္ဆာန်ရုံဝန်ထမ်းတစ်ဦးက ပြောသည်။ မျောက်ဝံကြီးလွတ်မြောက်သွားသောအချိန်တွင် ဧည့်သည်များမှာ စိုးရိမ်ထိတ်လန့်ခဲ့သော်လည်း ရဲတပ်ဖွဲ့ဝင်များက တိရစ္ဆာန်ရုံတာဝန်ရှိသူများအားကူညီ၍ မျောက်ဝံကြီးအား ပြန်လည်ဖမ်းဆီးပေးနိုင်ခဲ့သည်။

ကွမ်ဘူကာသည် မေ့ဆေးပြယ်ပြီး ကောင်းမွန်စွာလန်းဆန်းလာကာ ယင်းမိသားစုဝင်များနှင့် ပြန်လည်ရောနှောသွားတာ ဝမ်းသာစရာပါဟု ပြန်ကြားရေးတာဝန်ခံ မယ်လ်ကွမ်ဖဇ်ပက်ထရစ်က ပြောကြားခဲ့သည်။

**(သည်အင်ဒီပင်းဒင့်န်)**

# ဒုတိယကမ္ဘာစစ်က အသုံးပြုခဲ့သည့် စီ-၄၇ လေယာဉ်၏ နောက်ဆုံးခရီးစဉ်အဖြစ် မန္တလေးသို့ ဆိုက်ရောက်

**မန္တလေး အောက်တိုဘာ ၁၄**

မြန်မာနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စု ချစ်ကြည်ရင်းနှီးမှုကို ပြသသည့်အနေဖြင့် ဒုတိယကမ္ဘာစစ်အတွင်းက အသုံးပြုခဲ့သော သမိုင်းဝင်လေယာဉ်ဖြစ်သည့် စီ-၄၇ လေယာဉ်၏ နောက်ဆုံး ပျံသန်းသည့် ခရီးစဉ်အဖြစ် မန္တလေးမြို့ တံတားဦးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အောက်တိုဘာ ၁၄ ရက် ညနေ ၃ နာရီတွင် ဆိုက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါလေယာဉ်မှာ ဩစတြေးလျနိုင်ငံမှ စတင်ထွက်ခွာခဲ့ပြီး အင်ဒိုနီးရှား၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့ကို တစ်လခွဲအကြာ ဖြတ်သန်းခဲ့ပြီး ယခုတံတားဦးလေဆိပ်သို့ ရောက်ရှိကာ စုစုပေါင်း မောင်းနှင်ပျံသန်းချိန်မှာ နာရီ ၄၀ ရှိကြောင်း၊ ထိုင်းနိုင်ငံ ချင်းမိုင်မြို့မှ နံနက်ပိုင်းက ထွက်ခွာခဲ့ပြီး လေယာဉ်နှင့်အတူ လေယာဉ်မှူးလေးဦး၊ စက်ပိုင်းဆိုင်ရာ ပညာရှင်တစ်ဦး စုစုပေါင်း ငါးဦး လိုက်ပါလာကြောင်း လေယာဉ်မှူးတစ်ဦးဖြစ်သူ Mr.Tom Claytor က ပြောပြသည်။

"ဒီလေယာဉ်ရဲ့သက်တမ်းက ၇၂နှစ် ရှိပါပြီ။ တရုတ်ပြည် ကွေ့လင်ပြတိုက်မှာ ထားရှိမှာဖြစ်ပါတယ်။ ဒီလေယာဉ် ခရီးစဉ်နဲ့ အတူ နိုင်ငံတော်တော်များများကို ပျံသန်းခဲ့ပါတယ်။ အခု မြန်မာပြည်ကို ပျံသန်းတာကလည်း မြန်မာ-အမေရိကန်ချစ်ကြည်ရေးကို ပြသတဲ့အနေနဲ့ပါ။ ပျံသန်းခဲ့တဲ့ ခရီးစဉ်တစ်လျှောက်မှာ ဒေါ်လာတစ်သိန်းခွဲလောက် ကုန်ကျခဲ့ပါတယ်။ အသက် ၉၀ကျော် ဒုတိယကမ္ဘာစစ်အတွင်းမှာ ပါဝင်ဆင်နွှဲခဲ့တဲ့ လေသူရဲစစ်ပြန်ကြီး တစ်ဦး လိုက်ပါနိုင်ခြင်းမရှိဘဲ တရုတ်ပြည် ကွေ့လင်မှာ စောင့်ဆိုင်းနေပါတယ်။ ခက်ခက်ခဲခဲ မောင်းနှင်လာရပါတယ်။ ဒီရောက်တော့ မြန်မာ့တပ်မတော်လေတပ်ကနေ ရှားပါးတဲ့ လေယာဉ်ဆီကို အကူအညီပေးတဲ့အတွက် အလွန်ကျေးဇူးတင်ပါတယ်"ဟု ၎င်းက ပြောပြသည်။

အဆိုပါလေယာဉ်မှာ ဒုတိယကမ္ဘာစစ်အတွင်းက အန္တရာယ်ကြီးစွာ မောင်းနှင်ပျံသန်းခဲ့ကြသော ကျားပျံများဟု လူသိများခဲ့ပြီး လေယာဉ်မှူးများ စစ်အတွင်းက စစ်အောင်နိုင်ရေးနှင့် ငြိမ်းချမ်းရေးတို့အတွက် ကြိုးစားအားထုတ်ရန် ဟမ့်တောင်ကုန်းတစ်လျှောက် လှူပ်ရှားသွားလာခဲ့ခြင်းဖြစ်ကြောင်း၊ ဟမ့်တောင်ကုန်းခရီးစဉ်သည် ဒုတိယကမ္ဘာစစ်အတွင်းက အမေရိကန်လေယာဉ်မှူးများ အသုံးပြုပျံသန်းမောင်းနှင်ခဲ့ရသည့် အန္တရာယ်အကြီးမားဆုံး လေကြောင်းခရီးစဉ်တစ်ခုဖြစ်ကြောင်း သိရသည်။

ထို့နောက် ညနေ ၆ နာရီတွင် မန္တလေးမြို့ရှိ ဂျက်ဖာဆန်စင်တာ၌ လေယာဉ်နှင့် ပတ်သတ်သည့် သမိုင်းကြောင်းနှင့် ခရီးစဉ်များအကြောင်းကို ဟောပြောခဲ့ကြောင်း သိရသည်။

အဆိုပါလေယာဉ်သည် အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းတွင် တံတားဦးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ မန္တလေးပြည်သူများအား နှုတ်ဆက်သည့်အနေဖြင့် မြို့ပေါ် တစ်ပတ်ပျံဝဲကာ ဟမ့်တောင်ကုန်းတစ်လျှောက်ပေါ် ဖြတ်သန်းမောင်းနှင်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွေ့လင်မြို့(Guilin)ရှိ ကျားပျံ အမွေအနှစ်ပြတိုက် (Flying Tiger Heritage Museum)တွင် ထာဝရထားရှိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။




**မင်းထက်အောင်(မန်းကိုယ်ပွား)**



## မလေးရှားနိုင်ငံတွင် ထိန်းသိမ်းခံခဲ့ရသော မြန်မာနိုင်ငံသား ၁၃၄ ဦး ပြန်လည်ရောက်ရှိ

**ရန်ကုန် အောက်တိုဘာ ၁၄**

မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်းများတွင် ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသော မြန်မာနိုင်ငံသားများကို ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းသည် MAI စင်းလုံးငှားလေယာဉ်ဖြင့် ဆက်လက်ခေါ်ယူလျက်ရှိရာ အောက်တိုဘာ ၁၄ ရက် နံနက် ၁ နာရီတွင် မြန်မာနိုင်ငံသား ၁၃၂ ဦးနှင့် ရင်ခွင်ပိုက်ကလေးငယ် နှစ်ဦးကို အခမဲ့စရိတ်ငြိမ်း ပြန်လည်ခေါ်ဆောင်လာခဲ့သည်။ ပြန်လည်ရောက်ရှိလာသူများကို ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းမှ တာဝန်ရှိသူ ကမ္ဘောဇအုပ်စု ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးမိုးဆန်းအောင်နှင့် ဖောင်ဒေးရှင်းအဖွဲ့ဝင်များက နွေးထွေးစွာ ကြိုဆိုခဲ့ကြသည်။

မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်း (၁၁)ခုတွင် အကြောင်းအမျိုးမျိုးကြောင့် ထိန်းသိမ်းခံနေကြရသော မြန်မာနိုင်ငံသားစုစုပေါင်း ၂၂၉၄ ဦး ရှိကြောင်း သိရှိရပြီး ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း၏ စီစဉ်မှုဖြင့် အသုတ်ခွဲ၍ အမိမြန်မာနိုင်ငံသို့ အခမဲ့ ပြန်လည် ခေါ်ဆောင်နေခြင်းဖြစ်သည်။ ထို့အပြင် ပြန်လည်ရောက်ရှိလာသူများကို သက်ဆိုင်ရာ နေရပ်အသီးသီးသို့ ပြန်နိုင်ရေးအတွက် တစ်ဦးလျှင် လမ်းစရိတ်အဖြစ် ငွေကျပ် တစ်သိန်းစီကိုလည်း ဖောင်ဒေးရှင်းက ထောက်ပံ့လှူဒါန်းခဲ့သည်။

ကမ္ဘောဇအနာဂတ် အလင်းတန်း မြန်မာဖောင်ဒေးရှင်းသည် ယခင်ကလည်း မလေးရှားနိုင်ငံတွင် ရောက်ရှိနေကြသော မြန်မာလုပ်သားဒုက္ခသည် စုစုပေါင်း ၃၁၀၀ ကျော်ကိုလည်းကောင်း၊ အိန္ဒိယနိုင်ငံ (Port Blair)တွင် အခြေအနေအရပ်ရပ်ကြောင့် ရောက်ရှိနေကြသော မြန်မာလုပ်သားဒုက္ခသည် ၅၀၀ ကျော်ကို လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံ ဘန်ဂျီနာကျွန်းတွင် လူကုန်ကူးခြင်းခံခဲ့ရပြီး အမွေကျွန်ပြုခံခဲ့ရသော မြန်မာလုပ်သားဒုက္ခသည် ၅၁၄ ဦးတို့ကိုလည်းကောင်း MAI စင်းလုံးငှားလေယာဉ်များဖြင့် အမိမြန်မာနိုင်ငံသို့ အခမဲ့ ပြန်လည်ခေါ်ဆောင်ပေးခဲ့သည့်အပြင် လိုအပ်သောငွေကြေးပံ့ပိုးကူညီမှုများကိုလည်း ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်း-သဲနိုင်ဦး( မြန်မာစာ)**
**ဓာတ်ပုံ-မျိုးမင်းသိန်း(မရမ်းကုန်း)**

## မောင်တောနှင့် ဘူးသီးတောင်မှ ခရီးသည်များ သွားလာရေးလွယ်ကူစေရန် ရေယာဉ်ခရီးစဉ်များ စီစဉ်ဆောင်ရွက်လျက်ရှိ

**ဘူးသီးတောင် အောက်တိုဘာ ၁၄**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်၌ အောက်တိုဘာ ၉ ရက်တွင် ဖြစ်ပွားခဲ့သော ဖြစ်စဉ်များကြောင့် မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာများနှင့် မိသားစုဝင်များ၊ ပညာရေးဌာနမှ ဆရာ ဆရာမများသည် မိမိနေရပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်နိုင်ရေးအတွက် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမြန်ရေယာဉ်ကိုယ်စားလှယ်များက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဘူးသီးတောင်မှ စစ်တွေသို့ ယခင် တစ်နေ့လျှင် ပြည်တွင်းရေကြောင်းပိုင်သင်္ဘောတစ်စင်းနှင့် ပုဂ္ဂလိကပိုင် အမြန်ရေယာဉ်တစ်စင်းစီ ပြေးဆွဲပေးလျက်ရှိရာမှ ယခုအခါ တစ်နေ့လျှင် ပြည်တွင်းရေကြောင်းပိုင်သင်္ဘောတစ်စင်းနှင့် ပုဂ္ဂလိကပိုင် အမြန်ရေယာဉ်နှစ်စင်းမှ သုံးစင်းအထိ ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**( မြို့နယ် ပြန်/ဆက်)**

## မြန်မာ့ဆက်သွယ်ရေးအမ်ပီတီမှ မြန်နှုန်းမြင့် 4G အင်တာနက်ဝန်ဆောင်မှုသစ် မိတ်ဆက်

**ရန်ကုန် အောက်တိုဘာ ၁၄**

မြန်မာနိုင်ငံ၏ ဆက်သွယ်ရေး အော်ပရေတာတစ်ခုဖြစ်သော မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) အနေဖြင့် ယနေ့မှစတင်ကာ ရန်ကုန်တိုင်းဒေသကြီးနှင့် နေပြည်တော်အတွင်းရှိ သတ်မှတ်နေရာများတွင် အဆင့်မြင့်မြန်နှုန်း 4G အင်တာနက်ဝန်ဆောင်မှုကို ယနေ့စတင်ကာ ပြည်သူများ အသုံးပြုနိုင်ပြီဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)မှ သိရသည်။

"ကျွန်တော်တို့အနေနဲ့ လာမယ့်နှစ် ၂၀၁၇ ခုနှစ်မှာ နိုင်ငံတော်က 1.8 GHz ရှိတဲ့ Spectrum လိုင်းနှုန်းစဉ်ကို ထုတ်ပြန်လိုက်ပြီဆိုတာနဲ့ အသုံးပြုပြီးတော့ နိုင်ငံတစ်ဝန်းကြီးမားကျယ်ပြန့်တဲ့ 4G ကွန်ရက်ကို တည်ဆောက်သွားမှာဖြစ်ပါတယ်။ ဒီနေ့ကတော့ အဲဒီ 4G ဝန်ဆောင်မှုကို အကြိုမိတ်ဆက်တဲ့အနေနဲ့ မြန်နှုန်းမြင့် အင်တာနက်ဝန်ဆောင်မှုကို ပြည်သူတွေ စတင်သုံးစွဲနိုင်အောင် သတ်မှတ်နေရာတွေမှာလက်ရှိ Spectrum နဲ့ လုပ်ဆောင်ပေးလိုက်တာပါ။ ပြောရရင် MPT အနေနဲ့ နည်းပညာ နောက်တစ်ဆင့် တက်လှမ်းနိုင်ဖို့ အဆင်သင့်ဖြစ်နေပြီဆိုတာကို လက်တွေ့ပြသတာဖြစ်တယ်။ 1.8 GHz ဟာ အဆင့်မြင့် ကောင်းမွန်တဲ့အတွက် MPT သုံးစွဲသူပြည်သူတွေ ပိုမိုမြန်ဆန်တဲ့ကွန်ရက်ကို အသုံးပြုနိုင်မယ့် အခွင့်အလမ်းကောင်းတစ်ခုကို ပိုင်ဆိုင်ခွင့်ရမှာပါ"ဟု ယနေ့ပြုလုပ်သည့် မြန်နှုန်းမြင့် 4G ဝန်ဆောင်မှုစတင်မိတ်ဆက်သည့် စာနယ်ဇင်းရှင်းလင်းပွဲတွင် MPT- KSGM Joint Poeration ၏ Chief Commercial Officer ဖြစ်သူ Mr. Koichi Kawase က ပြောသည်။

ယနေ့မှစတင်ကာ MPT သုံးစွဲသူ ပြည်သူများအတွက် 2.1 GHz Spectrum ကိုအသုံးပြုကာ မြန်ဆန်ကောင်းမွန်သော 4G ဝန်ဆောင်မှုကို ရန်ကုန်မြို့တွင် MPT အမှတ်တံဆိပ်ဆိုင်များဖြစ်သည့် Junction Maw Tin၊ Junction Square၊ Taw win Centre၊ ဆူးလေ Branded Store နှင့် နေပြည်တော် ဈေးဝယ်စင်တာများဖြစ်သည့် Junction Centre နှင့် Capital Hyper Market တို့တွင် စတင်အသုံးပြုနိုင်ပြီး မကြာမီ ယခုလကုန်ပိုင်းတွင် ရန်ကုန် Myanmar Plaza ၌ အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

"အခုပြည်သူတွေ စတင်အသုံးပြုနိုင်တဲ့ 4G ဝန်ဆောင်မှုက ဆွေသဟာ User တွေ၊ 4G ဆင်းကတ်ကိုင်ဆောင်ထားတဲ့သူတွေ ပြီးတော့ဟန်းဆက်ကလည်း 4G ဝန်ဆောင်မှုကို အသုံးပြုနိုင်တဲ့ ဟန်းဆက်မျိုးဖြစ်ရပါမယ်။ ဒီ 4G ဝန်ဆောင်မှုကို ယခုလက်ရှိ 3G ဆင်းကတ်တွေကသာ အသုံးပြုနိုင်မှာပါ။ ယခင်ကတ်ဟောင်း 2G ဆင်းကတ်တွေကတော့ အသုံးပြုနိုင်မှာမဟုတ်ပါဘူး။ နိုင်ငံတစ်ဝန်း 4G တိုးချဲ့သုံးစွဲနိုင်ပြီဆိုရင် 4G အသုံးပြုနိုင်တဲ့ အဆင့်မီဟန်းဆက်တွေကိုMPTက ထုတ်ပေးသွားမှာပါ။ နိုင်ငံတစ်ဝန်း 4G ဝန်ဆောင်မှုကို လာမယ့်နှစ်အစောပိုင်းလောက်မှာ စတင်ဖြစ်မယ်လို့ မျှော်မှန်းထားပါတယ်။ အခုပြည်သူတွေကို အကန့်အသတ်နဲ့ ဝန်ဆောင်မှုပေးတာက လက်ရှိ 3G သုံးစွဲနေသူတွေ အနှောင့်အယှက်ဖြစ်မှာစိုးလို့ပါ။ ဝန်ဆောင်မှုပေးထားတဲ့ နေရာတွေမှာ ဗီဒီယိုတွေ၊ သီချင်းတွေ၊ လိုအပ်တဲ့ Data တွေကို မြန်မြန်ဆန်ဆန် ကူးယူနိုင်မှာဖြစ်ပါတယ်"ဟုMPT မှ ဦးထွန်းအေးမောင်က ပြောသည်။


**မြန်နှုန်းမြင့် 4G ဝန်ဆောင်မှုပေးမည့် ဆူးလေ MPT တာဝါတိုင်ကို တွေ့ရစဉ်**

မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးအော်ပရေတာဖြစ်သော မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT)သည် ဂျပန်နိုင်ငံ KDDI ကော်ပိုရေးရှင်း၊ Sumitomo ကော်ပိုရေးရှင်းတို့နှင့် ၂၀၁၄ ခုနှစ်တွင် စတင်ပူးပေါင်းလုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ယခင် 2G မှ 3G ယင်းမှတစ်ဆင့် 3G+ ကို တိုးမြှင့်ခဲ့ပြီး မကြာမီလာမည့် ၂၀၁၇ ခုနှစ်ဆန်းပိုင်းတွင် မြန်နှုန်းမြင့် 4G ကို နိုင်ငံတစ်ဝန်း ကျယ်ကျယ်ပြန့်ပြန့်ရရှိရန် လုပ်ဆောင်သွားမည်ဖြစ်သည်။ ယခုအခါ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) သည် မြန်မာနိုင်ငံတစ်ဝန်းလုံး အတိုင်းအတာအနေဖြင့် သုံးစွဲသူကွန်ရက် လွှမ်းခြုံမှုမှာ ၉၆ ရာခိုင်နှုန်းအထိ ရှိနေပြီဖြစ်ကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

# မုံရွာချင်းတွင်းတံတားပေါ်၌ ဆိုင်ကယ်တစ်စီး ဘက်ထရီရှော့ခ်ဖြစ်ကာ မီးလောင်



**မုံရွာ အောက်တိုဘာ ၁၄**

မုံရွာမြို့ ချင်းတွင်းတံတားပေါ်၌ အောက်တိုဘာ ၁၄ ရက် မွန်းလွဲပိုင်းက ဆိုင်ကယ်တစ်စီး ဘက်ထရီရှော့ခ်ဖြစ်ကာ ဆီပိုက်မှတစ်ဆင့် ဆီတိုင်ကီမီးလောင်မှု ဖြစ်ပွားကြောင်း မုံရွာမြို့မရဲစခန်းမှ သိရသည်။

မုံရွာချင်းတွင်းတံတားပေါ်၌ ဆိုင်ကယ်တစ်စီး မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ရဲအုပ်အောင်ငွေး(အလုံ)နှင့်အဖွဲ့၊ အလုံမီးသတ်စခန်းမှ လက်ထောက်ဦးစီးမှူး ဦးကျော်လင်းနှင့်အဖွဲ့ သွားရောက်စုံစမ်းရာ ဇော်ဇော်အောင်မောင်းနှင်လာသော ၃ယ/----- ဟန်ဆင်း ၁၂၅ ဆိုင်ကယ်မှာ ဘက်ထရီဝိုင်ယာရှော့ခ်ဖြစ်ကာ ဆီပိုက်မှတစ်ဆင့် ဆီတိုင်ကီသို့ မီးကူးစက်လောင်ခဲ့ပြီး ဆိုင်ကယ်မောင်းနှင်သူမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း သိရသည်။ ၎င်းသည် ယင်းမာပင်မြို့နယ် ဘန့်ဘွေးကျေးရွာမှ မုံရွာသို့ ဆိုင်ကယ်ဖြင့် မီးသွေးများ အမြဲရောင်းချနေသူဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆိုင်ကယ်မီးလောင်မှုကို မုံရွာမြို့မရဲစခန်းက အမှုဖွင့်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်

**မြင်းမူ အောက်တိုဘာ ၁၄**

မြင်းမူမြို့ အောင်ဇေယျရပ် ဒေါ်ငွေး(ခ) ဒေါ်တင်တင်အုန်း (၆၀ နှစ်)၏ ငါးပေနှစ်ခန်း သွပ်မိုးထရံကာ နေအိမ်၌ အောက်တိုဘာ ၁၃ ရက် ညနေ ၃ နာရီက မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ မြင်းမူမြို့မရဲစခန်း တာဝန်မှူး ဒုရဲအုပ် အောင်ဇော်ဇော်ပါ တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ သက်သေများနှင့်အတူ ငြိမ်းသတ်ခဲ့ရာ ညနေ ၃ နာရီခွဲခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေမင်းထွန်း၏ ပြောပြချက်အရ သိရသည်။

မီးလောင်မှုနှင့်ပတ်သက်၍ မြင်းမူမြို့မရဲစခန်းက အမှုဖွင့်ထားခဲ့ကြောင်း သိရသည်။

(၀၇၇)

# ညောင်တုန်းမြို့၌ ဆိုင်ကယ်နှင့် မှန်လုံယာဉ် မျက်နှာချင်းဆိုင်တိုက်၊ တစ်ဦးသေဆုံး

**ညောင်တုန်း အောက်တိုဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် အောက်စုကျေးရွာ ရန်ကုန်-ပုသိမ်ကားလမ်း မိုင်တိုင်အမှတ်(၂၀/၇)နှင့် (၂၀/၈)ကြား၌ အောက်တိုဘာ ၁၃ ရက် ညနေ ၃ နာရီ ၁၅ မိနစ်က ဆိုင်ကယ်နှင့် ခရီးသည်တင်မှန်လုံယာဉ်တို့ မျက်နှာချင်းဆိုင်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မဲဇလီရွာမကျေးရွာနေ ဦးမျိုးချစ် (၅၃ နှစ်) မောင်းနှင်လာသော လော်ဂျားမော်တော်ဆိုင်ကယ်သည် တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိပြီး ဆားမလောက်ဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ဇော်မင်းထွေး မောင်းနှင်လာသော ခရီးသည်တင်မှန်လုံယာဉ် (ခရိုင်ကြက်ခြေနီအသင်း)ကို ဝင်ရောက်တိုက်မိခဲ့သဖြင့် ဆိုင်ကယ်ယာဉ်မောင်း ဦးမျိုးချစ်တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ပင် သေဆုံးသွားသဖြင့် မဲဇလီနယ်မြေရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကော့ကရိတ်-မြဝတီသွား အာရှုလမ်းမပေါ်၌ တစ်ရက်တည်း ယာဉ်နှစ်စီးတိမ်းမှောက်

**မြဝတီ အောက်တိုဘာ ၁၄**

ကော့ကရိတ်-မြဝတီသွား အာရှုလမ်းမကြီးပေါ်၌ အောက်တိုဘာ ၁၄ ရက်က တစ်ရက်တည်း ယာဉ်နှစ်စီး လမ်းချော် တိမ်းမှောက်မှု ဖြစ်ပွားခဲ့ကြောင်း သဃ်န်းညီနောင် နယ်မြေရဲစခန်းမှ သိရသည်။

အောက်တိုဘာ ၁၃ ရက် ညနေ ၃ နာရီခွဲက ကော့ကရိတ်-မြဝတီသွား အာရှုလမ်းမကြီး ကွမ်းခြံကုန်းအဆင်း မိုင်တိုင် အမှတ် KM167နှင့် KM168 အကြား ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ သဃ်န်းညီနောင် နယ်မြေရဲစခန်းမှ ရဲအုပ် ကျော်စိုး ဦးဆောင်သောအဖွဲ့က သွားရောက်စစ်ဆေးရာ ကော့ကရိတ်မြို့ဘက်မှ မြဝတီမြို့ဘက်သို့ ယာဉ်မောင်း ခွန်ခင်မောင်ဝင်း(၄၅ နှစ်) မြိုင်ကလေးကျေးရွာ ဘားအံမြို့နယ်နေသူ မောင်းနှင်လာသည့် ယာဉ်အမှတ် YGN 7H/---- Misubishi Canter ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ခြမ်း ရေမြောင်းထဲသို့ ထိုးကျသွားခဲ့ရာ တစ်ဦးမျှ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

အလားတူ ယင်းနေ့ ညနေ ၃ နာရီ မိနစ် ၅၀ ခန့်က ကော့ကရိတ်-မြဝတီသွားအာရှုလမ်းမကြီး ကွမ်းခြံကုန်းဆင်း၌ ကော့ကရိတ်မြို့ဘက်မှ မြဝတီ မြို့ဘက်သို့ ယာဉ်မောင်း ကျော်ဝင်းထွန်း (၃၅နှစ်) အမှတ်(၅)ရပ်ကွက် ကားဝင်းဟောင်းလမ်း မြဝတီမြို့နယ်နေသူ မောင်းနှင်လာသည့် ယာဉ်အမှတ် YGN 9G/---- ခြောက်ဘီးကုန်တင်ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်ခြမ်းသို့ တိမ်းမှောက်သွားခဲ့သဖြင့် ယာဉ်မောင်းနှစ်ဦးကို သဃ်န်းညီနောင် နယ်မြေရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

# မြဝတီမြို့၌ တရားမဝင်ခိုးဝင်လာသူများ နှစ်ရက်ဆက်တိုက်ဖမ်းမိ

**မြဝတီ အောက်တိုဘာ ၁၄**



ဖမ်းဆီးရမိသည့် ဘင်္ဂါလီအချို့ကို တွေ့ရစဉ်

မြဝတီမြို့၌ တစ်ဖက်နိုင်ငံမှ တရားမဝင် ခိုးဝင်ရောက်လာသူများကို နှစ်ရက်ဆက်တိုက် ဖမ်းဆီးရမိခဲ့ကြောင်း မြဝတီမြို့မရဲစခန်း၏ ထုတ်ပြန်ချက်အရ သိရသည်။

အောက်တိုဘာ ၁၂ရက်နှင့် ၁၃ ရက် ညပိုင်းက မြဝတီမြို့ အမှတ်(၅)ရပ်ကွက် သမဂ္ဂသုခဘုန်းကြီးကျောင်းအနီး (၁၃) ဂိတ်ဟောင်း၌ တစ်ဖက်နိုင်ငံမှ တရားမဝင် ခိုးဝင်လာသော ဘင်္ဂါလီများ ရောက်ရှိနေကြောင်း သတင်းအရ ခရိုင်မှုခင်းနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ရဲအုပ် မျိုးကျော် ဦးစီးအဖွဲ့၊ အမှတ်(၁၀) မှုခင်းရဲတပ်ဖွဲ့မှ ရဲအုပ် သက်ဦး ဦးစီးအဖွဲ့၊ မြဝတီမြို့မရဲစခန်းမှ ဒုရဲအုပ် မြတ်စိုးလင်း ဦးစီးအဖွဲ့နှင့် အမှတ်(၅)ရပ်ကွက် ရာအိမ်မှူး ဦးကျော်စွာဦး၊ ဦးအောင်ညွန့်တို့နှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ထွန်းဝင်း(ခ)လက်ချီးမနားပါ အမျိုးသား ၁၆ ဦး၊ အမျိုးသမီးလေးဦး စုစုပေါင်း ၂၀ တို့ တစ်ဖက်နိုင်ငံမှ တရားမဝင်ဝင်ရောက်လာသည်ကို တွေ့ရှိသဖြင့် လဝကခရိုင်ဦးစီးမှူးထံသို့ လွှဲပြောင်းပေးအပ်၍ ၎င်းတို့ကို စစ်ဆေးရာ ၁၆ ဦးမှာ မည်သည့် အထောက်အထား လက်မှတ်မျှ ကိုင်ဆောင်ထားခြင်းမရှိဘဲ မြို့နယ်ကျော် ခရီးသွားလာခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

၎င်းတို့သည် ၁၉၄၇ခုနှစ် လူဝင်မှုကြီးကြပ်ရေး(လတ်တလော ပြဋ္ဌာန်းချက်များ)အက်ဥပဒေပုဒ်မ-၃(၂)ကို ကျူးလွန်၍ ၎င်းအက်ဥပဒေပုဒ်မ-၁၃(၁)အရ ဥပဒေအရ အရေးယူပေးပါရန် မြို့နယ်လဝကဦးစီးမှူး ဦးလမင်းက တိုင်တန်းသဖြင့် မြဝတီမြို့မရဲစခန်းမှ ရာချီ(ခ)ထူးမာရ်ပါ ကိုးဦးနှင့် အောက်တိုဘာ ၁၃ ရက်က ဖမ်းဆီးရမိခဲ့သော ထွန်းဝင်း(ခ)လက်ချီးမနားပါ ၂၀ တို့အနက် ၁၆ ဦးကို မြဝတီမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

# စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဘိန်းစိမ်းများဖမ်းမိ

**နေပြည်တော် အောက်တိုဘာ ၁၄**

မူးယစ်တပ်ဖွဲ့စု(၂၈) ကျိုင်းတုံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၃ ရက်က ကျိုင်းတုံမြို့နယ် နမ့်ဘော်အော့ကျေးရွာနေ အာဒေလေး၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၀၀ နှင့် ဘိန်းစိမ်း ၈၀ ဂရမ်တို့ကိုလည်းကောင်း၊ မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့ ၄ဝါလမ်းနှင့် အနောက်မြို့ပတ်လမ်းထောင့် ကားလမ်းမပေါ်တွင်ဇော်လင်းထက် မောင်းနှင်ပြီး အောင်ကျော်မြင့် လိုက်ပါလာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၀ ကိုလည်းကောင်း သိမ်းဆည်းရမိပြီး စစ်ဆေးချက်အရ ဇော်လင်းထက် နေထိုင်သည့် တောင်ကြီးမြို့ ပြည်တော်သာရပ်ကွက်ရှိ နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၅၀ နှင့် ဘိန်းဆီခဲ ၁၁၀ ဂရမ်တို့ကို ထပ်မံသိမ်းဆည်းရမိသဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**


### ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ခ/၅၁၁၀ Toyota To-yoace Bu 94 Truck (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်သန်း ၁၄/ပစလ (နိုင်)၀၀၆၇၄၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၂၉၀၀၅၊Kenbo 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ရဲကျော် ၉/တသန(နိုင်)၁၃၈၄၅၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မိတ္ထီလာခရိုင်)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7H/9615 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8C/7753 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ဈ/၆၁၄၂ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

### နေပြည်တော်စည်ပင်သာယာရေးကော်မတီ လေလံတင်ရောင်းချရန်ကြော်ငြာခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာန ကွပ်ကဲမှုအောက်ရှိ ဈေး(၂၈)ဈေးမှ နေ့စဉ်ပုံကျဈေးကောက်လိုင်စင်(၂၃)ခု၏ ၁-၁၁-၂၀၁၆ရက်မှ ၃၁-၃-၂၀၁၇ရက်အထိလုပ်ကိုင်ခွင့်အား ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်းကို အောက်ပါအစီအစဉ်အတိုင်းကျင်းပ ပြုလုပ်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

(က) **လေလံတင်ရောင်းချမည့်ရက်** - ၂၈-၁၀-၂၀၁၆ရက်(သောကြာနေ့)
(ခ) **လေလံတင်ရောင်းချမည့်အချိန်** - နံနက် ၁၀ နာရီ
(ဂ) **လေလံတင်ရောင်းချမည့်နေရာ** - အစည်းအဝေးခန်းမ(၂)၊ မြို့တော်ခန်းမ နေပြည်တော် စည်ပင်သာယာရေးကော်မတီ
(ဃ) **လျှောက်လွှာပိတ်မည့်ရက်** - ၂၆-၁၀-၂၀၁၆ရက် ညနေ ၃း၃၀နာရီ

၂။ လေလံလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်းဈေးများဌာန၊ ဖုန်း-၀၆၇-၄၁၄၂၉၃သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၄၈၈၀၇ Honda Dream 100ms M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်တင်ဝင်း ၉/မရတ(နိုင်) ၀၀၅၂၉၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ကျော်စိုး (၁၂/ကခက(နိုင်)၀၅၁၂၅၉) ၏ ညွှန်ကြားချက်အရ -

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံတောင်ပိုင်းမြို့နယ်၊ (၂၀)ရပ်ကွက်၊ ဇမ္ဗူအေး(၃)လမ်း၊ မြေကွက်အမှတ်(၉၄၆/ခ)မြေအကျယ်အဝန်း(၂၀'×၆၀') ပေရှိနှင့် ယင်းမြေပေါ်ရှိအဆောက်အဦးအကျိုးခံစားပိုင်ခွင့်အရပ်ရပ်အားလုံးကို ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သော ဦးခင်မောင်အေး(၁၂/သဃက (နိုင်)၀၈၇၈၈၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပိုင် ဝယ်ယူရန်စရန်ငွေ တစ်ဝက်တိတိ ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အထက်ပါအရောင်းအဝယ်ကို ဥပဒေနှင့် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇော်မျိုးထက်** (LL.B)
အထက်တန်းရှေ့နေ (စဉ်-၂၉၁၅၁)
အမှတ်(၂၅)၊ ယမုံနာ(၁၃)လမ်း၊ ယမုံနာ(၁)ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ 09420087177

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ငါးဆူတောင်ကျေးရွာ၊ (၄)ရပ်ကွက်၊ မြေကွက်အမှတ် ၂၊ အိမ်အမှတ် ၄၊ မြေကွက်အကျယ်အဝန်းပေ(၈၀×၁၀၀)ဟုခေါ်တွင်သော ပါမစ် မြေအမျိုးအစား ကွယ်လွန်သူ ဦးချစ်စရာ (RGN- ၀၈၃၉၉၈) အမည်ဖြင့် မှတ်သားတည်ရှိသော မြေကွက်နှင့်လျှပ်စစ်မီး၊ အဝီစိရေတွင်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မူလပိုင်ရှင်မှ ရောင်းချခဲ့သော အရပ်ကတိအဆင့်ဆင့်စာချုပ်ဖြင့် နောက်ဆုံးဝယ်ယူ၍ လက်ရောက်ရရှိထားသူဖြစ်သော ဦးကျော်ဇေယျ ၁၂/ဥကတ(နိုင်)၁၇၃၀၁၆ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ယဉ်ယဉ်ထွေး ၁၂/မရက(နိုင်)၀၀၃၁၀၁က ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ အရောင်းအဝယ်ကို ကန့်ကွက်လိုသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ လုပ်ထုံးလုပ်နည်းအတိုင်း အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဖြိုးဝင့်ဝင့်ဇော်** (LL.B) အထက်တန်းရှေ့နေ(စဉ်-၃၆၀၁၃)
**ဦးလှဝင်း** (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၇၀၈၄)
၁၆၂၀(က)၊ ဦးမင်းလမ်း၊ (၄၂)ရပ်ကွက်၊ မ/ဒဂုံ၊ ဖုန်း-၀၉-၅၁၁၉၉၆၁

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဂ/၉၇၅၉ ၊Nissan Diesel CD 45BU Truck(6x2)R ယာဉ်လက်ဝယ်ရှိသူ ဦးညီညီနိုင် ၅/ခဥတ(နိုင်)၀၄၈၄၇၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး(မုံရွာ)**

## တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသားဟော်ကီပြိုင်ပွဲ ရန်ကုန်တိုင်းဒေသကြီးနှင့် ချင်းပြည်နယ်ဗိုလ်လုပွဲတက်

**ရန်ကုန် အောက်တိုဘာ ၁၄**

တိုင်းဒေသကြီးနှင့် ပြည်နယ်အမျိုးသားဟော်ကီပြိုင်ပွဲ၊ အကြိုဗိုလ်လုပွဲကို ယနေ့ နံနက် ၈ နာရီက ရန်ကုန်မြို့မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူမြက်ခင်းတုကွင်း၌ ကျင်းပသည်။

အကြိုဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက လေးဂိုး-တစ်ဂိုး ဖြင့်လည်းကောင်း၊ ချင်းပြည်နယ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အနိုင် ရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲ တတိယနေရာလုပွဲကို အောက်တိုဘာ ၁၆ ရက်တွင် မန္တလေးတိုင်း ဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ဗိုလ်လုပွဲ ကို အောက်တိုဘာ ၁၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ချင်းပြည်နယ် အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **တင်စိုး(မြန်မာ့အလင်း)**

## (၈)ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့်ကာယကြံ့ခိုင်မှု လူရွေးပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၄**

ထိုင်းနိုင်ငံ ပတ္တရားမြို့၌ ကျင်းပမည့် (၈)ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့် ကာယ ကြံ့ခိုင်မှု လူရွေးချယ်ပွဲကို အောက်တိုဘာ ၁၄ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့တော် စည်ပင် လက်ရွေးစင် ကာယဗလလေ့ကျင့်ရေးစခန်း၌ ကျင်းပသည်။

အဆိုပါ လူရွေးချယ်စိစစ်ရာတွင် ၂၀၁၆ ခုနှစ်အတွင်း ဘူတန်နိုင်ငံ တင်ဖျူးမြို့၌ ကျင်းပခဲ့သော အကြိမ်(၅၀)မြောက် ကာယဗလနှင့်ကာယကြံ့ခိုင်မှု တံခွန်စိုက်ပြိုင်ပွဲ ကီလို ၆၀ တန်း၌ ရွှေတံဆိပ်ဆုရရှိခဲ့သည့် ထွန်းထွန်းအောင်နှင့် အမျိုးသမီးကာယ ကြံ့ခိုင်မှု စင်တီမီတာ ၁၆၀ အောက်ပြိုင်ပွဲတွင် မဆုမြင့်ဝင်းတို့ကို ရွေးချယ်ခဲ့သည်။

ယင်းပြိုင်ပွဲနှင့်အတူ ဒိုင်သက်တမ်းတိုးရန်နှင့် ဒိုင်လူကြီးအဖြစ်ဆောင်ရွက်ရန် အဖွဲ့ချုပ်အမှုဆောင်များဖြစ်သော ဦးနေလင်း၊ ဒေါ်နွယ်နီဝင်းနှင့် ဒေါ်ပြုံးဆွေစင်ချိုတို့ နှင့် နည်းပြအဖြစ် မြန်မာ့လက်ရွေးစင်ဟောင်း အမှုဆောင် ဦးမင်းဇော်ဦးတို့ လိုက်ပါမည် ဖြစ်ကြောင်းသိရသည်။

**ထွန်းအောင်ရှိန်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရှမ်းပြည်နယ်၊ လားရှိုးမြို့ နယ်မြေ(၂)၊ ရပ်ကွက်(၁)၊ တက္ကသိုလ်ရိပ်သာ လမ်း၊ အမှတ် (၁/က) တွင် ပါတီရုံးချုပ်တည်ရှိသော **'ဝ'လစ်ဘရယ်ဒီမိုကရက်တစ်တိုးတက်ဖွံ့ဖြိုးရေးပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၄-၁၀-၂၀၁၆ ရက်နေ့တွင် လျှောက် ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ် တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**'ဝ'လစ်ဘရယ်ဒီမိုကရက်တစ်တိုးတက်ဖွံ့ဖြိုးရေးပါတီ၏ အလံပုံစံ**



**'ဝ'လစ်ဘရယ်ဒီမိုကရက်တစ်တိုးတက်ဖွံ့ဖြိုးရေးပါတီ ၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပင်လယ်ဖျံငါးကောင် ဂျပန်နိုင်ငံမှ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)သို့ ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တော ဦးစီးဌာနနှင့် ဂျပန်နိုင်ငံ Sapporo Zoo တို့အကြား သဘောတူဆောင်ရွက်ခဲ့သည့် တိရစ္ဆာန်လဲလှယ်ရေး အစီအစဉ်အရ ပင်လယ်ဖျံအထီး သုံးကောင်နှင့် အမ နှစ်ကောင် စုစုပေါင်း ငါးကောင်သည် အောက်တိုဘာ ၁၃ ရက် ညနေပိုင်းက ဂျပန်နိုင်ငံ နာရီတာလေဆိပ်မှ ဂျပန် လေကြောင်းလိုင်းဖြင့် ထွက်ခွာလာပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကာ ရန်ကုန်-မန္တလေး အမြန် လမ်းမကြီးအတိုင်း မော်တော်ယာဉ်များ ဖြင့် ဆက်လက်သယ်ဆောင်ပြီးနောက် ယနေ့နံနက် ၃နာရီက တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)သို့ ကောင်းမွန်စွာ ရောက်ရှိသည်။



ရောက်ရှိလာသော ပင်လယ်ဖျံများ ကို တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) ၌ အသင့်ကြိုတင်ပြင်ဆင်ထားပြီးဖြစ် သည့် အပူအအေးထိန်းညှိထားသည့် ပြကွက်၌ ထားရှိကာ ဂရုစိုက်ထိန်းသိမ်း ပြုစုစောင့်ရှောက်လျက်ရှိပြီး ပင်လယ် ဖျံများမှာ ပြကွက်အတွင်းရှိ ရေကူးကန် များအတွင်း ပျော်ရွှင်စွာ ရေကူးဆော့ ကစားလျက်ရှိကြောင်း သိရသည်။

အဆိုပါပင်လယ်ဖျံများသည် တောင် အမေရိကတိုက် ပင်လယ်ကမ်းခြေများ ၌ နေထိုင်ကြသည့် မျိုးရင်းများဖြစ်ကာ အမွေးပါ ပင်လယ်ဖျံအမျိုးအစား (Fur Seal) များဖြစ်ကြောင်း သိရပြီး ပင်လယ်ဖျံများကို တိရစ္ဆာန်ထိန်းများနှင့် ရင်းနှီးယဉ်ပါးစေရန်နှင့် ပြကွက်များ ဖြင့် အများပြည်သူများကိုဖျော်ဖြေနိုင် ရန် တို့အတွက် ကျွမ်းကျင်ပညာရှင်များ ဖြင့် လေ့ကျင့်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း သိရသည်။

**(သတင်းစဉ်)**

**MTSH Myanmar Thilawa SEZ Holdings Public Limited**

11th Floor, UMFCCI Office Tower, No. 29, Min Ye Kyaw Swar Street, Lanmadaw Tsp., Yangon, Myanmar. Tel: +95-1- 2301772, 2301773

### နှစ်ပတ်လည်အစီရင်ခံစာ စာအုပ်ဖြန့်ဝေမည့်အစီအစဉ်အား အသိပေးအကြောင်းကြားခြင်း

မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်သည် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၂၃)ရက်၊ (တနင်္ဂနွေနေ့) နံနက် (၁၀း၀၀) နာရီအချိန်တွင် အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင် သာမန်ထက် ထူးကဲသော အထွေထွေအစည်းအဝေးနှင့် တတိယအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ကျင်းပပြုလုပ်မည်ဖြစ်ပြီး၊ အဆိုပါ အစည်းအဝေးသို့ အစုရှယ်ယာရှင်များ တက်ရောက်ချီးမြှင့်ပေးရန်အတွက် (၃၀.၉.၂၀၁၆) ရက် နေ့နှင့် (၁.၁၀.၂၀၁၆) ရက်နေ့များတွင် နိုင်ငံပိုင်သတင်းစာများဖြစ်သည့် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများ၌ ကြော်ငြာထည့်သွင်း ဖိတ်ကြားခဲ့ပြီးဖြစ်ပါသည်။

တတိယအကြိမ် နှစ်ပတ်လည်အစီရင်ခံစာကို မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်၏ Website နှင့် ရန်ကုန်စတော့အိတ်ချိန်း(YSX)၏ Website များတွင် ထုတ်ပြန်ထားပြီးဖြစ်ပါသည်။ အစုရှယ်ယာရှင်များအနေဖြင့် အဆိုပါ Website များတွင် နှစ်ပတ်လည် အစီရင်ခံစာပါ သတင်းအချက်အလက်များကို Download ပြုလုပ်၍ ရယူနိုင်ပါသည်။ ပုံနှိပ်ထုတ်ဝေထားသည့် နှစ်ပတ်လည်အစီရင်ခံစာ စာအုပ်များကို မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုး(လ်)ဒင်း(စ်) ပတ်ဘလစ် လီမိတက်ရုံးတည်ရှိရာ အမှတ် (၂၉)၊ UMFCCI Tower (Roof Top)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီးတွင် ရုံးဖွင့်ရက် (တနင်္လာမှ သောကြာနေ့အထိ)၊ နံနက် (၉း၀၀)နာရီမှ ညနေ (၅း၃၀) နာရီအချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။ ထို့အပြင် နှစ်ပတ်လည် အထွေထွေ အစည်းအဝေး ကျင်းပပြုလုပ်မည့် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၂၃)ရက်နေ့တွင်လည်း အစည်းအဝေးသို့ တက်ရောက်မည့် အစုရှယ်ယာရှင်များအား အဆိုပါ နှစ်ပတ်လည် အစီရင်ခံစာ စာအုပ်ကို ဖြန့်ဝေပေးမည်ဖြစ်ကြောင်း လေးစားစွာဖြင့် အသိပေး အကြောင်းကြားအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်

**ကယားပြည်နယ်အစိုးရအဖွဲ့**
**လမ်းပန်းဆက်သွယ်ရေးနှင့်လျှပ်စစ်ဝန်ကြီးဌာန**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ကယားပြည်နယ်**
**တည်ဆောက်ရေးလုပ်ငန်းများအတွက် တင်ဒါခေါ်ယူခြင်း**

၁။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့မှ အောက်ဖော်ပြပါ တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် တရားဝင်အသိအမှတ်ပြု လိုင်စင်ရလုပ်ငန်းရှင်များမှ တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | **တည်နေရာ** | **လုပ်ငန်း** |
|---|---|---|
| ၂။ | | |
| | (က) ကယားပြည်နယ်၊ လွိုင်ကော်မြို့ | ပြည်နယ်ညွှန်ကြားရေးမှူးရုံး RC(၂)ထပ် အဆောက်အအုံ(၁)လုံး (၅၃၄၁ စတုရန်းပေ) (ရေ/သန့်၊ လျှပ်စစ် အပါအဝင်) |
| | (ခ) ကယားပြည်နယ်၊ လွိုင်ကော်မြို့ | ညွှန်ကြားရေးမှူးနေအိမ် RC(၁)ထပ် အဆောက်အအုံ(၁)လုံး (၁၅၉၆ စတုရန်းပေ) (ရေ/သန့်၊ လျှပ်စစ် အပါအဝင်) |

၃။ **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၄-၁၁-၂၀၁၆ ရက် (သောကြာနေ့)
**အချိန်** - ၁၄း၀၀နာရီ

၄။ အဆောက်အအုံတစ်လုံးလျှင် Lot (၁)ခုနှုန်းဖြင့် တင်ဒါလျှောက် လွှာ ရောင်းချသွားမည်ဖြစ်ပြီး တင်ဒါနှင့်ပတ်သက်သော လိုအပ်သည့် စည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက် လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၄-၁၀-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ပြည်နယ်ညွှန်ကြားရေးမှူးရုံး**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ကယားပြည်နယ်၊ လွိုင်ကော်မြို့၊**
**ဖုန်း-၀၈၃-၂၃၀၇၆**

**ပြင်ဆင်ဖတ်ရှုပါရန်**

၁၃-၁၀-၂၀၁၆ရက် ထုတ် ဤသတင်းစာ စာမျက်နှာ(၁၃) ဖောင်းကြွပျောက် လျှောက်ထားခြင်း ကြော်ငြာတွင် ၆ယ/၉၅၆၃အစား ၆ဃ/၉၅၆၃ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ဖခင်အမည်မှန်**

ရန်ကုန်မြို့၊ ညောင်ပင်လေး ကိုယ်ပိုင်အထက်တန်းကျောင်း နဝမ တန်း(B)မှ မယုယသက်ခိုင်၏ ဖခင် အမည်မှန်မှာ ဦးသက်ခိုင်ဦး ၅/ဗမန (နိုင်)၀၀၂၃၃၇ဖြစ်ပါကြောင်း။
**ဦးသက်ခိုင်ဦး**

**လိုင်စင်ရ၊ အင်ဂျင်နီယာ မ တစ်ဦး အမြန်အလိုရှိသည်**

- လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၅)နှစ်ရှိရမည်။
  နေအိမ်တိုက်တာများကို ကိုယ်တိုင်ကြီးကြပ်၍ ဆောက်လုပ်နိုင် သူဖြစ်ရမည်။
- ရုပ်ရည်သန့်ပြန့်ရမည်၊ စကားပြောကောင်းရမည်။
  အသက် (၃၀) ထက်မကြီးရ၊ ယာဉ်မောင်းတတ်သူ ဖြစ်ရမည်။
- ယာဉ်မောင်းတတ်သူဖြစ်ရမည်။
- Computer စာစီစာရိုက် Photoshop ကျွမ်းကျင်ရမည်။
- English စကားပြောကျွမ်းကျင်ရမည်။ (နိုင်ငံခြားသွားရမည်)
- တာဝန်ကျရာအရပ်သို့ သွားရောက်နိုင်သူဖြစ်ရမည်။
- လစာကောင်းကောင်းပေးမည်။

**နေလမင်း အိမ်ခြံမြေ အထွေထွေအကျိုးဆောင်နှင့်**
**ဆောက်လုပ်ရေးလုပ်ငန်း (ပြင်ဦးလွင်မြို့)**
**စုံစမ်းချိန် နံနက် ၈း၀၀နာရီမှ ညနေ ၅း၀၀နာရီအတွင်းသာ**
**ဆက်သွယ်ရန်**
**ဖုန်း-၀၉-၄၇၁၃၆၁၀၄၊ ၀၉-၂၅၉၆၃၁၇၉၂၊ ၀၉-၇၉၄၈၁၀၅၈၇**

**လူပျောက်ကြော်ငြာ**



မရမ်းကုန်းမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ အောင်သုခ ၁လမ်း၊ စိတ္တသုခကျောင်းတိုက်တွင် သီတင်းသုံးနေထိုင် တော်မူသော ရှင်သီရိန္ဒ(၁၃)နှစ် (ဘ) ဦးဝင်းကို၏သား သည် စိတ္တသုခကျောင်းတိုက်မှ ၁၆-၈-၂၀၁၆ရက် ည၇နာရီခန့်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ လက်ခံထားသူကို တရားဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ပါကြောင်း ကြေညာ အပ်ပါသည်။
**ဆက်သွယ်ရန်-ဦးပဝရ**
**ဖုန်း-၀၉-၇၃၀၀၁၃၂၉၊ ၀၉-၂၅၉၃၃၂၁၈၆**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁ဃ/၈၉၁၆၆ Suzuki Viva-110, MC ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်အေး ၉/အမရ(နိုင်)၀၀၀၈၉၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

**ကန့်ကွက်နိုင်ပါကြောင်း**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ အကွက်အမှတ်(၄၅/မြမာလာ)၊ ဦးပိုင်အမှတ် (၁၁၆-စ/၁)၊ (၁၁၆-စ/၂)မြေအား ဦးတင်ထွေး ၉/မရမ (နိုင်)၀၄၁၁၅၃၊ ဒေါ်နုနုမေ ၉/မရမ(နိုင်)၀၄၁၁၅၂ အမည်ပေါက် ပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါ ဂရန်အသစ် လျှောက်ထားမည်ဖြစ်သော ကြောင့် ကန့်ကွက်လိုပါက အထောက်အထားအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။
**ဦးတင်ထွေး-ဒေါ်နုနုမေ**
**ပြင်ဦးလွင်မြို့**

# မဲနယ်တောင်တန်း အေးချမ်းခဲ့ပြီ

**မြင့်စိုး (နတလ)**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ဘော်ကုန်းကျေးရွာအုပ်စုအတွင်းရှိ ပွန်ချောင်းကိုဖြတ်ကူးသော ဖက်နံ့တံတားပေါ်မှ လှမ်းမျှော်၍ကြည့်လိုက်သောအခါ ဟိုအဝေးဆီမှာ စိမ်းစိမ်းညို့ညို့ ဆနင်းတောင်ကြောကြီးကို တွေ့မြင်နေရသည်။ ထိုတောင်ကြောကြီးပေါ်ရှိ နောင်ဟိုင်း၊ ဆနင်းနှင့် ဝိတ်ကန်စသည့် ကျေးရွာများမှ ဒေသခံတိုင်းရင်းသားများသည် ဖက်နံ့တံတားကိုဖြတ်ကူး၍ ကျောက်တန်းမှတစ်ဆင့် ဟိုပုံး၊ တောင်ကြီးမြို့များသို့ သွားရောက်နိုင်ပြီ ဖြစ်သည်။ ထမ်ဆမ့်-ကျောက်တန်း (၇/၀)မိုင်ကို ကတ္တရာလမ်းအဆင့်အထိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဖောက်လုပ်ပေးထားပြီးဖြစ်သည်။ ကျောက်တန်း-ဖက်နံ့တံတားအထိ (၉/၆)မိုင်အား နယ်စပ်ရေးရာဝန်ကြီးဌာန၏ နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် မြေလမ်းဖောက်လုပ်ပေးခဲ့ပြီးဖြစ်ရာ ဖက်နံ့တံတားမှပင်လုံအထိ (၂၀/၀)မိုင်ကို ပဆငမှ ဆက်လက်ဖောက်လုပ်ပြီးစီးသွားပါက ပင်လုံ၊ လွိုင်လင်မြို့များမှတစ်ဆင့် ရှမ်းပြည်နယ်အရှေ့ပိုင်းအထိ ခရီးဆက်နိုင်မည်ဖြစ်သည်။ ဤကား ဆနင်းတောင်ပေါ်သားတို့ လတ်တလောခံစားကြရမည့် အကျိုးကျေးဇူးများဖြစ်သကဲ့သို့ ပင်လုံ၊ လွိုင်လင်၊ ဟိုပုံးဒေသများအနေဖြင့်လည်း အရန်လမ်းတစ်သွယ်ကို ပိုင်ဆိုင်ခွင့်ရလာမည်ဖြစ်၏။

စင်စစ် ဆနင်းဟူသည် ကျွန်တော်တို့စစ်သားဘဝတွင် မည်ကာမတ္တရှိနေသော အမည်နာမတစ်ခု မဟုတ်သည်ကတော့ အလွန်သေချာလှသည်။ ၁၉၈၃ခုနှစ် ဧပြီလလောက်က ဖြစ်မည်ဟုထင်ရ၏။ ဆနင်းတောင်ကြောပေါ်ရှိ SURA ဌာနချုပ်စခန်းကို မိမိတို့အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ် ကွပ်ကဲမှုအောက်ရှိ ခမရ(၁၁)၊ ခမရ(၁၅)၊ ခမရ(၁၈) တပ်ရင်းများဖြင့် တိုက်ခိုက်ခဲ့ကြရာ SURA ဌာနချုပ် ပြိုကွဲသွားခဲ့သည်။ အမှန်မှာတော့ SURA သည် ကျွန်တော်တို့တပ်ရင်းများ၏ ဦးတည်ရန်သူ မဟုတ်ပေ။ ထိုဒေသအတွင်း ဝင်ရောက်နေသော ဗကပသည်သာ ဦးတည်ရန်သူဖြစ်၏။ သို့တစေ ထိုအချိန်မတိုင်မီ မရှေးမနှောင်းလေးမှာ SURA လက်နက်ကိုင်အဖွဲ့က မိမိတို့အမှတ်(၁၄)ခြေမြန်တပ်ရင်း တပ်ခွဲ(၅)မှတပ်ခွဲမှူး ဗိုလ်မှူး(ဗိုလ်ကြီး)သိန်းမြင့် တပ်ခွဲကို မိုင်းကိုင်ဒေသ မက်ကင်းကော့ကျေးရွာအနီးတွင် ချုံခိုတိုက်ခိုက်ခဲ့ရာ တပ်ခွဲမှူးနှင့် အကြပ်စစ်သည် တော်တော်များများကျဆုံးသွားခဲ့သည်။ SURA ဌာနချုပ် ဆနင်းစခန်းကို အပြီးအပိုင်ဖယ်ရှား ရှင်းလင်းလိုက်ရသည်မှာလည်း ထိုမက်ကင်းကော့တိုက်ပွဲ အကျိုးဆက်ဟု ပြောရမည်သာ။ ပြန်တွေးကြည့်လျှင် မနေ့တစ်နေ့ကမှဖြစ်ခဲ့သလို ထင်ရသော်လည်း စင်စစ်နှစ်ပေါင်း ၃၀ ကျော်ခဲ့လေပြီတကား။

ဖက်နံ့တံတားမှ ပြန်လည်ထွက်ခွာလာကြရင်း ကားလမ်းဝဲယာမှာ မြင်တွေ့နေရသော ထောပတ်သီးစိုက်ခင်းများကိုကြည့်၍ ကျောက်တန်းကျေးရွာသား ဦးမန်း (ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်)နှင့် စကားစပ်မိကြသည်။ ၂၀၀၇ ခုနှစ်တွင် ကျောက်တန်းဒေသသို့ အစပြုရောက်ရှိလာသော ထောပတ်သီးစိုက်ပျိုးရေးလုပ်ငန်းက ယခုအခါ အရှိန်အဟုန်ကောင်းပြီး အကျိုးအမြတ် အတော်အသင့်ရနေကြကြောင်း သိရသည်။ ထောပတ်ပင်တစ်ပင်လျှင် ပုတ်ပြတ်ငွေကျပ်ငါးသောင်းမှ ခြောက်သောင်း၊ ခုနစ်သောင်းအထိ လာရောက်ဝယ်ယူနေကြပြီး အသီးအားလုံးဆွတ်ပြီးသွားပါကလည်း လာမည့်နှစ်အသီးအောင်တာ မအောင်တာ၊ ထွက်နှုန်းကောင်းတာ မကောင်းတာအပထား ငွေကြိုတင်ပေးချေ၍ ထပ်မံဝယ်ယူသွားကြကြောင်း သိရသည်။

ယခင်ကတော့ သနပ်ဖက်ခင်းတွေထဲမှာ မစိုက်ချင် စိုက်ချင်စိုက်ထားသော ထောပတ်ပင်များကို သနပ်ဖက်ပင်လောင်းရိပ်မိမှာစိုး၍ ခုတ်ပစ်တတ်ကြသည်။ ယခုမူ ဝင်ငွေကောင်းပြီး အကျိုးအမြတ်များလာသော ထောပတ်ပင်တို့ကိုချန်ကာ သနပ်ဖက်ပင်တို့အား ဖယ်ရှားစပြုနေပြီဖြစ်ကြောင်းလည်း သိရသည်။

ကျောက်တန်းကျေးရွာသို့ရောက်ရှိခိုက် အထကကျောင်းဘက်သို့ ဝင်ခဲ့မိသေး၏။ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကမ္မရိုက်ကျေးရွာသို့ ရောက်ရှိစဉ်က ရောဝတီတိုင်းသား ကျောင်းအုပ်ဆရာကြီးတစ်ဦးနှင့် တွေ့ဆုံလိုက်ရသကဲ့သို့ ယခု ကျောက်တန်းအထက ကျောင်းအုပ်ဆရာမကြီးမှာလည်း မိမိတို့ ရောဝတီတိုင်းဇာတိ ဖြစ်လို့နေပြန်သည်။ ရောက်လေရာရာ၌ ကျွန်တော်၏ထုံးစံအတိုင်း တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာခိုင်နှုန်းကို မေးမြန်းမိရာ ၄၁ ဒသမ ၆ ရာခိုင်နှုန်း အောင်မြင်ခဲ့ပြီး ဟိုပုံး၊ ဆီဆိုင်၊ ပင်လောင်းမြို့နယ်များအတွင်း အောင်ချက်အကောင်းဆုံး ကျောင်းဖြစ်ကြောင်း သိခဲ့ရသည်။ ကျောက်တန်းကျေးရွာမှ ပြန်အထွက်တွင် အလာတုန်းက သတိမထားမိခဲ့သော ကားလမ်းဝဲယာ၌ စိုက်ပျိုးထားသည့် အာလူးစိုက်ခင်းများကို အပွင့်တွေတဖွေးဖွေးနှင့် တွေ့မြင်နေရသည်။ ယင်းစိုက်ခင်းများနှင့် ပတ်သက်ပြီး ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်ထံမှ သိရသည်မှာ နောင်တရားဒေသသည် အာလူးအများဆုံးထွက် ရှိရာဒေသဖြစ်ကြောင်း၊ သို့သော် အာလူးမျိုးစိတ်များ တဖြည်းဖြည်းပျက်သုဉ်းလာနေကြောင်း၊ သည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် နယ်သာလန် ကောင်စစ်ဝန်ရုံးနှင့် ဆက်သွယ်၍ အာလူးမျိုးကောင်းမျိုးသန့်များကို ၂၀၁၄ ခုနှစ် တွင် ၁၀ တန်မှာယူကာ စမ်းသပ်စိုက်ပျိုးခဲ့ကြောင်း၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးအသုံးပြုရမှု အလွန်နည်းပါးသောကြောင့် ယခုနှစ်တွင် တန် ၇၀ ထပ်မံမှာယူထားကြောင်း၊ ဒေသတွင်းဖွဲ့စည်းထားသော အာလူးအစုအဖွဲ့ဝင်များဖြစ်ကြသည့် ဟဲဟိုးမှသုံးဦး၊ နောင်တရားမှ သုံးဦး၊ ပင်းတယမှ သုံးဦး ပေါင်းကိုးဦးတို့သည် နယ်သာလန်နိုင်ငံသို့ လေ့လာရေး ခရီးသွားရောက်ခဲ့



ကြပြီးဖြစ်ကြောင်း မေးမြန်းသိရှိရသည်။ ဥက္ကဋ္ဌဦးခွန်စံလွင်၏ ပအိုဝ်းဒေသ စိုက်ပျိုးရေးလုပ်ငန်း လျာထားချက်ထဲတွင် ပီလောပီနံကို တိုးချဲ့စိုက်ပျိုးရန်လည်း ပါဝင်နေပေသည်။

ကျွန်တော်တို့အဖွဲ့သည် ဆီဆိုင်နှင့်ဆိုက်ခေါင်ဒေသတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများအား ဓာတ်ပုံမှတ်တမ်း၊ ဗီဒီယိုမှတ်တမ်းရိုက်ကူးရန်အတွက် ဆက်လက်ထွက်ခွာခဲ့ကြပါသည်။ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ မြေလမ်း (၂၂၈/၂)မိုင်၊ ကျောက်ချောလမ်း (၁၃၄/၀)မိုင်၊ ကတ္တရာလမ်း (၃၈/၀)မိုင်၊ တံတားကြီး/ငယ် ၄၂၄ စင်း၊ အထက/အလက/အမက ကျောင်းဆောင်ပေါင်း ၂၃ ဆောင်၊ တိုက်နယ်ဆေးရုံတစ်ရုံ၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၀ ခု၊ စိုက်ပျိုးမြေဧက ၂၀၀၊ မွေးမြူရေးခြံနှစ်ခြံ၊ သောက်သုံးရေရရှိရေးလုပ်ငန်း ၂၁၆ ခု၊ စာကြည့်တိုက်နှစ်ခု၊ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ အဆောက်အအုံနှစ်ခု၊ ဘုန်းတော်ကြီးကျောင်းလေးကျောင်းနှင့် အိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထိုဒေသမှာ တံတားကြီး/ငယ် ၄၂၄ စင်း တည်ဆောက်ပေးခဲ့သည့်အနက် ဆီဆိုင်မြို့နယ်အတွင်း ပွန်ချောင်းကိုဖြတ်ကူးသော ပေ ၂၀၀ တံတားတစ်စင်း၊ ယခု ကျွန်တော်တို့ရောက်ရှိခဲ့သည့် အရှည်ပေ ၁၅၀ ရှိ ပွန်ချောင်းဖြတ်ကူးဖက်နံ့တံတား၊ နမ့်တဘက်ချောင်းကူး ဝိန်းလုံတံတား၊ ဝိန်းကောင်တံတား၊ နောင်ခန့်တံတား၊ ဟိုတပ်တံတားနှင့် ဆမ်ဆိုင်တံတားများလည်း အပါအဝင်ဖြစ်သည်။

စွမ်းအင်ကဏ္ဍတွင်မူ ကျေးရွာအသီးသီး၌ ရေအားလျှပ်စစ်စက်ရုံ ၁၁ ခု ဆောင်ရွက်ပေးခဲ့ပြီး မဟာဓာတ်အားလိုင်းမှ လျှပ်စစ်သွယ်တန်းခြင်းလုပ်ငန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေ ငွေကျပ် ၄၀၅ ဒသမ ၄၈ သန်း၊ ပြည်သူလူထုထည့်ဝင်ငွေ ငွေကျပ်သန်း ၄၀၀ တို့ ပူးပေါင်းပါဝင်၍ ကျောက်တန်းကျေးရွာအပါအဝင် ကျေးရွာခုနစ်ရွာအား လည်းကောင်း၊ နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေ ငွေကျပ်သန်း ၂၅၀၊ ပြည်သူလူထုထည့်ဝင်ငွေ ငွေကျပ်သန်း ၃၀၀ ဖြင့် နမ့်ခုတ်စံပြကျေးရွာအပါအဝင် ကျေးရွာခုနစ်ရွာအား လည်းကောင်း လျှပ်စစ်မီးသွယ်တန်းပေးနိုင်ခဲ့သည်။ နမ့်ခုတ်စံပြကျေးရွာသည် တဖြည်းဖြည်း ဖွံ့ဖြိုးတိုးတက်လာပြီး သကြားစက်များ၊ ဆန်စက်များ၊ တွင်ခုံများ၊ စက်ပြင်အလုပ်ရုံများဖြင့် လျှပ်စစ်မီးကို ကောင်းစွာအသုံးချနေကြပြီဖြစ်သည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၌လည်း နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေ ငွေကျပ် ၁၁၉ ဒသမ ၇၂ သန်းဖြင့် ဟိုပုံးမြို့နယ် ကောင်ငင်းနှင့် ကောင်တန်ကျေးရွာများအား လျှပ်စစ်မီးသွယ်တန်းပေးမည်ဖြစ်သည်။

နမ့်ခုတ်စံပြကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများ သောက်သုံးရေရရှိရေးအတွက် နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ် ၄၅ သန်းနှင့် ပြည်သူလူထုထည့်ဝင်ငွေများ ပူးပေါင်းပြီး စုစုပေါင်းရေပိုက်လိုင်းအရှည် ၁၄ မိုင်၊ ဂါလန် ၆၀၀၀၀ ဆံ့ရေကန်တစ်ကန်၊ ရေတိုင်ပေါင်း ၂၀ ဖြင့် ဘုန်းတော်ကြီးကျောင်းနှစ်ကျောင်း၊ စာသင်ကျောင်းနှစ်ကျောင်း၊ ကျန်းမာရေးဌာနနှစ်ခုအပါအဝင် နမ့်ခုတ်စံပြကျေးရွာမှ ရပ်ကွက်ခြောက်ခုနှင့် ပတ်ဝန်းကျင်ကျေးရွာငါးရွာတို့အား သောက်သုံးရေ ဖြန့်ဝေပေးနိုင်ခဲ့သည်။

နမ့်ခုတ်ကျေးရွာမှ ဟိုပုံးသို့အပြန် နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေ ငွေကျပ်သန်း ၁၂၀ ဖြင့် ဆောက်လုပ်လှူဒါန်းခဲ့သော သာသနာ့လင်္ကာရ ဘုန်းတော်ကြီးကျောင်းသို့လည်း ဝင်ရောက်ဖူးမြော် ကြည်ညိုခဲ့ကြသည်။ ၁၉၈၀ ပြည့်လွန်နှစ်များက ဟိုပုံး၊ ကျောက်တန်း၊ ပချားကလို့၊ ကျောက္ကချားနှင့် မဲနယ်တောင်တန်းပေါ်က ကျေးရွာများ၊ ဆီဆိုင်၊ ဆိုက်ခေါင်၊ လွယ်ပွတ်၊ ထီထဲထိုး၊ နောင်ထော်နှင့် ပွန်ချောင်းအရှေ့ခြမ်းကျေးရွာများ၊ ပင်လောင်းမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် နယ်နိမိတ်ခြင်းထိစပ်နေသော ကယားနယ်စပ်ကျေးရွာများအထိ ရောက်ခဲ့ဖူးသည်။ တပ်မတော်သားဘဝဖြင့် လှည့်လည်တာဝန်ထမ်းဆောင်ခဲ့ခြင်းဖြစ်၏။ ရေစက်မကုန်၍ ခဏခဏပြန်လည်တွေ့ဆုံကြလေရှော့သလားမသိ။ နတလဝန်ထမ်းဘဝဖြင့် ဂုဏ်ယူဝမ်းမြောက်စွာ ထပ်ခါထပ်ခါ ရောက်နေဦးမည်မှာကတော့ သေချာသည်။ ။

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော အောက်တိုဘာ ၄ ရက်မှ ၁၀ ရက်နေ့အထိ ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | လေးကေ-အရှင်နန္ဒမာလာ | ဘဝကိုဖန်ဆင်းသော တရားများ | ၁၅၀၀ိ/- | တော်ဝင်မြို့မ |
| ၂ | မောင်ပေါ်ထွန်း | အကြီးအကဲ(နိုင်ငံတစ်ခု ပျက်သုဉ်းခြင်း) | ၁၀၀၀၀ိ/- | ရာပြည့်စာပေ |
| ၃ | သက်ဝင်းမြင့် | ဒေါ်အောင်ဆန်းစုကြည်အာဏာရှင်လား | ၃၀၀၀ိ/- | ကောင်းသန့်စာပေ |
| ၄ | ကလောင်စုံ | စာရေးနည်းလမ်းညွှန် | ၂၅၀၀ိ/- | ဆုပြည့်စုံထွန်းစာပေ |
| ၅ | Quality အယ်ဒီတာအဖွဲ့ | ဟီလာရီကလင်တန် | ၄၅၀၀ိ/- | ဆုပြည့်စုံထွန်းစာပေ |
| ၆ | ကြူမွှေး | လူပြန်တော်နှင့်မင်းသမီး | ၂၂၀၀ိ/- | စိတ်ကူးချိုချို |
| ၇ | ဒေါက်တာမောင်မောင်အေး | အလှမွေးငါးစတင်မွေးမြူသူများအတွက် ငါးကန်ထိန်းသိမ်းစောင့်ရှောက်နည်း | ၂၅၀၀ိ/- | ဝါးလည် |
| ၈ | ရွှေဟင်္သာဆရာတော်ဘုရားကြီး | အရှင်ပဏ္ဍိတထေရ်ခမ္မနုပဿနာ | ၁၈၀၀ိ/- | စိတ်ကူးချိုချို |
| ၉ | မောင်ကြည်သစ် | နိုင်ငံရေးဒီဘိတ် | ၁၈၀၀ိ/- | အဖြူရောင်ပဲ့တင်သံစာပေ |
| ၁၀ | | EXO VOL -3EX’ACT,Monster | ၄၀၀၀ိ/- | GND Book Publishing |
| ၁၁ | | EXO VOL -3 EX’ACT ,LUCKY ONE | ၄၀၀၀ိ/- | GND Book Publishing |
| ၁၂ | ဇော်ဇော်အောင် | ပီတာဇော်မြင့်သဘောပေါက်ပါသည် | ၁၂၀၀ိ/- | စိတ်ကူးချိုချို |
| ၁၃ | ဖိုးကျော့ | အောင်ပွဲသို့ချီရာဝယ် | ၂၃၀၀ိ/- | စိတ်ကူးချိုချို |
| ၁၄ | ကြပ်ကလေး | ကြပ်ကလေးဟာသဝတ္ထုတိုများ(၂) | ၂၅၀၀ိ/- | စိတ်ကူးချိုချို |
| ၁၅ | နတ်နွယ် | ရောမကမိန်းမပျက် | ၃၅၀၀ိ/- | စိတ်ကူးချိုချို |
| ၁၆ | မျိုးမင်းရန်အောင် | ဘောလုံးကျွမ်းကျင်မှု | ၅၀၀၀ိ/- | စိတ်ကူးချိုချို |
| ၁၇ | ဒေါက်တာထွန်းဝင်း | ပဲပြုတ်နံ့ပြားစားလျှင် လမ်းမပေါ်ဆေးရိုးခင်းသလို ကားပါကင်နေရာမဦးသင့်ပုံနှင့် နိုင်ငံရေးလူငယ်သိဖွယ်ရေး | ၂၀၀၀ိ/- | သရဖီထွန်းဝင်းစာပေ |
| ၁၈ | ဖျင်ဒူဝါ | သျှမ်းမောမြေက လွမ်းတေးအလင်္ကာနှင့် စစ်သားဘဝအမှတ်တရ ရသဝတ္ထုများ | ၂၅၀၀ိ/- | ထင်ကျော်မိုး |
| ၁၉ | မောင်ဆေးရိုး | အဝါရောင်ဂစ်တာ | ၁၅၀၀ိ/- | နှစ်ကာလများစာပေ |
| ၂၀ | မောင်ဒေး | အစိမ်းရောင်စာအုပ် | ၁၅၀၀ိ/- | နှစ်ကာလများစာပေ |
| ၂၁ | Monica Lahtaw (Hkawawm) | ဖွင့်ကြည့်လိုက်ပါ(တစ်ခုတော့ကျန်ခဲ့မှာပါ)အတွဲ ၁ | ၂၀၀၀ိ/- | မျိုးဆက်သစ်စာပေ |

*ဆက်လက်ဖော်ပြပါမည်*

# ဘုရင့်နောင်မင်းတရားကြီးတည်ထားခဲ့သော အိမ်တော်ရာဘုရား ပြိုကျပျက်စီးသဖြင့် ရှေးမူမပျက် ပြန်လည်ပြုပြင်မည်



ဘုရင့်နောင်မင်းတရားကြီးတည်ထားခဲ့သည့် အိမ်တော်ရာဘုရား မပြိုကျမီပုံ

**မကွေး အောက်တိုဘာ ၁၄**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်းရှိ ဘုရင့်နောင်မင်းတရားကြီး၏ ဇာတိချက်မြှုပ်ဖြစ်သော ငတမျှော်(ငတရော်)ကျေးရွာ၌ ၁၅ ရာစုနှောင်းပိုင်း (လွန်ခဲ့သော နှစ်ပေါင်း ၅၀၀ ကျော်)က တည်ထားခဲ့သည့် အိမ်တော်ရာစေတီမှာ ယခုနှစ် မိုးရာသီအတွင်း မိုးများရွာသွန်းစဉ် ဘုရားအတွင်း မိုးရေဝင်ရောက်၍ အောက်တိုဘာ ၄ ရက်က ပြိုကျပျက်စီးသွားခဲ့ရာ ယခုအခါ အမြန်ဆုံးပြုပြင်ရန် ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ငတမျှော်ကျေးရွာအနီးတည်ထားသည့် အဆိုပါ အိမ်တော်ရာစေတီမှာ ချင်းတွင်းမြစ်နှင့် ရောဝတီမြစ်ကြားတွင် တည်ရှိနေခြင်းကြောင့် နှစ်စဉ် မြစ်ရေများဝင်ရောက်စဉ်ကာလအတွင်း နန်းများတင်ကျန်ခဲ့သည်မှာ နှစ်ပေါင်းများစွာရှိပြီဖြစ်ရာ ဘုရား၏ အုတ်ဖိနပ်တော်မှာ မြေကြီးအောက် ခုနစ်ပေခန့် နစ်မြုပ်လျက်ရှိသည်။ ထို့ကြောင့် ဘုရားကို ပြန်လည်ပြုပြင်ရန်အတွက် မတ်လအတွင်းကပင် ယင်းဒေသဇာတိဖြစ်သော မန္တလေးမှ စီးပွားရေးလုပ်ငန်းရှင် ဦးစိုးဝင်းမြင့်က မြန်မာမှုဗိသုကာပညာရှင် ဦးဝင်းမောင် (တမ္ပဝတီ)နှင့်တိုင်ပင်ကာ တိုင်းတာမှုများ စတင်ပြုလုပ်ပြီး တည်ဆောက်မှုပုံစံတို့ကို သွားရောက်လေ့လာခဲ့သလို နစ်မြုပ်နေသည့် အုပ်ဖိနပ်တော်ကို မတ်လအတွင်းကပင် တူးဖော်ထားခဲ့သည်။

ယခု အောက်တိုဘာလဆန်းတွင် စေတီတော်မှာ မိုးရေကြောင့် ပြိုကျသွားသဖြင့် အမှတ်(၁၀၁) ခြေမြန်တပ်မဌာနချုပ်မှ ဒုတိယတပ်မမှူး ဗိုလ်မှူးကြီး အောင်ကြည်လင်းနှင့် တပ်မတော်သားများ၊ မြန်မာမှုဗိသုကာပညာရှင် ဦးဝင်းမောင်(တမ္ပဝတီ)၊ သရဖူဆရာတော် ဒေါက်တာအရှင်တေဇနိယနှင့် တာဝန်ရှိသူများက အောက်တိုဘာ ၁၀ ရက်က သွားရောက်ကြည့်ရှုကြပြီး ဘုရားအား ရှေးမူမပျက် အမြန်ဆုံး ပြုပြင်တည်ဆောက်ရေး လိုအပ်သည်များ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

"အနောက်ဘက်က ချင်းတွင်းမြစ်နဲ့ အရှေ့ဘက် ရောဝတီဆိုတော့ ဒီလိုမြစ်နှစ်စင်းကြားမှာ ရှိနေတဲ့အတွက် အရှည်သဖြင့်စဉ်းစားမယ်ဆိုရင် တစ်နှစ်တစ်ခါ ရေတက်တဲ့အတွက် နောက်နှစ်တွေမှာ ရေတက်ရင် မြုပ်မသွားအောင် အောက်ခြေအုတ်ဖိနပ်တော်အောက်မှာ အုတ်ခုံ ခုနစ်ပေလောက်ကို ကွန်ကရစ်လောင်းပြီးတော့ အဲဒီအပေါ်မှာမှ အခုလက်ရှိ ပြိုကျနေတဲ့ ဘုရင့်နောင်တည်ခဲ့တဲ့ ဘုရားကို ရှေးမူမပျက်ဘဲနဲ့ အရင်ရှိတဲ့ အတိုင်း ရှေးအုတ်တွေနဲ့ ပြန်တည်ဖို့အတွက် ရှေးဟောင်းသုတေသနကို တင်ရမှာပါ။ နောက်ပြီးတော့ အခုပြိုကျနေတဲ့ဘုရားက အုတ်တွေကို သေချာထုတ်ပြီးတော့ ဘုရားကိုပြန်တည်တဲ့အခါမှာ ပြန်သုံးပြီး ရှေးမူမပျက် အရင်အတိုင်း ပြန်တည်ရမှာပါ။ ဘာလို့ ဒီအုတ်တွေကို ပြန်သုံးရလဲဆိုတော့ သမိုင်းတန်ဖိုးရှိတဲ့အတွက် နောက်လူတွေ ပြန်ပြီးလေ့လာနိုင်ဖို့ သမိုင်းတန်ဖိုးမပျက်အောင် ထုံးမသုတ်၊ ရွှေသင်္ကန်းမကပ်ရဘဲ ရှေးကအုတ်အရောင် အတိုင်းဖြစ်အောင် ဒီအုတ်တွေနဲ့ ပြန်တည်သွားရမှာ ဖြစ်ပါတယ်။ ရှေးဟောင်း သုတေသနက မကန့်ကွက်ဘူးဆိုရင် ဇန်နဝါရီလဆန်းပိုင်းမှာ ခုပြောတဲ့ အတိုင်း ဆောင်ရွက်သွားမှာပါ" ဟု ဦးဝင်းမောင်(တမ္ပဝတီ)က ပြောသည်။

ဘုရားပြိုကျစဉ်က ပါရှိသော အုတ်ချပ်များနှင့် ထီးတော်အောက်ခံ ကလပ်ခုံပေါ်တွင် ပါရှိသည့် ဘားမားအာမီဟူသော စာတန်းနှင့် ဘုရား၏စိန်ဖူးတော်အဖြစ် ဘိလပ်ရည်ပုလင်းအတွင်း ဝါဂွမ်းများ ထည့်၍ ပြုလုပ်ထားသည့်အတွက် ယင်းအထောက်အထားများသည် ဗမာ့ တပ်မတော် (BIA/BDA) တို့ကလည်း အဆိုပါ စေတီကို ပြုပြင်ခဲ့ကြသည်ဟု ယူဆရကြောင်း ဗိသုကာပညာရှင် ဦးဝင်းမောင် (တမ္ပဝတီ)က ပြောသည်။

ထို့ကြောင့် "အိမ်တော်ရာစေတီကို ပထမဦးဆုံးစတည်ခဲ့သည့် ဘုရင့်နောင်မင်းတရားကြီးသည်လည်း မြန်မာ့တပ်မတော်၏ ခေါင်းဆောင်ဖြစ်ခြင်း၊ ထို့နောက် ဗမာ့တပ်မတော်ကလည်း ပြန်လည်ပြုပြင်ခဲ့သည်"ဟု အထောက်အထားများ တွေ့ရှိရသည့်အတွက် ဒုတိယအကြိမ်ကိုလည်း တပ်မတော်ကပင် ပြုပြင်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ယခုတတိယအကြိမ်တွင်လည်း အမှတ်(၁၀၁) ခြေမြန်တပ်မဌာနချုပ်မှ တပ်မတော်သားများကဦးဆောင်၍ ပြုပြင်တည်ဆောက်ရန် ဆောင်ရွက်ခြင်းဖြစ်ရာ တပ်မတော် သုံးခု၏ ကုသိုလ်တော်အဖြစ်ထူးခြားမှုလည်း ရှိကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

စေတီတော်ကို ပြုပြင်ရန် မတ်လအတွင်းကပင် စီစဉ်ခဲ့သော ဦးစိုးဝင်းမြင့်က "ကျွန်တော်တို့ ငယ်ငယ်ကတည်းက အခုလိုမျိုး သမိုင်းအမွေအနှစ်ကို ဖော်ထုတ်ချင်ခဲ့တာပါ။ အခု ပြုပြင်နိုင်တော့မှာဖြစ်တဲ့အတွက် ဒေသခံတစ်ယောက်အနေနဲ့ အများကြီးဝမ်းသာမိပါတယ်။ သမိုင်းတန်ဖိုးဆိုတာက လုပ်ယူလို့မှမရတာ၊ ကိုယ့်ဒေသမှာရှိတဲ့ သမိုင်းအမွေအနှစ်တစ်ခုကို ပြန်ပြီးဖော်ထုတ်ခွင့်ရလို့လည်း ဂုဏ်ယူမိပါတယ်၊ ကျွန်တော်က စပြီး ပညာရှင်တွေကိုဖိတ်ပြီး အခုလိုဖြစ်မြောက်အောင်ဆောင်ရွက်ပေးခဲ့ရတာ။ နောက်မှ တဖြည်းဖြည်းနဲ့ နယ်မြေခံ တပ်မဌာနချုပ်ကသိပြီး ဝိုင်းဝန်းကူညီလာတာဖြစ်ပါတယ်"ဟု ပြောပြသည်။

ဘုရား၏ တည်ဆောက်မှုပုံစံနှင့် အသုံးပြုထားသည့် အုတ်ချပ်များပေါ်တွင်ပါရှိသည့် အက္ခရာများကို သုတေသနပြုခဲ့ရာ ညောင်ရမ်းခေတ်အတွင်းက တည်ဆောက်ပုံနှင့် တူနေခြင်းနှင့် ဘုရင့်နောင်၏ နန်းတော်တိုင်များတွင်ရေးထိုးထားသည့် အက္ခရာများနှင့် ဆင်တူနေခြင်းကြောင့် ၁၅ ရာစုနှောင်းပိုင်း ဘုရင့်နောင်လက်ထက်က တည်ထားခဲ့ခြင်းဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့ခြင်းဖြစ်သည်။ စေတီကို သက္ကရာဇ် ၉၄၇ ခုနှစ် ဘုရင့်နောင်မင်းတရားကြီး သက်တော် ၄၀ ပြည့်နှစ်အရွယ် အင်းဝရန်ကိုနှိမ်နင်းပြီးချိန်တွင် ၎င်း၏ ဇာတိချက်မြှုပ်ဖြစ်သော ငတမျှော်(ယခုအခေါ် ငတရော်) ကျေးရွာ၌ တည်ထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဘုရင့်နောင်မင်းတရားကြီးသည် ယခုပြိုကျသည့် အိမ်တော်ရာစေတီအနီး တစ်ဝိုက်တွင် အခြားစေတီများကိုလည်း တည်ထားခဲ့ရာ ၎င်းတက်ရောက်ခဲ့သည့် ဘုန်းတော်ကြီးကျောင်းနေရာ၌ မင်္ဂလာကျောင်းခေါ် စေတီတစ်ဆူ၊ ၎င်း၏ပုခက်တိုင်နေရာ၌ ပုခက်တိုင်ဘုရားဟုခေါ်သည့် စေတီတစ်ဆူ(ယင်းမှာ အုတ်ပုံသာကျန်တော့သည်)၊ ရွှေလုံးတော်၊ ရှင်ပင်မိုးကောင်း၊ ရွှေလင်းပင်(ရွှေလင့်စင်)ခေါ် စေတီတစ်ဆူနှင့် အခြားစေတီများအပါအဝင် စုစုပေါင်း စေတီရှစ်ဆူခန့်တည်ထားခဲ့ကြောင်း ဒေသခံများက ပြောသည်။ ထို့အတူ အလောင်းစည်သူမင်း တည်ထားခဲ့သည့် ဖောင်တော်ဦးစေတီမှာလည်း အိမ်တော်ရာစေတီအနီးတွင် တည်ရှိသည်။

အိမ်တော်ရာဘုရား တည်ဆောက်ပြုပြင်ရန်အတွက် အလှူငွေများလှူဒါန်းလိုပါက မန္တလေးမြို့ တောင်ပြင်ထီးလင်းတိုက် ရတနာဒီပံကျောင်းမှ သရဖူဆရာတော် ဒေါက်တာအရှင်တေဇနိယ ဖုန်း-၀၉-၂၅၉၀၂၂၃၆၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)**

**ဓာတ်ပုံ-သီဟစည်သူ**



ဘားမားအာမီဟုပါရှိသည့် စေတီတော်ထီးကလပ်ခုံ

## ဇီကာပိုင်းရပ်စ်နှင့် HIV/AIDS ရောဂါအကြောင်း ကျောင်းသား ကျောင်းသူများအား ပညာပေးဟောပြော

**ကန့်ဘလူ အောက်တိုဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ ဇီကာပိုင်းရပ်စ်ရောဂါနှင့် H IV/AIDS ရောဂါများအကြောင်း အသိပညာပေးဟောပြောပွဲကို လိတ္တူကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ အောက်တိုဘာ ၁၂ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူးအဆင့်(၁) ဒေါ်ရီရီဝင်းက ဇီကာပိုင်းရပ်စ်ရောဂါ ရာဇဝင်နှင့် ရောဂါလက္ခဏာများ၊ ကူးစက်ပျံ့နှံ့ပုံ၊ ကြိုတင်ကာကွယ်ကုသနည်းများကိုလည်းကောင်း၊ အထက်တန်းသူနာပြု ဒေါ်ခင်သက်ထားက HIV/AIDS ရောဂါအကြောင်းကိုလည်းကောင်း၊ သားဖွားဆရာမဒေါ်မြင့်မြင့်သန်းက သန့်လေးသန့်အကြောင်းကိုလည်းကောင်း ကျောင်းသား ကျောင်းသူများနှင့် အပြန်အလှန်ဆွေးနွေး၍ ပညာပေးဟောပြောခဲ့သည်။

ထို့နောက် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးကြပြီး လိတ္တူကျေးရွာ စန်းသော်တာစာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက စာကြည့်တိုက်မှူးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့ထံ ပေးအပ်လှူဒါန်းခဲ့သည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



## နိုင်ငံခြားသားများ အက်ဥပဒေ၊ နည်းဥပဒေနှင့်ပတ်သက်၍ သိကောင်းစရာများ ရှင်းလင်းဆွေးနွေး

**မုံရွာ အောက်တိုဘာ ၁၄**

နိုင်ငံခြားသားများ အက်ဥပဒေ၊ နည်းဥပဒေနှင့် ပတ်သက်၍ သိကောင်းစရာများ ရှင်းလင်းဆွေးနွေးပွဲကို စစ်ကိုင်းတိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ကြီးမှူး၍ မုံရွာမြို့နယ် စီမံခန့်ခွဲမှုကော်မတီရုံးခန်းမ၌ အောက်တိုဘာ ၁၂ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်က နိုင်ငံခြားသားများမှတ်ပုံတင်ရေး အက်ဥပဒေ၊ နည်းဥပဒေများနှင့် ပတ်သက်၍ သိကောင်းစရာများကို အသေးစိတ်ရှင်းလင်းပြောကြားကာ တက်ရောက်လာသူများ၏ မေးမြန်းဆွေးနွေးမှုများကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**ဖိုးချမ်း(မုံရွာ)**

## ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများလှူဒါန်း

**တံတားဦး အောက်တိုဘာ ၁၄**

တံတားဦးမြို့နယ် တောင်ပြုံးကျေးရွာ ပညာပါရမီပရဟိတ ဘုန်းတော်ကြီး သင်ပညာရေးကျောင်း ကွန်ပျူတာခန်းအတွက် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ ကာလာပရင်တာနှင့် မိတ္တူကူးစက်များ လှူဒါန်းပွဲကို အောက်တိုဘာ ၁၁ ရက်က ကျင်းပခဲ့သည်။

လှူဒါန်းပွဲတွင် မန္တလေးမြို့ ဝိဇ္ဇာတရုံကျောင်းတိုက်နာယက စာချဆရာတော်ထံမှ သီလခံယူဆောက်တည်ကြပြီး တောင်ပြုံးကျေးရွာ ပညာပါရမီ ပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်းဆရာတော်က ဩဝါဒမိန့်ကြားကာ အလှူရှင် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်နေ ဦးထွန်းကြည်(ဟုန်း-စိန်ရွှေရတနာဆိုင်နှင့် ရွှေပန်းထိမ်လုပ်ငန်း)မိသားစုက ပညာပါရမီ ဘုန်းတော်ကြီးသင်ပရဟိတကျောင်းမှ သာမဏေ ၅၃ ပါး၊ ကျောင်းသား ကျောင်းသူ ၄၁၇ ဦးအတွက် ကွန်ပျူတာခန်းတစ်ခန်းနှင့် acer ကွန်ပျူတာ တစ်စုံ၊ EPSON ကာလာပရင်တာ တစ်လုံး၊ Canon မိတ္တူကူးစက် တစ်လုံးနှင့် ပညာရေးငွေပဒေသာပင် ကျပ်သုံးသိန်း၊ ကျောင်းသုံးဗလာစာအုပ်များ၊ ဆရာ ဆရာမ ၁၉ ဦးအတွက် ကျောင်းဝတ်စုံများ စုစုပေါင်းတန်ဖိုး ကျပ် ၈၁ သိန်းကျော်တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ရဲတင့်(ပြန်/ဆက်)**

## ရထားရဲတပ်ဖွဲ့ဝင်များအား ရှေးဦးသူနာပြုနည်း သင်ကြားပို့ချပြီး ကြက်ခြေနီဆေးပုံးများ ပေးအပ်

**နေပြည်တော် အောက်တိုဘာ ၁၄**

ရထားရဲတပ်ဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့၏ အစီအစဉ်ဖြင့် ခရီးသွားပြည်သူများ ရထားပေါ်တွင် မတော်တဆထိခိုက်မှုများ၊ နာမကျန်းဖြစ်ပွားမှုများ မီးဖွားမှုများစသည်တို့ဖြစ်ပွားပါက ကျန်းမာရေးအရ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် ရထားရဲတပ်ဖွဲ့၏ ရှေးဦးသူနာပြုစုနည်း (အခြေခံ)သင်တန်းအမှတ်စဉ် (၁/၂၀၁၆)သင်တန်းအား နေပြည်တော် ရထားရဲတပ်ဖွဲ့မှူးရုံး သင်တန်းခန်းမ၌ အောက်တိုဘာ ၃ ရက်မှ ၈ ရက်အထိ ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားအား ရထားရဲတပ်ဖွဲ့မှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ သင်တန်းဆင်းပွဲ၌ ရထားရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်နေဝင်းက သင်တန်းဆင်းမိန့်ခွန်းပြောကြားကာ သင်တန်းဆင်းပွဲသို့ ရထားရဲတပ်ဖွဲ့ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီးလင်းထွဋ်နှင့် တပ်ဖွဲ့ဝင်များ သင်တန်းနည်းပြဆရာများ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်း ဒုတိယအတွင်းရေးမှူး ဒေါက်တာ အောင်ကျော်ထွဋ်က ရထားများပေါ်တွင် အသုံးပြုရန်အတွက် ကြက်ခြေနီဆေးပုံး ၅၀ ကို ရထားရဲတပ်ဖွဲ့မှူးထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက်ကံ)**



## သတင်းတိုများ

### တာဝတိံသာဘုရားဆင်းပွဲနှင့် ဗုဒ္ဓပူဇနိယပွဲတော်များကျင်းပမည်

အောင်လံမြို့၌ နှစ်စဉ် သီတင်းကျွတ်လတွင် ကျင်းပသော တာဝတိံသာဘုရားဆင်းပွဲတော်နှင့် ဗုဒ္ဓပူဇနိယပွဲတော်ကို ယခုနှစ်တွင်လည်း (၁၂၂)ကြိမ်မြောက်အဖြစ် အောက်တိုဘာ ၁၄ ရက်မှ စတင်ကျင်းပလျက်ရှိပြီး အောက်တိုဘာ ၁၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်လံမြို့ တာဝတိံသာဘုရားဆင်းပွဲကို ကန်ကြီးရပ်ကွက်ရှိ သိမ်ကုန်းမွှာရုံဘုရားကြီးတွင် ကျင်းပပြီး သက်ကြီးဝါကြီးဆရာတော်ကြီးများအားပူဇော်ခြင်း၊ ဇာတ်သဘင်ပွဲဖြင့် ကပြဖျော်ဖြေခြင်း အစီအစဉ်များဖြင့် စည်ကားစွာ ကျင်းပလျက်ရှိကြောင်း သိရသည်။ ထို့အတူ တရော်ကုန်းရပ်ကွက်ရှိ ဆုတောင်းပြည့် ရွှေပြောင်ပြောင်ဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်တွင် ဆွမ်းတော်ကြီးကပ်လှူပွဲ၊ သက်ကြီးဝါကြီးဆရာတော်ကြီးများနှင့် ၈၃ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား (၅၂)ကြိမ်မြောက် ပူဇော်ပွဲနှင့် ဇာတ်သဘင်ဖျော်ဖြေပွဲများကို အောက်တိုဘာ ၁၇ ရက်အထိ စည်ကားစွာ ကျင်းပသွားမည်ဟု သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

### အသက်မွေးဝမ်းကျောင်းအထောက်အကူပြု(ဆိုင်ကယ်ပြင်)သင်တန်းဖွင့်

ကချင်ပြည်နယ် မန်စီမြို့နယ် ကုန်းတိန်ကျေးရွာအုပ်စု၊ မံသဲကျေးရွာ၌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် ကျေးလက်နေဒေသခံလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများရှိလာစေရေးအတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်း အမှတ်စဉ်(၁/၂၀၁၆)ကို မန်စီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကဦးစီး၍ အောက်တိုဘာ ၁၂ ရက် က ဖွင့်လှစ်ခဲ့သည်။ သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နောင်ဖြူက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဌေးမြင့်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သင်ကြားပို့ချမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။ သင်တန်းကို အောက်တိုဘာ ၁၂ ရက်မှ ၂၇ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသား ၂၀ တက်ရောက်သင်ယူကြမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

### ကျေးရွာတံတားကို အဆင့်မြှင့်တင်ရန် ကွင်းဆင်းလေ့လာ

စစ်ကိုင်းတိုင်းဒေသကြီးကျွန်းလှုမြို့နယ် တပ်ကုန်းကျေးရွာတံတားကို အာရ်စီကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်နိုင်ရေးအတွက် ဂျပန်နိုင်ငံ(JICA)အဖွဲ့ကိုယ်စားလှယ် ဦးမင်းအောင်သန်းနှင့် တာဝန်ရှိသူများ၊ ကန့်ဘလူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်နှင့် ကျွန်းလှုမြို့နယ် ဝန်ထမ်းများ အောက်တိုဘာ ၁၂ ရက်က ကွင်းဆင်းလေ့လာခဲ့ကြောင်း သိရသည်။ အဆိုပါတပ်ကုန်းကျေးရွာတံတားမှာ ယခုလက်ရှိ အရှည် ၁၄၂ ပေ၊ အကျယ် ၁၂ ပေရှိ သံပေါင်ဘေလီ သစ်သားကြမ်းခင်း အမျိုးအစားဖြစ်ပြီး ကျွန်းလှုမြို့နှင့် သဖန်းဆိပ်ဆည်ပတ်ဝန်းကျင် ကျေးရွာများကို ဆက်သွယ်ရာတွင် အဓိကကျသည့် တံတားဖြစ်ကာ သက်တမ်း ၄၉ နှစ် ကြာမြင့်ပြီဖြစ်သဖြင့် ပြုပြင်အဆင့်မြှင့်တင်ရန် လိုအပ်လျက်ရှိကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။ **မျိုးဝင်းညို(ကျွန်းလှု)**

### ကွန်ကရစ် လမ်းကူးတံတားနှင့်အုတ်ရေမြောင်းများပြုလုပ်

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း မကွေးတိုင်းဒေသကြီး မြိုင်မြို့ အမှတ်(၃)ရပ်ကွက် (၁)လမ်း၌ ကွန်ကရစ်လမ်းကူးတံတားတစ်စင်းနှင့် အုတ်ရေမြောင်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အကုန်အကျခံ၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ကွန်ကရစ်လမ်းကူးတံတားမှာ အရှည် ၂၄ပေ၊ အကျယ် ၄ပေ၊ ဒု ၆လက်မရှိပြီး ကုန်ကျငွေ ကျပ် ၁၄၃၀၀၀၀ ဖြင့်လည်းကောင်း၊ ကွန်ကရစ်ရေမြောင်းမှာ အရှည်ပေ ၂၅၀၊ အကျယ် ၂ ပေ ၆ လက်မ၊ အနက် ၂ ပေဖြစ်ပြီး ကုန်ကျငွေ ကျပ် ၄၆၉၀၀၀၀ ဖြင့်လည်းကောင်း ဆောင်ရွက်နေခြင်းဖြစ်ကာ လုပ်ငန်းဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်မိုးနှင့် မြို့နယ်စည်ပင်သာယာရေးဦးစီးမှူး ဦးဟန်မြင့်နှင့် အဖွဲ့ဝင်များက အောက်တိုဘာ ၁၁ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။
**အောင်ကျော်မြင့်**

### မိုင့်ငေါ့မြို့တွင် ဆိုလာနှင့်ဆက်စပ်ပစ္စည်းများ တပ်ဆင်ပေး

ရှမ်းပြည်နယ် မြောက်ပိုင်း ကျောက်မဲမြို့နယ် မိုင့်ငေါ့မြို့ ကွင်းစလန်းကျေးရွာအုပ်စုမှ ဒေသခံပြည်သူများ၏ နေအိမ်များတွင် ဆိုလာနှင့် ဆက်စပ်ပစ္စည်းများကို အောက်တိုဘာ ၁၁ ရက်က အိမ်အရောက် လိုက်လံတပ်ဆင်ပေးလျက်ရှိကြောင်း သိရသည်။ ကျောက်မဲခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၏ ကွပ်ကဲမှုအောက်ရှိ မိုင့်ငေါ့မြို့တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စုဘတ်ဂျက်ရန်ပုံငွေဖြင့် ထောက်ပံ့ပေးအပ်သည့် ဆိုလာနှင့် ဆက်စပ်ပစ္စည်းများကို ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဆွေလင်းမြင့်နှင့် ဦးစီးအရာရှိ ဦးမိုးကျော်အောင်တို့က လုပ်ငန်းအပ်နှံထားသည့် Augusta ကုမ္ပဏီနှင့်အတူ ပြည်သူများ၏ အိမ်အရောက် လိုက်လံတပ်ဆင်ပေးနေခြင်းဖြစ်ကာ ကျေးရွာအုပ်စုအတွင်း၌ ဆိုလာအလုံးပေါင်း ၁၀၄ စုံကို တပ်ဆင်ပြီးစီး၍ အိမ်တိုင်းမီးရရှိပြီဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

### လယ်ယာအထောက်အကူပြု ဝန်ဆောင်မှုသမဝါယမအသင်းဖွဲ့စည်း

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ညောင်ပင်ကန်ကျေးရွာ လယ်ယာ အထောက်အကူပြု ဝန်ဆောင်မှုသမဝါယမအသင်းလီမိတက် ဖွဲ့စည်းခြင်းအခမ်းအနားကို အောက်တိုဘာ ၉ ရက်က မြို့နယ်သမဝါယမဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ထွန်း၊ တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးစန်းလွင်တို့က အမှာစကားပြောကြားကာ အသင်းသားများက အမှုဆောင်ဒါရိုက်တာအဖွဲ့ဝင်သုံးဦးနှင့် စာရင်းစစ် အဖွဲ့ဝင်နှစ်ဦးအား ရွေးချယ်တင်မြှောက်ကြပြီး ညောင်ပင်ကန်ကျေးရွာ လယ်ယာအထောက်အကူပြု ဝန်ဆောင်မှုသမဝါယမအသင်းလီမိတက်ကို ဖွဲ့စည်းခဲ့ကြောင်း သိရသည်။ **ရဲသူရအောင်(ညောင်ဦး)**

# မိုးကောင်းသောက်ယာမြေများတွင် မြေဆီလွှာပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်



**မကွေး အောက်တိုဘာ ၁၄**
မကွေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမြေများတွင် မြေဆီလွှာထိခိုက်မှု ကာကွယ်ရေးနှင့် ရေရှည်အကျိုးရှိမည့် သဘာဝမြေသြဇာများ ပိုမိုအသုံးပြုရေးအတွက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြို့နယ်အလိုက် စိုက်ပျိုးရေးဦးစီးဌာနများက အကောင်အထည်ဖော်လျက်ရှိရာ အကျိုးဆောင်တောင်သူများ၏ မိုးကောင်းသောက်ယာမြေများတွင်လည်း မြေဆီလွှာပြုပြင်ရေးလုပ်ငန်း သရုပ်ပြပညာပေးမှုများ ဆောင်ရွက်လျက်ရှိသည်။

စွန့်ပစ်သီးနှံ၊ စွန့်ပစ်အမှိုက်များမှ အီးအမ်ဘိုကာရှီ ပြုလုပ်သုံးစွဲနည်းနှင့် မြေဆီလွှာပြုပြင်ရေးအတွက် ဂျစ်ပဆန်(ကျောက်မှုန့်)မြေသြဇာ အသုံးပြုခြင်းလုပ်ငန်းများကို ဒေသအလိုက် အကျိုးဆောင်တောင်သူများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးအတွင်း မြို့နယ်များ၌ စမ်းသပ်ကွက်များတွင် ဂျစ်ပဆန်(ကျောက်မှုန့်) သဘာဝမြေသြဇာ ထည့်သွင်းခြင်းလုပ်ငန်းကို သုတေသနပြုဆောင်ရွက်ခဲ့ရာ ဒေသခံတောင်သူများ ကျေနပ်လက်ခံမှုများရှိနေကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဒီနှစ်ထဲမှာ မိုးရွာသွန်းမှုများတယ်။ ယာသီးနှံတွေ ထုတ်လုပ်မှုစရိတ်နဲ့ သီးနှံဈေးကွက်အရ အကျိုးအမြတ်နည်းပါးနေချိန်လည်း ဖြစ်ပါတယ်။ ဒီလိုအချိန်မှာ စိုက်ခင်းထွက်သီးနှံအမှိုက်တွေကို သဘာဝမြေဆွေး အီးအမ်ဘိုကာရှီပြုလုပ်ထားမယ်ဆိုရင် သွင်းအားစုစရိတ် သက်သာမယ်၊ ရေရှည်လည်း အကျိုးရှိနိုင်ပါတယ်။ အပေါ်ယံမြေဆီလွှာ တိုက်စားပြုန်းတီးမှုအတွက် ဂျစ်ပဆန်(ကျောက်မှုန့်)မြေသြဇာအသုံးပြုခြင်းကလည်း အလွန်ထိရောက်ပါတယ်။ ဒါ့ကြောင့် ကွင်းဆင်းအသိပညာပေး လုပ်ငန်းတွေကို ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်"ဟု မြို့သစ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဇော်လင်းက ပြောသည်။

ဂျစ်ပဆန် (ကျောက်မှုန့်)မြေသြဇာ အသုံးပြုခြင်းဖြင့် မြေပဲသီးနှံတွင် ဥ၊ အတောင့်များ အစေ့ အဆန် ပိုမိုပြည့်ဖြိုး၍ ယူနစ်အလေးချိန် ပိုများလာစေခြင်း၊ အထွက်နှုန်းတိုးခြင်း၊ မြေဆီလွှာများကို ထိန်းညှိပြုပြင်ပေးခြင်း၊ ရောဂါပိုးမွှားများ တိုက်ခိုက်ဖျက်ဆီးခြင်းမှ ခံနိုင်ရည်ရှိခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း မကွေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသိန်းလွင်ထံမှ သိရသည်။

ရေပြည့်ကျေးရွာမှ အကျိုးဆောင်တောင်သူ ဦးလင်းကြည်ကလည်း "ဂျစ်ပဆန်သုံးတဲ့အတွက် ယာသီးနှံတွေ မိုးရေဝပ်ဒဏ်ခံနိုင်တယ်။ သီးနှံအသိမ်အဖျင်း နည်းပါးပြီးတော့ အထွက်နှုန်းလည်း ပိုကောင်းလာတယ်"ဟု ပြောသည်။

ဂျစ်ပဆန်(ကျောက်မှုန့်) သဘာဝမြေသြဇာကို မြေပြင်သည့်အချိန်တွင် ထည့်သွင်းခြင်းသည် စွယ်ချချိန်တွင် ထည့်သွင်းခြင်းထက် အထွက်နှုန်းပိုမိုထွက်ရှိကြောင်း လက်တွေ့ဆောင်ရွက်ချက်များအရ သိရှိရပြီး ယာမြေများတွင်သာမက နိုင်ငံတစ်ဝန်းရှိ စပါးစိုက်လယ်မြေများမှာ ကန့်ဓာတ်ချို့တဲ့တတ်သဖြင့် ဂျစ်ပဆန်အသုံးပြုပေးပါက စပါးအထွက် ခုနစ်ရာခိုင်နှုန်းမှ ၂၆ ရာခိုင်နှုန်းထိ အထွက်တိုးနိုင်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြေချဉ်ငန်ဓာတ် (၇)အထက်ရှိသော မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးများတွင် သွပ်ဓာတ်ချို့တဲ့တတ်သဖြင့် သွပ်ဓာတ်အားဖြည့်ပေးနိုင်သော ဇီဖာမြေသြဇာများကို အသုံးပြုမှုများလည်းရှိကြောင်း သိရသည်။
**ဇေယျာတု(မကွေး)**

# မြင်းမူမြို့နယ်အတွင်း ရေမီတာသုံး ကျေးရွာပိုက်လိုင်းရေပေးဝေရေးစနစ် ပြည်သူ-ကျေးလက်-ယူနီဆက်ဖ် ပူးပေါင်းအစီအစဉ်ဖြင့် ဆောင်ရွက်နေ

**မြင်းမူ အောက်တိုဘာ ၁၄**
မြင်းမူမြို့နယ်အတွင်း ကျေးလက်ဒေသများ၌ ဒေသခံပြည်သူများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ယူနီဆက်ဖ်တို့ပူးပေါင်း၍ ပြည်သူ-ကျေးလက်-ယူနီဆက်ဖ် အစီအစဉ်ဖြင့် ရေမီတာသုံး ကျေးရွာပိုက်လိုင်းရေပေးဝေရေးစနစ် တည်ဆောက်ရေးလုပ်ငန်း စီမံကိန်း ဆောင်ရွက်နိုင်ရန်အတွက် ယူနီဆက်ဖ် တာဝန်ခံများက မြင်းမူမြို့နယ် လက်ထုတ္တောကျေးရွာသို့ အောက်တိုဘာ ၁၂ ရက်က ကွင်းဆင်းလေ့လာခဲ့ကြောင်း သိရသည်။

ကျေးရွာ ပိုက်လိုင်းရေပေးဝေခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် ကျေးရွာနေပြည်သူများ၏ စိတ်ပါဝင်စားမှု လိုလားမှု အခြေအနေတို့ကို ယူနီဆက်ဖ်တာဝန်ခံများက လက်ထုတ္တောကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများ၊ ကျေးရွာရေကော်မတီများနှင့် ဆွေးနွေးကာ လိုအပ်သည်များကို ရှင်းလင်းပြောကြားပြီး လက်ရှိဆောင်ရွက်ထားရှိသည့် စက်ရေတွင်းနှင့် အမြင့်တင်ရေစင်တို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

လက်ထုတ္တောကျေးရွာ၌ လက်ရှိသောက်သုံးရေ ရရှိသုံးစွဲနေမှုအခြေအနေ၊ ရယူသုံးစွဲသည့် ရေအရင်းအမြစ်၊ လက်ရှိအိမ်ခြေနှင့်လူဦးရေ၊ ကျေးရွာရေကော်မတီဖွဲ့စည်းပြီး လုပ်ငန်းဆောင်ရွက်နိုင်မှု၊ ရေမီတာသုံးစနစ်အတွက် ဆုံးဖြတ်ခြင်း၊ ရေစင်လိုအပ်ပါက တည်ဆောက်ခြင်း၊ ပိုက်ကူးပိုက်ဆက်နှင့် ရေမီတာများဝယ်ယူခြင်း၊ ပိုက်လိုင်းမြောင်းတူးခြင်း၊ ပိုက်လိုင်းသွယ်တန်းခြင်းနှင့် ရေမီတာတပ်ဆင်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းကို အောက်တိုဘာ ၁ ရက်မှ စတင်အကောင်အထည်ဖော်လျက်ရှိရာ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အတွင်း ပြီးစီးအောင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်သူ-ကျေးလက်-ယူနီဆက်ဖ် စီမံကိန်းအစီအစဉ်အရ ရေတွင်းပိုက်နှင့် ရေဖြန့်ဝေပိုက်လိုင်းများ၊ မိုနိုတွင်းများအတွက် မိုနိုပန့်များကို ယူနီဆက်ဖ်မှ ကူညီပံ့ပိုးပေးသွားမည်ဖြစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေစင်နှင့်ပိုက်လိုင်းဒီဇိုင်းများ ပြုစုပေးခြင်း၊ ပိုက်လိုင်းသွယ်တန်းခြင်းနှင့် ရေမီတာတပ်ဆင်ခြင်းလုပ်ငန်းအရည်အသွေးပိုင်းဆိုင်ရာကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။
(၀၇၇)

# စက်မှုလယ်ယာဝန်ဆောင်မှု ရှေ့တန်းစခန်း ကလေးမြို့နယ်၌ စတင်ဖွင့်လှစ်

**ကလေး အောက်တိုဘာ ၁၄**
လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းကျင့်သုံးရေးကိုရည်ရွယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနက ကလေးမြို့နယ် ထိုမာစက်မှုလယ်ယာစံပြကျေးရွာ၌ စက်မှုလယ်ယာဝန်ဆောင်မှု ရှေ့တန်းစခန်းကို အောက်တိုဘာ ၁၁ ရက်က ဖွင့်လှစ်ခဲ့သည်။



စက်မှုလယ်ယာဝန်ဆောင်မှု ရှေ့တန်းစခန်းကို အမှတ်(၂)စက်မှုလယ်ယာစခန်း ကလေးမြို့မှ ခရိုင်ဦးစီးဌာနမှူး ဦးလှဌေးနှင့် မြို့နယ်ဦးစီးအရာရှိ ဦးဆန်းလင်းတို့က ဖွင့်လှစ်ပေးခဲ့ပြီး ကလေးမြို့၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်၊ လယ်ယာလုပ်ငန်းခွင်တွင် အများဆုံးကြုံတွေ့နေရသော လယ်ယာလုပ်သားရှားပါးခြင်းကို စက်ကိရိယာများ အစားထိုးဖြေရှင်းခြင်းဖြင့် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ အမြန်ဆုံးကူးပြောင်းနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ခရိုင်ဦးစီးဌာနမှူးက ပြောသည်။

ထိုမာစံပြကျေးရွာတွင် မိုးစပါး၊ ပြောင်း၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံစသည်ဖြင့် စိုက်ပျိုးလယ်ယာမြေ စုစုပေါင်း ၁၁၂၃၆ ဧကကို စိုက်ပျိုးရာတွင် လယ်ယာမြေအတွင်း စက်ကိရိယာများအသုံးပြုကြပြီး ထွန်စက်ကြီး ခြောက်စီး၊ လက်တွန်းထွန်စက် ၂၃၀၈ စီး၊ ရိတ်သိမ်းခြွေလှေ့စက်လေးစီးတို့ ပိုင်ဆိုင်ကြကြောင်း၊ စက်မှုလယ်ယာဝန်ဆောင်မှု ရှေ့တန်းစခန်းအနေဖြင့် ထွန်စက်ကြီး ငါးစီး၊ ရိတ်သိမ်းခြွေလှေ့စက်တစ်စီးတို့ဖြင့် ဝန်ဆောင်မှုများပေးမည်ဖြစ်ကြောင်း သိရသည်။

ကလေးမြို့နယ်၌ လယ်ယာမြေလုပ်ငန်းခွင်များတွင် တစ်နေ့တခြား ကျွဲ၊ နွားနှင့် လုပ်သားအင်အား ရှားပါးခက်ခဲလာမှု၊ ရာသီဥတု ဖောက်လွဲဖောက်ပြန်ဖြစ်မှုများကြောင့် တောင်သူများအနေဖြင့် ဆုံးရှုံးမှုများမဖြစ်ပေါ်စေရန်အတွက် မိမိတို့ ရေမြေသဘာဝနှင့်ကိုက်ညီသော လယ်ယာသုံးစက်ကိရိယာများ အစားထိုးသုံးစွဲပြီး စက်မှုလယ်ယာစနစ်သို့တစ်ဆင့်ပြီးတစ်ဆင့်ပြောင်းလဲ လုပ်ကိုင်သွားနိုင်ရန် စက်မှုလယ်ယာဦးစီးဌာနက အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဂျူနိုင်း**

# ဆမ်ဆောင်းမှ Galaxy Note7 ထုတ်လုပ်ရောင်းချခြင်းကို ကမ္ဘာတစ်ဝန်းတွင် ရပ်ဆိုင်း

**ရန်ကုန် အောက်တိုဘာ ၁၄**

ဆမ်ဆောင်း၏ နောက်ဆုံးထွက် Galaxy Note7 ဖုန်းများတွင် ဘက်ထရီမီးလောင်သည့်ပြဿနာများ ဖြစ်ပွားခဲ့ပြီးနောက် အသစ်လဲလှယ်ပေးသော ဖုန်းအချို့တွင်ပါ ဘက်ထရီမီးလောင်မှုအချို့ ထပ်မံကြုံတွေ့ခဲ့ရသဖြင့် ဆမ်ဆောင်းက Galaxy Note7 ဖုန်း ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းနှင့် လဲလှယ်ပေးခြင်းတို့ကို ကမ္ဘာတစ်ဝန်းတွင် လုံးဝရပ်တန့်လိုက်တော့မည်ဖြစ်ကြောင်း အောက်တိုဘာ ၁၁ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

မူလရောင်းချသော Galaxy Note7 ဖုန်းများကို ကိုင်ဆောင်သူများဖြစ်စေ၊ ပြန်လည်လဲလှယ်ထားသည့် Galaxy Note7 ဖုန်းကို ကိုင်ဆောင်သူများဖြစ်စေ ကမ္ဘာတစ်ဝန်းလုံးမှ Note 7 ဖုန်းသုံးသူများအနေဖြင့် ဖုန်းများသုံးစွဲနေခြင်းကို ရပ်တန့်ကာ ပါဝါပိတ်ထားသင့်ပြီး မိမိတို့၏ ဈေးကွက်အလိုက် Samsung မှ ပေးအပ်သော အစီအစဉ်များကို ရယူသင့်သည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံမှ Galaxy Note7 ဖုန်းကိုင်ဆောင်ထားသူများအနေဖြင့် Galaxy S7edge ဖြင့် လဲလှယ်ကာ တန်ဖိုးကွာခြားချက်အတွက် ကျပ်ငါးသောင်း ခန့်တန်ဖိုးရှိ Samsung Original Battery Pack 5200 mAh နှင့် အခြားလက်ဆောင် ပစ္စည်းများကို ရရှိမည့် အစီအစဉ်ကိုဖြစ်စေ၊ Galaxy Note7 ဖုန်းကို ဝယ်ယူခဲ့သော Samsung Brand Shop တွင် ဆက်စပ်ပစ္စည်းများနှင့်တကွ ပြန်လည်အပ်နှံကာ ဖုန်းစတင်ဝယ်ယူရန်ဆောင်ရွက်ခဲ့သည့် ကမ္ဘောဇဘဏ်ခွဲမှ တစ်ဆင့် ပြန်အမ်းငွေအပြည့် ပြန်လည်ထုတ်ယူခြင်းကိုဖြစ်စေ ရွေးချယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

သုံးစွဲသူများ၏ လုံခြုံရေးသည် ဆမ်ဆောင်း၏ အဓိကဦးစားပေးဖြစ်သည့်အတွက် Galaxy Note7 များ ရောင်းချခြင်း၊ လဲလှယ်ခြင်းနှင့် ထုတ်လုပ်ခြင်းတို့ကို လုံးဝရပ်တန့်လိုက်ခြင်းဖြစ်ကြောင်းနှင့် လက်ရှိတွင် ဖြစ်ပေါ်နေသည့် အခြေအနေကိစ္စရပ်များနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရန် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းလည်း ဆမ်ဆောင်း၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

**သူရဖြိုး**

# ဈေးနှုန်းသက်သာသော 4G ဟန်းဆက်မော်ဒယ်သစ် တယ်လီနောမြန်မာမှ စတင်မိတ်ဆက်

**ရန်ကုန် အောက်တိုဘာ ၁၄**

ပြည်တွင်းမှ စမတ်ဖုန်းအသုံးပြုသူများအတွက် 4G အင်တာနက်ကို အသုံးပြုနိုင်ပြီး လစဉ် အင်တာနက်ဘောနပ်စ်အစီအစဉ်များလည်း ပါဝင်ကာ ဈေးနှုန်းလည်းချိုသာသည့် စမတ်ဖုန်းဟန်းဆက်မော်ဒယ်သစ် T500 4G ကို တယ်လီနောမြန်မာက အောက်တိုဘာ ၁၀ ရက်က စတင်မိတ်ဆက်ခဲ့သည်။

T500 4G ဟန်းဆက်သည် မျက်နှာပြင်အကျယ် ငါးလက်မရှိပြီး 2.5D arc glass screen အသုံးပြုထားကာ ခေတ်ဆန်၍ ပါးလွှာသောဒီဇိုင်းဖြင့် ပြုလုပ်ထားသည်။ နောက်ကင်မရာမှာ hi-res ၈ မဂ္ဂါပစ်ဇယ်ရှိပြီး ရှေ့ကင်မရာမှာ ၅မဂ္ဂါပစ်ဇယ်ရှိကာ ဘက်ထရီမှာ စွမ်းဆောင်ရည်မြင့်မားသော 2700 mAh Li-Polymer ဘက်ထရီကို အသုံးပြုထားသည်။ RAM 1GB နှင့် အင်တာနယ်မင်မိုရီ 8GB ပါဝင်ကာ ဆင်းကတ်နှစ်ကတ် ထည့်သွင်းအသုံးပြုနိုင်မည်ဖြစ်သည်။

T500 4G ဟန်းဆက်တွင် သုံးစွဲသူများအတွက် ၁၈ လ အာမခံ ပါဝင်သလို တစ်လလျှင် အင်တာနက်ဒေတာ 1GB အခမဲ့သုံးစွဲခွင့်ကိုလည်း ခြောက်လဆက်တိုက် ရရှိမည်ဖြစ်ကြောင်း၊ ကိုယ်ထည်အရောင်မှာ ရွှေရောင်နှင့် မီးခိုးရောင်နှစ်မျိုးရှိပြီး ဈေးနှုန်းမှာ ကုန်သွယ်လုပ်ငန်းခွန်အပါအဝင် ကျပ် ၁၁၀၀၀၀ သာကျသင့်မည်ဖြစ်ကြောင်း သိရသည်။ တယ်လီနောသည် ပြည်တွင်းဈေးကွက်၌ 3G အင်တာနက်အသုံးပြုနိုင်ပြီး ဈေးနှုန်းချိုသာသော T100M၊ T200M၊ T300M၊ T400M နှင့် T600M ဟန်းဆက်များကိုလည်း မိတ်ဆက်ထားပြီးဖြစ်ကာ ယခု 4G ဟန်းဆက်ကို ပထမဆုံး မိတ်ဆက်ခြင်းဖြစ်သည်။

**သူရဖြိုး**




## New Product

# နိုင်ငံတကာ ဈေးကွက်နဲ့အပြိုင် ပြည်တွင်းဝင်ရောက်လာတဲ့ စမတ်ဖုန်းသစ် Xiaomi Mi5s Plus

Mi5s Plus ဟာ Xiaomi ရဲ့နောက်ဆုံးထွက် စမတ်ဖုန်းမော်ဒယ်သစ်ဖြစ်ပြီး နိုင်ငံတကာဈေးကွက်မှာ အောက်တိုဘာလဆန်းပိုင်းက စဖြန့်ခဲ့ပါတယ်။ နိုင်ငံတကာဈေးကွက်မှာ ထွက်ပြီး သိပ်မကြာခင်မှာပဲ ယခု ပြည်တွင်းဈေးကွက်မှာပါ ဝယ်ယူနိုင်ပြီဖြစ်ပါတယ်။




Mi5s Plus ဟာ မျက်နှာပြင်အကျယ် ၅ ဒသမ ၇ လက်မရှိပြီး IPS LCD capacitive မျက်နှာပြင်ကို အသုံးပြုထားပါတယ်။ Resolution 1080x1920 pixels ရှိလို့ ရုပ်ထွက်ပိုင်းအရည်အသွေး မြင့်မားပါတယ်။ ကင်မရာပိုင်းမှာ ၁၂ မဂ္ဂါပစ်ဇယ်ရှိတဲ့ Dual ကင်မရာနဲ့ Dual LED, autofocus, Phase detection စတဲ့ လုပ်ဆောင်ချက်တွေပါဝင်ပြီး ဗီဒီယိုကိုလည်း 2160 pixels အရည်အသွေးအထိ ရိုက်ကူးနိုင်ပါတယ်။ နောက်ကင်မရာကတော့ ၄မဂ္ဂါပစ်ဇယ်ပဲရှိလို့ တခြား မော်ဒယ်မြင့်ဖုန်းတွေနဲ့ယှဉ်ရင် အနည်းငယ် နိမ့်နေပါတယ်။

အန်းဒရွိုက်ဗားရှင်းက 6.0(Marshmallow)ကို အသုံးပြုထားပြီး Quad-core CPU ပါဝင်ကာ RAM နဲ့ အင်တာနယ်မင်မိုရီပါဝင်မှုကတော့ အတော်လေးမြင့်မားပါတယ်။ RAM 4GB, အင်တာနယ်မင်မိုရီ 64GB Edition နဲ့ RAM 6GB, အင်တာနယ်မင်မိုရီ 128GB Edition လို့ နှစ်မျိုးထွက်ထားပါတယ်။ မင်မိုရီကတ်ထပ်စိုက်သုံးလို့တော့ မရတာကတော့ အားနည်းချက်တစ်ခုဖြစ်ပါတယ်။ ဘက်ထရီပိုင်းမှာတော့ 3800 mAh ဘက်ထရီဖြစ်လို့ စွမ်းရည်မြင့်တဲ့အပြင် အလျင်အမြန်အားသွင်းနိုင်တဲ့ Quick Charge 3.0 လုပ်ဆောင်ချက် ပါဝင်ပါတယ်။ လက်ဗွေနဲ့ဖွင့်/ပိတ်နိုင်တဲ့ Finger Print စနစ်လည်း ပါဝင်ပါတယ်။

ဆင်းကတ်နှစ်ကတ် အသုံးပြုနိုင်ပြီး မိုဘိုင်းနက်ဝပ်က GSM နဲ့ အင်တာနက်နက်ဝပ်ကတော့ 3G နဲ့ 4G(LTE)အထိ ထောက်ပံ့ပေးထားပါတယ်။ ကိုယ်ထည်အရောင်အနေနဲ့ ငွေရောင်၊ မီးခိုးရောင်၊ ရွှေရောင်နဲ့ Rose Gold လို့ အရောင်လေးမျိုး ထွက်ရှိထားပြီး ဈေးနှုန်းက RAM 4G edition အတွက် ၄၇၀၀၀၀ ကျပ်နဲ့ RAM 6GB edition အတွက် ၅၄၀၀၀၀ ကျပ်ဖြစ်ပါတယ်။

**သူရဖြိုး**

# ဆင်းကတ်များကို အွန်လိုင်းမှ မှတ်ပုံတင်သည့်အခါ

ပြည်တွင်းမှ ဖုန်းအသုံးပြုနေသူတိုင်း၏ ဆင်းကတ်များကို မှတ်ပုံတင်ကြရန်အတွက် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ဩဂုတ်လအတွင်းက စတင်ညွှန်ကြားခဲ့ပြီးနောက် အော်ပရေတာများအနေဖြင့် ဆင်းကတ်အသုံးပြုသူများ မှတ်ပုံတင်ရလွယ်ကူစေရန် နည်းအမျိုးမျိုးဖြင့် ဆောင်ရွက်ပေးလာကြသည်။ စတင်ကြေညာခဲ့သည့် ဩဂုတ်လအတွင်းမှစ၍ အော်ပရေတာများ၏ Brand Shop များ၊ ထိုမှတစ်ဆင့် လက်လီဆိုင်များတွင် ဆင်းကတ်မှတ်ပုံတင်လုပ်ပေးနိုင်သည်အထိ ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ အွန်လိုင်းမှတစ်ဆင့်ပါ မှတ်ပုံတင်နိုင်ရန် အော်ပရေတာများက ဆောင်ရွက်ပေးခဲ့ကြသည်။ အူရီဒူးမြန်မာက စက်တင်ဘာ ၂၁ ရက်တွင် အွန်လိုင်းမှ ဆင်းကတ်မှတ်ပုံတင်ခြင်းကို ပထမဆုံး စတင်ဆောင်ရွက်ပေးနိုင်ခဲ့သည်။ အူရီဒူးဆင်းကတ်အသုံးပြုသူများသည် ဆင်းကတ် မှတ်ပုံတင်ထားခြင်းရှိမရှိကို *666# သို့ ခေါ်ဆိုစစ်ဆေးနိုင်ပြီး မှတ်ပုံတင်ထားခြင်းမရှိပါက အွန်လိုင်းတွင် ကိုယ်တိုင်မှတ်ပုံတင်နိုင်ရန် လင့်ခ် Link တစ်ခုကို စာတိုပြန်ပို့ပေးကာ အဆိုပါ Link မှတစ်ဆင့် မှတ်ပုံတင်ပြုလုပ်နိုင်မည်ဖြစ်သည်။

အွန်လိုင်းမှမှတ်ပုံတင်ရာတွင် အရှေ့နှင့် အနောက်ဘက်မှ ရိုက်ထားသော နိုင်ငံသားစိစစ်ရေးကတ်ပြား၏ ဓာတ်ပုံဖိုင်ကို ပူးတွဲပေးပို့ကာ စည်းမျဉ်း စည်းကမ်းများအတိုင်း ဆင်းကတ်မှတ်ပုံတင်ခြင်းကို ပြုလုပ်နိုင်သည်။ မြန်မာနိုင်ငံတွင် တရားဝင်နေထိုင်သော နိုင်ငံခြားသားများအနေဖြင့်လည်း ဓာတ်ပုံရိုက်ထားသော ဗီဇာဖြင့် ဆင်းကတ်မှတ်ပုံတင် ပြုလုပ်နိုင်သည်။

ထို့သို့ မှတ်ပုံတင်ပြီးနောက် အောင်မြင်စွာ မှတ်ပုံတင်ခြင်းပြီးစီးကြောင်း အကြောင်းကြားသည့် စာတိုတစ်စောင်ကို လက်ခံရရှိမည်ဖြစ်သည့်အပြင် အွန်လိုင်းမှတစ်ဆင့် မှတ်ပုံတင်ခြင်းဖြင့် အူရီဒူးမှပေးသည့် ဆုလက်ဆောင်များလည်း ရရှိမည်ဖြစ်သည်။ အွန်လိုင်းမှ ဆင်းကတ်မှတ်ပုံတင်ခြင်းမှာ မှတ်ပုံတင်လုပ်မည့်သူအနေဖြင့် အလွယ်တကူ ၂၄ နာရီပတ်လုံး ပြုလုပ်နိုင်သဖြင့် အသုံးပြုသူများအတွက် များစွာအဆင်ပြေစေသည်။

အူရီဒူးနည်းတူ တယ်လီနောကလည်း အောက်တိုဘာလဆန်း၌ ဆင်းကတ်များကို အွန်လိုင်းမှတစ်ဆင့် ကိုယ်တိုင်မှတ်ပုံတင်နိုင်ရန်အတွက် ဝက်ဘ်ဆိုက်၊ တယ်လီနောမြန်မာ၏ မိုဘိုင်းလ်အက်ပလီကေးရှင်း၊ Facebook နှင့် Viber များမှတစ်ဆင့်မှတ်ပုံတင်နိုင်မည့် နည်းလမ်းများကိုမိတ်ဆက်ခဲ့သည်။

အွန်လိုင်းမှတစ်ဆင့်မှတ်ပုံတင်ရန်အတွက် တယ်လီနောအသုံးပြုသူများအနေဖြင့် http://ecaf.telenor.com.mm လိပ်စာမှတစ်ဆင့်လည်းကောင်း၊ မိုဘိုင်းလ်အက်ပလီကေးရှင်းမှတစ်ဆင့် မှတ်ပုံတင်ရန်အတွက် အန်းဒရွိုက်ဖုန်းဖြစ်စေ အိုင်ဖုန်းဖြစ်စေ My Telenor app ကိုhttp://bit.ly/mytelenor240 တွင် ဒေါင်းလုတ်ရယူ၍လည်းကောင်း၊ တယ်လီနောမြန်မာ၏ ဖေ့စ်ဘုတ်စာမျက်နှာကို တိုက်ရိုက်မက်ဆေ့ချ်ပေးပို့၍ ဆင်းကတ်မှတ်ပုံတင်ရန် မေးမြန်းခြင်းကိုလည်းကောင်း၊ တယ်လီနောမြန်မာ၏ Viber public chat တွင် မေးမြန်း၍လည်းကောင်း ဆင်းကတ်မှတ်ပုံတင်များကို ပြုလုပ်နိုင်ရန် ဆောင်ရွက်ပေးခဲ့သည်။

မြန်မာ့ဆက်သွယ်ရေး MPT အနေဖြင့်လည်း ဆင်းကတ်မှတ်ပုံတင်ကို အွန်လိုင်းမှပြုလုပ်နိုင်ရန် စီစဉ်လျက်ရှိကြောင်း သတင်းများထွက်နေပြီး ယနေ့ အောက်တိုဘာ ၁၃ ရက်တွင် MPT ၏ ဆင်းကတ်မှတ်ပုံတင်နိုင်သော အွန်လိုင်းလိပ်စာဟု Link တစ်ခု လူမှုကွန်ရက်တွင် ပြန့်လာခဲ့သည်။ အဆိုပါ Link မှာ https://care.mpt.com.mm ဟုဖြစ်သော်လည်း စမ်းသပ်ကြည့်သူများက အဆင်မပြေသေးကြောင်းနှင့် Link ကိုဖွင့်ကြည့်လျှင် မရကြောင်း ပြောသည်။

ဆင်းကတ်များကို အွန်လိုင်းမှ မှတ်ပုံတင်ပြုလုပ်ရာတွင် အဓိကလိုအပ်ချက်မှာ မှတ်ပုံတင်ပြုလုပ်မည့်သူ၏ နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့် နိုင်ငံသားစိစစ်ရေးကတ်၏ ဓာတ်ပုံများဖြစ်သည်။ အော်ပရေတာများက အသုံးပြုနေသူများ အဆင်ပြေစေရန် ဆောင်ရွက်ပေးခြင်းကြောင့် လွယ်ကူစွာ မှတ်ပုံတင်ပြုလုပ်လာနိုင်သည်နှင့်အမျှ မူလရည်ရွယ်ချက်ကို အားနည်းလာစေသည်။ ဆင်းကတ်များ ကို မှတ်ပုံတင်ပြုလုပ်စေခြင်း၏ အဓိကရည်ရွယ်ချက်မှာ ဆင်း ကတ်အသုံးပြုသူများအနေဖြင့် တာဝန်ယူ၊ တာဝန်ခံမှု ရှိစေရန်ဖြစ်ရာ ထိုသို့ အွန်လိုင်း မှတ်ပုံတင်ကို လွယ်ကူစွာ ပြုလုပ်နိုင်ခြင်းက မှတ်ပုံတင်လုပ်မည့် ဖုန်းအသုံးပြုသူများအတွက် အဆင်ပြေစေသော်လည်း တစ်ဖက်တွင် အားနည်းချက်များ ရှိနေသည်။

အွန်လိုင်းမှ ဆင်းကတ်မှတ်ပုံတင် ပြုလုပ်မည့်သူများအနေဖြင့် မိမိတို့၏ နိုင်ငံသားစိစစ်ရေးကတ်အမှန်ကို အသုံးမပြုဘဲ အခြားသူများ၏ နိုင်ငံသားစိစစ်ရေးကတ် ဓာတ်ပုံများကို အသုံးပြု၍ မှတ်ပုံတင်ပြုလုပ်နိုင်သည့် အခြေအနေများ ရှိလာခြင်းမှာ အားနည်းချက်ဖြစ်နေသည်။ မသမာသော ဆင်းကတ်မှတ်ပုံတင်ပြုလုပ်လိုသူများအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် အင်တာနက်ပေါ်တွင် တင်ထားသော နိုင်ငံသားစိစစ်ရေးကတ်များ၏ ဓာတ်ပုံများကိုလည်းကောင်း၊ သို့မဟုတ် မိမိတို့ပတ်ဝန်းကျင်မှ အခြားလူများ၏ နိုင်ငံသားစိစစ်ရေးကတ် ဓာတ်ပုံကို တစ်နည်းနည်းဖြင့် ရယူ၍လည်းကောင်း အွန်လိုင်းမှ ဆင်းကတ်မှတ်ပုံတင်ခြင်းကို ပြုလုပ်နိုင်သည့် အခြေအနေများ ရှိနေခြင်းက ဆင်းကတ်များ မှတ်ပုံတင်ပြုလုပ်ခြင်း၏ မူလရည်ရွယ်ချက်ဖြစ်သည့် တာဝန်ယူမှု တာဝန်ခံမှုရှိစေရန် အချက်ကို မရေမရာ ဖြစ်သွားစေနိုင်ဖွယ်ရှိသည်။

**ဆင်းကတ်များကို မှတ်ပုံတင်ပြုလုပ်စေခြင်း၏ အဓိကရည်ရွယ်ချက်မှာ ဆင်းကတ်အသုံးပြုသူများအနေဖြင့် တာဝန်ယူ၊ တာဝန်ခံမှု ရှိစေရန်ဖြစ်ရာ ထိုသို့ အွန်လိုင်းမှတ်ပုံတင်ကို လွယ်ကူစွာ ပြုလုပ်နိုင်ခြင်းက မှတ်ပုံတင်လုပ်မည့် ဖုန်းအသုံးပြုသူများအတွက် အဆင်ပြေစေသော်လည်း တစ်ဖက်တွင် အားနည်းချက်များ ရှိနေသည်**

ထိုမျှမက ဆင်းကတ်မှတ်ပုံတင်ပြုလုပ်ရာတွင် ဆင်းကတ်တစ်ခုကို အမှန်တကယ်အသုံးပြုနေသူက မိမိ၏ နိုင်ငံသားစိစစ်ရေးကတ်အမှန်ဖြင့် ဆင်းကတ်မှတ်ပုံတင်မပြုလုပ်ဘဲ အခြားတစ်ဦး၏ နိုင်ငံသားစိစစ်ရေးကတ်ကို တစ်နည်းနည်းဖြင့် အလွဲသုံးစားပြု၍ မှတ်ပုံတင်ပြုလုပ်လိုက်သည့်အခါ နောင်တစ်ချိန်တွင် အဆိုပါဆင်းကတ်ကြောင့် ပြဿနာတစ်ခုခု ရှိလာပါက အလွဲသုံးစားပြုခံရသော နိုင်ငံသားစိစစ်ရေးကတ်ပိုင်ရှင်အနေဖြင့် ထိုပြဿနာများကို တာဝန်ခံဖြေရှင်းရမည့် အလားအလာများရှိနေခြင်းမှာလည်း ပို၍ဆိုးသည့် အချက်တစ်ခုဖြစ်သည်။

သို့ဖြစ်၍ အော်ပရေတာများက ဝန်ဆောင်မှုကောင်းအောင်၊ လွယ်ကူအောင် ဆောင်ရွက်ပေးနေချိန်တွင် မိုဘိုင်းဖုန်းအသုံးပြုသူ ပြည်သူတိုင်းအနေဖြင့်လည်း ဆင်းကတ်မှတ်ပုံတင်ခြင်းနှင့်ပတ်သက်၍ ပိုမိုသိရှိရန် လိုအပ်လာသည်။ မိမိတို့၏ နိုင်ငံသားစိစစ်ရေးကတ်ကို အခြားသူများက အသုံးပြု၍ ဆင်းကတ်မှတ်ပုံတင် ပြုလုပ်သွားပါက နောင်ကြုံတွေ့ရနိုင်သည့် ပြဿနာများအကြောင်းကို ပြည်သူများအနေဖြင့် ပိုမိုသိရှိကာ မိမိတို့၏ နိုင်ငံသားစိစစ်ရေးကတ်များကို ပိုမိုဂရုစိုက်ထိန်းသိမ်းကြရန် လိုအပ်သလို အော်ပရေတာများအနေဖြင့်လည်း နိုင်ငံသားစိစစ်ရေးကတ်တစ်ခုဖြင့် မည်သည့်ဆင်းကတ်နံပါတ်များကို မှတ်ပုံတင်ပြုလုပ်ထားကြောင်း ပြည်သူများမှ စိစစ်နိုင်ရန် ဆောင်ရွက်ပေးနိုင်မည်ဆိုပါက နောင်ကြုံတွေ့ရမည့် ပြဿနာများကို ရှောင်ရှားနိုင်ကြလိမ့်မည်ဖြစ်သည်။ ။

**ဆောင်းပါး-သူရဖြိုး**




သီတင်းကျွတ် အထူးအစီအစဉ်အဖြစ် BMW ၏ xDrive နည်းပညာ (The intelligent all-wheel drive system) ပါဝင်သည့် နောက်ဆုံးပေါ် **The all-new BMW X1 xDrive20i** Brand New ကားကို **Downpayment ကျပ် (၃၉၉) သိန်းပေးသွင်းပြီး လစဉ် ကျပ် (၃၉.၉၉) သိန်းအား (၂၄) လသွင်းရုံဖြင့်** ပိုင်ဆိုင်နိုင်ပါပြီ။

* 3 years Warranty (ကီလိုမီတာ အကန့်အသတ်မရှိ)
* 3 years Maintenance အပါအဝင်

အရေအတွက် အကန့်အသတ်ဖြင့်သာ ရောင်းချမည် ဖြစ်ပါသည်။

**The all-new BMW X1**ကို စမ်းသပ်မောင်းနှင်ရန်အတွက် ရန်ကုန်မြို့ ပြည်လမ်းနှင့် နာနတ်တောလမ်းထောင့်ရှိ BMW Showroom နှင့် မန္တလေးမြို့ ရွှေမန်းတောင် Golf Club ရှိ BMW Pavilion Mandalay သို့ လှမ်းခဲ့ဖို့ ဖိတ်ခေါ်အပ်ပါသည်။


LED headlights with extended contents


Parking Assistant


Sport seat with Lumbar support

**Prestige Automobiles Co.,Ltd. The Exclusive Authorised BMW Dealer in Myanmar.**
**Yangon:** 01- 2306133 **Mandalay:** 09-78888 2089 www.facebook.com/BMWPAC


ချစ်ခင်ရသူတွေနဲ့ အတူရှိနေခြင်းဟာ
သီတင်းကျွတ်အတွက် အကောင်းဆုံးလက်ဆောင်ပါ...
Ensure Life နှင့် ခွန်အားပြည့်ဝစွာနေထိုင်ပါ
ENL290816M
PAHTAMA GROUP
Abbott Nutrition
Careline
01-8551428
09 260 35 62 62
abbottnutrition@pahtama.com
Abbott

JUNCTION

သီတင်းကျွတ် အခါသမယမှာ

ချစ်ခင်လေးစားရတဲ့ လူကြီးမိဘ ဆရာသမားများအတွက်

# အကောင်းဆုံးသော သီတင်းကျွတ်လက်ဆောင်




AVAILABLE

@

EVERY JUNCTION CENTRE

celebration wedding birthday

www.facebook.com/junctionshoppingcentre www.junctioncentregroup.com

---

**ချာချီးယား ဒဂုံမြို့သစ်**

အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်း များရှိမြေကွက်များကို ဈေးကောင်းပေးဝယ်သည်။

09-450026077
09-510 1862

---

**အောင်ပြည့်စုံ**

အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း မြို့တွင်း / နယ်ဝေးများအတွက် ဈေးနှုန်းချိုသာစွာဖြင့် Box ကား မျိုးစုံဖြင့် အလုပ်သမားစီစဉ်ပေးသည်။

09-250095114
09-421041338
09-73224763

---

Tah Lee Gold

ရွှေဆိုတာ မရိုဝမ်းစာ၊ ရိုတန်ဆာ...............

**စိန်ရွှေရတနာဆိုင်**

**သီတင်းကျွတ်မှာ ရွှေဝယ်ရင်း လက်ဆောင်ပစ္စည်းများ ရယူကြပါစို့။**




သီတင်းကျွတ်လပြည့်နေ့နှင့်တန်ဆောင်တိုင်လပြည့်နေ့ ဆိုင်ပိတ်ပါသည်။

ဆိုင်ဖွင့်ချိန် (9:00 မှ 6:30 အထိ)

အမှတ်(၇၅)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၅၂၆၂၁၄၊ ၅၁၂၉၂၂၊ ၅၀၅၁၄၄၊ ၅၁၂၆၉၆

---

## ဝန်ထမ်းအလိုရှိသည်(ရန်ကုန်/မန္တလေးတွင် ခန့်အပ်ရန်)

| | | |
|---|---|---|
| 1. Salemen | (အရောင်းဝန်ထမ်း | ➤150000 - 300000+++) |
| 2. Sale &Marketing Supervisor | (ဈေးကွက်ရှာဖွေရေး | ➤200000 - 500000+++) |
| 3. Manager | (မန်နေဂျာ | ➤200000 - 500000+++) |
| 4. In-Charge | (လုပ်ငန်းကြီးကြပ်ရေးမှူး | ➤150000 - 300000+++) |
| 5. Accountant | (စာရင်းကိုင်၊စာရင်းစစ် | ➤150000 - 500000+++) |
| 6. General Worker | (အထွေထွေဝန်ထမ်း(ကျား)၂၀ဦး) | ➤150000 - 250000+++) |

မှတ်ချက်။ ။ လုပ်ငန်းကျွမ်းကျင်မှုအပေါ်တွင် မူတည်၍ လစာခံစားခွင့် ရှိသည်။

**ဝင်းချယ်ရီ ကုမ္ပဏီလီမိတက်**

အမှတ် (၂၃၅)၊ အလယ်ရွှေဂုံတိုင်လမ်း၊ဗဟန်းမြို့နယ်၊(တော်ဝင် နှင်းဆီစားသောက်ဆိုင် အနီး၊ ဇန်ဒါပင် မှတ်တိုင်) လူကိုယ်တိုင် "CV Form ၊ဓာတ်ပုံ (၂)ပုံ၊ရပ်ကွက်နှင့် ရဲစခန်းထောက်ခံစာ" နှင့် အတူ လာရောက် လျှောက်ထားနိုင်ပါသည်။

E-mail လိပ်စာ winattention888@gmail.com သို့လည်း ပေးပို့ လျှောက်ထားနိုင်ပါသည်။

Interview ကို ပထမအကြိမ် အောက်တိုဘာလ 17/18/19 ဒုတိယအကြိမ် အောက်တိုဘာ 24/25/26 နံနက် (၁၀း၀၀) နာရီ မှ (၁၂း၀၀) နာရီအထိ (၆) ရက် ပြုလုပ်ပါမည်။

ဆက်သွယ်ရန် - 09 967294804 ,09 785147898, 09 961312109, 09 782417883 ,01 55 85 42 ,01 54 2844 (ရုံးချိန်တွင်းသာဆက်သွယ်ပါရန်)

---

နိုင်ငံတကာတက္ကသိုလ်ပေါင်း(၁၀၀)ကျော်၏ ပညာရေးသတင်းအချက်အလက်များကို တစ်နေရာတည်းတွင် ရယူနိုင်မည့်



# GLOBAL EDUCATION FAIR 2016

• အမေရိကန် • အင်္ဂလန် • ဩစတြေးလျ • စင်ကာပူ • ထိုင်းတို့ မှ တက္ကသိုလ်များပါဝင်မည်။

CROWN EDUCATION
Award Winning Company

**30 Oct(Sun),2016**
10:00 am - 1:00 pm
NOVOTEL HOTEL (PYAY ROOM)

ထူးချွန် ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ဆု ရရှိနိုင်မည့် အခွင့်အရေးများ

Call us : 01 527 838, 09 732 732 77, 09 730 40 688, 09 450 200 040




ဒဂုံမြို့သစ်
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊
မြောက်ပိုင်းများရှိ
မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉

Taxi ပိုင်ရှင်များအတွက်အပိုဝင်ငွေ

ကြော်ငြာ Sticker မှန်ကန်စွာကပ်ခြင်းဖြင့်
အပိုဝင်ငွေ ၂သိန်း ၅သောင်း အား
တစ်နှစ်အတွင်း အရစ်ကျရယူပါ။
(ကြော်ငြာအတွက်သင့်တော်သော
မည်သည့် Taxi မဆို)
Ph:09-420050111, 09-420050222

